
ရွှန်းရမိမိုး
လရောင်အေးရိပ် ချွေးတိတ်ပါစေ ချစ်သူ


ရွှန်းရမိမိုး
လရောင်အေးရိပ် ချေးတိတ်ပါစေချစ်သူ
၂၀၁၄ခုနှစ်၊ မတ်လ၊ ပထမအကြိမ်
တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset
အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃
ရွှန်းရမိမိုး
လရောင်အေးရိပ်ချေးတိတ်ပါစေချစ်သူ၊ ရွှန်းရမိမိုး(ရန်ကုန်)
စေတနာစာပေ၊ ၂၀၁၄
၂၄၀-စာ၊ ၅×၇
(၁) လရောင်အေးရိပ်ချေးတိတ်ပါစေချစ်သူ

# ရွှန်းရမီမိုး



## လရောင်အေးရိပ်
## ချွေးတိတ်ပါစေချစ်သူ



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။




ဒေါသစိတ် ကြီးတဲ့သူဟာ ဘယ်တော့မှ သူ့ဒေါသကို မထိန်းချုပ်နိုင်သလို လောဘစိတ်ကြီးတဲ့ သူဟာလည်း သူ့လောဘကို သူကိုယ်တိုင် ထိန်းချုပ်ဖို့တောင် မလွယ်ပါဘူး။

အဲလိုပဲ ဆေးနဲ့တွန့်တိုတတ်သူ တစ်ယောက် ရက်ရောလာဖို့ ဆိုတာလည်း သိပ်မလွယ်ဘူး။

ဗီဇ _။

လူတစ်ယောက်ရဲ့ ဗီဇဆိုတာကို ဘာသာရေးနဲ့ ဖျောက်မှ ပျောက်မည်။ ဒါတောင် ဘာသာရေးကို တော်တော်ကလေး လေ့လာလိုက်စားပြီးမှ သိလာပြီး ဖျောက်နိုင်၊ ပြင်နိုင်တာပါ။

တစ်အူတုံဆင်း အချင်းတစ်ခုတည်းနဲ့ မွေးလာတဲ့ အမြွှာတွေတောင်မှ အကြိုက်နဲ့စရိုက်၊ ဗီဇတွေ မတူကြပါဘူး။

---

ဒီတော့ ...

လူအချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် အဆင်ပြေပြေ နေချင်တယ်ဆိုရင် တစ်ယောက်သဘောကို တစ်ယောက် နားလည်။ တစ်ယောက်အထာကို တစ်ယောက်သိမှ အဆင်ပြေမှာပါ။ ကိုယ့်မှာ သူတစ်ပါးကို ထိခိုက်စေတဲ့ မကောင်းတဲ့အချက်ကလေးတွေ ရှိရင်လည်း ပြင်သင့်တာပြင်၊ ဖျောက်သင့်တာဖျောက်ရမှာပေါ့။ အထူးသဖြင့် ကိုယ်သိပ်ချစ်တဲ့ ကိုယ့်ချစ်သူနဲ့ အဆင်ပြေချင်တယ်ဆိုရင် ကိုယ့်မှာရှိတဲ့ ပြင်လို့ရတဲ့ အားနည်းချက်တွေကို ပြင်ရမှာပေါ့။ သူ့ရဲ့အားနည်းချက်တွေကိုလည်း ခွင့်လွှတ်နားလည်ပေးရမှာပေါ့။

အဲလိုမှ မဟုတ်ဘဲ အတ္တတွေ ကြီးနေကြမယ်ဆိုရင် သာယာလှပတဲ့ အချစ်တစ်ခု ဖြစ်လာမှာ မဟုတ်ဘူး။

ပြီးတော့ အချစ်ဆိုတာ အင်မတန်ပါးလွှာတဲ့ ဖန်ခွက်တစ်လုံးနဲ့လည်း တူတယ်။ သူ့ကို သေချာဂရုစိုက်ပြီး အသုံးပြုမှ အသုံးဝင်တာ။ ဖန်ခွက်ပါးပါးလေးတစ်လုံးကို ခပ်ကြမ်းကြမ်း ကိုင်တွယ်လိုက်မယ် ဆိုရင်တော့ အဲဒီဖန်ခွက်ကလေး ကျိုးပဲ့ကြေမွသွားမှာပေါ့။ ဒါပေမဲ့ အဲဒီဖန်ခွက်ကလေး ပျက်စီး





ချင်ရင် ခဏလေးနဲ့ ပျက်စီးသွားနိုင်ပေမယ့် အဲဒီဖန်ခွက်ကလေး တစ်လုံး ပုံပေါ်လာဖို့တော့ အချိန်ပေးပြီး ဖန်တီးခဲ့ရတယ်။

အဲဒီလိုပဲ အချစ်ဆိုတာကို ပုံဖော်ဖို့ နှလုံးသားက ရင်ခုန်သံတွေ အရင်းပြုပြီးတည်ဆောက်ခဲ့တာ မဟုတ်ဘူး။

ကျိုးပဲ့သွားတဲ့ ဖန်ခွက်တစ်လုံး ဘာမှသုံးမရတော့သလို အချစ်တစ်ခု ကျိုးပျက်သွားပြီ ဆိုရင်လည်း နှလုံးသားက အရမ်းကို နာကျင်ရတတ်ပါတယ်။ အဲဒါကြောင့် တန်ဖိုးရှိတဲ့ အချစ်ကို ဂရုစိုက်သင့်ပါတယ်။ အထူးသဖြင့် ကိုယ်တကယ်ချစ်မိပြီဆိုရင်ပေါ့။ အချစ်စစ်တို့မည်သည် ဖြောင့်ဖြူးရိုးထုံးစံ မရှိဆိုတဲ့ စကားကို ချစ်သူတိုင်း သတိထားသင့်ပါတယ်။ အခက်အခဲ အတားအဆီးတွေကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီးမှ ခံစားရတဲ့ အချစ်က တကယ့်ကို ချိုမြိန်ပါတယ်။ အဲဒါကြောင့် အချစ်ကို တန်ဖိုးထားသင့်ပါတယ်။

အချစ်တစ်ခု ရုပ်ဆိုးအောင် ဖျက်ဆီးတာလည်း လုပါပဲ၊ အချစ်တစ်ခု လှပအောင် ဖန်တီးတာလည်း လုပါပဲ။

ဖျက်ဆီးခြင်း အကြောင်းတရားတွေမှာ အခြေခံတရားသုံးခုပဲ ရှိတယ်။ အဲဒါက လောဘ ဒေါသ မောဟတဲ့။

အဲဒီတရားသုံးပါးကို ချုပ်ကိုင်ထားတာက အတ္တ။ အတ္တကြီးလေလေ ပျက်စီးလေလေပဲပေါ့။ သာယာတဲ့ အချစ်တစ်ခု ဖန်တီးချင်ရင် အတ္တနည်းနိုင်သမျှ နည်းအောင်လည်း သတိထားရမှာပေါ့။

အတ္တဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်သတ်တဲ့လက်နက်တစ်မျိုးပါပဲ။ အတ္တကြီးတဲ့သူဟာ ဘယ်တော့မှ မကောင်းစားပါဘူး။

ပျော်ပျော်နေရင် အတ္တလျှော့ရပါမယ်။

✣ ○ ✣



မေမင်းဇာ်နည်တဲ့။ နာမည်ကတော့ အပျံစားစတားဖလား။ ရုပ်ရည်ကလေးကလည်း ခပ်မိမိ ရှုပါကလေးပါပဲ။ ဒါပေမဲ့ ဥစ္စာခနတော့ မရှုပါရှာပါဘူး။ ပညာအရည်အချင်းက ဆယ်တန်းအောင်ပြီ အလုပ်လုပ်ရင်း အဝေးသင် တက်နေသည်။

ဆယ်တန်းအောင် ဆိုပေမယ့် အလုပ်ကလေးတော့ ကောင်းသား။ မြန်မာမှုပစ္စည်း အရောင်းဆိုင်မှာ အရောင်းစာရေး။ ဆိုင်က နိုင်ငံခြားသားတွေကို ဦးတည်ပြီး ရောင်းတဲ့ဆိုင်ဆိုတော့ သူမတို့ လစာကောင်းကောင်းလည်းရသည်။ နိုင်ငံခြားသားတွေကို ရောင်းရတာဆိုပေမယ့် စကားပြောကတော့ မကျွမ်းကျင်ပါဘူး။ ဈေးနှုန်းတွေကို အသေကပ်ပြီး ရောင်းတာမို့ အရောင်းစာရေးတောင် မလိုပါဘူး။ ရုပါမှာတ်ကတ်တွေမှာလို ကြိုက်တဲ့ ပစ္စည်းယူပြီး ငွေရှင်းကောင်တာပေါ် တင်ပေးလိုက်ရုံပဲ။

ဒါပေမဲ့ အရောင်းစာရေးမ လှလှကလေးတွေကို ယူနီဖောင်းလှလှကလေးတွေဆင်ပြီး ထားပေးထားသည်။ လှတယ် ဆိုတာတောင် မျက်နှာကလေးလှပြီး ကိုယ်လုံးက ဗိုက်ပူခါးတုတ် နေတာတို့၊ ငါးကျည်းခြောက် ငါးဖောင်ရိုး ကိုယ်လုံးမျိုးတို့ဆို မခန့်။ ငါးရံ့ကိုယ် ပြေပြစ်ပြစ် ကြည့်ပျော်ရှုပျော်ကလေးတွေပဲ ခန့်သည်။ ထို့ကြောင့် ပညာအရည်အချင်း မလို။

မေမင်းဇာနည်က ကိုယ်တိုင်သာ ကောင်းကောင်း မဝတ်နိုင်တာ။ ဆိုင်ကဆင်ထားတဲ့ ယူနီဖောင်းနဲ့ကျတော့ ကြော့ မတ်နေသည်။

သူမတို့ဆိုင်က တစ်ခုတော့ ကောင်း၏။ မိတ်ကပ် ဖန်တီးရှင်တစ်ယောက်ပါ ခန့်ထားပေးသည်။ မနက် ဆိုင်မဖွင့် ခင် နာရီဝက်အလို ကြိုရောက်ရသည်။ မိတ်ကပ်ဖန်တီးရှင်က မိတ်ကပ်လိမ်းပေးသည်။

မနက်ပိုင်း မိတ်ကပ်လာလိမ်းပေးပြီးရင် မိတ်ကပ် ဖန်တီးရှင်ရဲ့အလုပ်က ပြီးပြီ။ အားလုံးကို လိမ်းပေးပြီးတာနဲ့ ပြန်သွားရုံပင်။

ထို့ကြောင့် သူမတို့ဆိုင်က အရောင်းစာရေးမတွေ အကုန်လှပကြော့မတ်နေသည်။





သူမတို့လို အလှပဂေးတွေ ရှိလို့လည်း ဆိုင်က လူ ပိုစည်ပါသည်။ ဘယ်လောက်ဈေးကြီးကြီး သူများဆိုင်တွေထက် ပိုရောင်းရသည်။ သူမတို့လည်း လစာကောင်းကောင်းရသည်။ ဘာမှလဲ မပင်ပန်း။ ပြောရမယ်ဆိုရင် အလှပြမယ်တွေလိုပဲ။ လှလှပပ ကြော့ကြော့မတ်မတ်ကလေးနဲ့ ဝယ်သူကို ချိုချိုကလေး ပြုံးပြရင် သူမတို့ တာဝန်ကျေပြီ။ ခြေပါလက်ပါရှိတဲ့ ဝယ်သူ တွေကိုတော့ ကိုယ့်ဘာသာ ကြည့်ရှောင်ရတာပေါ့။ ညှော်လမ်းညွှန် တွေကိုလည်း ရောင်းရတဲ့ပမာဏပေါ် မူတည်ပြီး အကျိုးခံစားခွင့် ပေးထားတာမို့ ညှော်လမ်းညွှန်တွေကလည်း ညှော်သည်တွေကို ခေါ်လာပေးသည်။

ထိုအထဲမှာမှ မေမင်းဇာနည်ကို အသေကြွေနေသော ညှော်လမ်းညွှန် ကောင်လေးတစ်ယောက်ရှိသည်။

ထိုကောင်လေး နာမည်က ထူးနီ တဲ့။ နာမည်ခပ် ဆန်းဆန်းနဲ့ ကောင်လေးက သိပ်ပြီးခန့်ညားတည်ကြည်မှုတော့ မရှိပေမယ့် ဖြုံးဖြုံး ဖြုံးဖြုံးနဲ့ သဘောကောင်း ဖော်ရွေမယ့်ပုံပါပဲ။

ဆွဲဆောင်မှု မရှိပေမယ့် ရိုးသားပုံကလေးနဲ့ ထူးနီ ကို မေမင်း စိတ်မဝင်စားပါ။ ဖြူနွဲ့နွဲ့ ပျော့ဖတ်ဖတ် ပုံကလေးနဲ့

ထူးနီကို မေမင်း စိတ်ထဲကနေ ပိုးဟပ်ဖြူလို့တောင် နာမည်ပြောင်ပေးသွားသေး၏။ စိတ်ဝင်စားမှု မရှိသလို ချစ်ဖို့တော့ ဝေးပါ၏။

မေမင်းက ဒေါသအိုးကလေးပါ။ ထူးနီလို ပုံစံမျိုးက မေမင်း ထုရိုက်တာတောင် ခံနိုင်ရှိမယ့်ပုံ မပေါ်။

✣ ○ ✣





ထူးနီမျာတော့ မေမင်းကို ချစ်ရှာ၏။ ညည်သည်တွေလာရင် မေမင်းတို့ဆိုင်ကို မဖြစ်မနေ ခေါ်လာပြီး မေမင်းကို မျက်နှာလုပ်ရသည်။ သူရတဲ့ လစာတွေကို သူ့အတွက် မသုံးရက်ဘဲ မေမင်းကို လက်ဆောင်တွေ ဝယ်ပေးရတာ အမော။ ထီး၊ ဦးထုပ်မှအစ ဖိနပ်အထိ ဝယ်ပေးသည်။ ရေမွှေး၊ မိတ်ကပ်၊ လိုးရှင်း ဆိုတာတွေဆိုလည်း ဈေးခပ်ကြီးကြီး အကောင်းစားတွေပဲ ဝယ်ပေးတာပါ။

ဒါပေမဲ့ တစ်လကို တစ်ခုလောက်ပဲ ဝယ်ပေးနိုင်တာပေါ့လေ။ သူက ညည်လမ်းညွှန်ဆိုတော့ လစာကလည်းကောင်းတာကိုး။ ဘာသာစကားကလည်း ငါးမျိုးလောက်ထိရတာဆိုတော့ သူ့မှာ ညည်သည်မပြတ်ဘူး။ ဘယ်နိုင်ငံကပဲလာလာ ခေါင်းနေတာကိုး။

တစ်လ တစ်လ ရသမျှ လစာလေးတွေ ကုန်လုနီးပါး မေမင်းကို လက်ဆောင်တွေ ဝယ်ပေးတတ်သည်။ ဈေးကြီးပြီး ကောင်းတာလေးတွေပဲ ဝယ်ပေးတာဟာ ကောင်းကောင်းလေးတွေ သုံးစေချင်သော စေတနာ စစ်စစ်ပါပဲ။ ကိုယ့်ချစ်သူကို တကယ်ချစ်မှတော့ စေတနာဆိုတာလည်း ရင်ထဲအပြည့်ပဲပေါ့။

ချစ်သူကို စေတနာမရှိတဲ့သူဟာ တကယ်ချစ်တာဖြစ်နိုင်ပါ့မလား။ စေတနာဆိုတာကလည်း ငွေကြေးတန်ဖိုးကို ပြောတာ မဟုတ်ပါဘူး။ အရမ်းဆင်းရဲပါတယ်ဆိုတဲ့ လူတစ်ယောက်ဟာ သူ့ချစ်သူကို ဘာမှမဝယ်ပေးနိုင်ရင်သာ ရှိရမယ်။ ယင်မနား ခြင်မကိုက်အောင်တော့ ကာကွယ်ပေးနိုင်ပါတယ်။ နေပူပူ မိုးရွာရွာ ထီးကလေးဆောင်းပေးတာ ဖြစ်ဖြစ်ပေါ့။ အဲဒီလောက်မှ မလုပ်ပေးဘူး ဆိုရင်တော့ သေချာတယ်၊ သူ တကယ်မချစ်ဘူး။

ပြီးတော့ ချစ်သူကို လက်ဆောင်ပေးတယ်ဆိုတာ ပျော်စေချင်လို့ပေးတာ။ ကြည်နူးစေချင်လို့ ပေးတာ။ အမှတ်တရပေးတာ။ အသုံးအဆောင်ပစ္စည်းလေးတွေ ဆိုရင်လည်း သုံးစေချင်လို့ပေးတာ။ တကယ်ချစ်လို့ တကယ်စေတနာအရင်းခံနဲ့ပေးတာ။ ဒါပေမဲ့ ...





လက်ဆောင်ပေးတယ် ဆိုတာ လာဘ်ထိုးခြင်းနဲ့ အနည်းနဲ့ အများတော့ ပတ်သက်ပါ၏။

ချစ်သူကို ပျော်စေချင်လို့ လက်ဆောင်ပေးတယ်။ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာလည်း မျှော်လင့်ချက်အတ္တတွေ ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ကိုယ့်ကို လက်ဆောင်ပြန်ပေးစေချင်တဲ့ မျှော်လင့်ချက် မဟုတ်ပါဘူး။ ကိုယ့်ကို ပိုချစ်စေချင်တဲ့ အတ္တပါ။ ဥပမာ ကောင်မလေးက ပြန်မချစ်သေးဘူးဆိုရင် ပြန်ချစ်အောင်၊ ကောင်လေးနဲ့ ကောင်မလေး ချစ်သူတွေဆိုရင်လည်း ပိုချစ်လာအောင် လက်ဆောင်ပေးတတ်တယ်လို့ ယူဆပါတယ်။

ခုလည်း ထူးနီ တစ်ယောက် လက်ဆောင်ပေးပြီး လာဘ်ထိုးနေရတာပေါ့။

မေမင်း ပြန်မချစ်ရင်တောင် သူကတော့ သူရှိသမျှကို ရက်ရက်ရောရော ပေးနေမိမှာပါပဲ။ ဒါဟာ သူ တကယ်ချစ်လို့ပါပဲ။

ထူးနီ ခုလိုပေးနိုင်တာကလည်း ထူးနီမိဘတွေက စီးပွားရေး အတန်အသင့်ရှိပြီး ပြေလည်ကြလို့ပါပဲ။ သူဌေးကြီး မဟုတ်ပေမယ့် ရှိသင့်သလောက်တော့ ရှိတာမို့ ထူးနီ လစာထုတ်လို့ စားစရာတစ်ခုခု ဝယ်လာရင်ပဲ ကျေနပ်နေကြတာပါ။

ထူးနီရဲ့ပိုက်ဆံအိတ်လေး ဖောင်းလာတာနဲ့ မေမင်းဖို့ တစ်ခုခု ပြေးဝယ်ပစ်တတ်တာမို့ ထူးနီ ပိုက်ဆံအိတ်က ဖောင်းလည်း နေ့မကူးပါ။ ပိုက်ဆံအိတ်ပြားပြားလေးထဲမှာ သူ ခိုးရိုက်ထားသော မေမင်းဓာတ်ပုံလေး ရှိရုံနဲ့ပဲ ကျေနပ်နေသူပါ။ ဘယ်လောက်ပင်ပန်း ပင်ပန်း မေမင်း ဓာတ်ပုံလေး ထုတ်ကြည့်လိုက်ရုံနဲ့ အမောပြေနေတာပါ။

ထူးနီ သူငယ်ချင်းတွေကတော့ ထူးနီကို ဏားကြသည်။ သူမပုံစံက အဆင်းသာရှိပြီး အချင်းမရှိတဲ့ပုံပေါက်လို့ ထူးနီနဲ့ မလိုက်ဖက်တဲ့လေ။ သူငယ်ချင်းတွေကို စိတ်မဆိုးပါ။ လူဆိုတာ လွတ်လပ်စွာ ကွဲလွဲပိုင်ခွင့် ရှိတာပဲ။ ထူးနီ သူမကို ချစ်တာနဲ့ပဲ သူငယ်ချင်းတွေပါ သူမကိုလိုက်ပြီး သဘောကျပေးစရာ မလိုပါ။ အဓိက သူမ ထူးနီကို ပြန်ချစ်ဖို့ပဲလိုသည်။

ဘယ်သူဖျက်ဖျက် မပျက်သော ချစ်ခြင်းမေတ္တာနဲ့ သူမကို ချစ်ပါသည်။

ဒါပေမဲ့ အလုပ်များသော၊ ခရီးပဲထွက်နေရသော ညှော်လမ်းညွှန်တစ်ယောက်မို့လို့ သူမဆီကို ခဏ ခဏတော့ မသွားနိုင်ပါ။





ခရီးထွက်ရင်ထွက်၊ မထွက်ရလို့ ရန်ကုန်မှာရှိနေရင်တောင် နေ့ရောညပါ ညှော်သည်နောက် တကောက်ကောက်လိုက်နေရတဲ့ အလုပ်မို့ အလုပ်လုံးဝနားရသည့်ရက်မှပဲ သူမဆီသွားတွေ့နိုင်ပါသည်။ ဒီကြားထဲ အခွင့်အရေးရရင် ရသလို ညှော်သည်ကို သူမတို့ဆိုင် လိုက်ပို့ရင်း ...။

✤ ○ ✤

"ဟဲ့ … ရှင့်ဝိုက်ကြီး မလာပါလား"

"ခရီးသွားနေလို့ နေမှာပေါ့"

"အလုပ်များတဲ့သူကို ပြန်ကြိုက်ရမှာ သိပ်တော့မမိုက်ဘူး ဟဲ့နော်၊ တစ်လနေမှ တစ်ခါလောက် တွေ့ရတာ ရင်ခုန်စရာတော့ မကောင်းဘူး"

ဝေမာလင်း ဆိုတဲ့ တစ်ယောက် မေမင်းကို လာကလိနေသည်။ တကယ်ဆို ဝေမာလင်းနဲ့သူ ကိုယ်ရေးကိုယ်တာ စကားဖောင်ဖွဲ့ရလောက်အောင် မရင်းနှီးပါ။ ဝေမာလင်းက ပန်းပုပန်းချီပြခန်းဘက်ကဖြစ်ပြီး သူမက ကျောက်မျက်ရတနာပြခန်းမှာ နေရတာပါ၊ မျက်မှန်းတန်းမိရုံထက် မပို။ ပိုဆိုးတာက ဝေမာလင်းကလည်း သူမတို့ တာဝန်ယူရတဲ့ဘက်ခြမ်းမှာ စတားတစ်ယောက်။ မေမင်းကလည်း မေမင်းတို့ဘက်ခြမ်းက queen။





ထို့ကြောင့် တစ်ယောက်နဲ့တစ်ယောက် အမြဲစောင့်ကြည့်နေကြတာပါ။ ဝေမာလင်းကို သဘောကျတဲ့သူတွေ များသလို မေမင်းကြောင့် ညှို့သည်လာတာလည်း ရှိသဖြင့် ပြိုင်ဘက်လို ဖြစ်နေကြတာပါ။

ဒါပေမဲ့ ဝေမာလင်းကို ကြိုက်တဲ့ကောင်လေးတွေက ထူးနီလောက် လက်ဆောင်မပေးကြတော့ ဝေမာလင်းက ရှုံးသလိုလို ဖြစ်နေတာပါ။

အခုလည်း ဆိုင်နောက်ဘက်က ထမင်းစားပွဲမှာ ဆုံတော့ ဝေမာလင်းက အရင်စကားစလာတာပါ။ မေမာလင်းစကားကို ပြန်မပြောတော့ဘဲ ထမင်းငုံ့စားနေလိုက်သည်။

ဝေမာလင်းက မဲ့ပြီးထထွက်သွားသည်။ လူတွေလည်း ကိုယ့်ထမင်း ကိုယ်စားပြီး အေးဆေးမနေကြ။

မေမင်း ထမင်းစားပြီး ဆိုင်ထဲပြန်ရောက်တော့ …

"ဟဲ့ … နင့်ကို ဟိုဘက်ခန်းက မြွေဟောက်မ ဘာတွေလာပွားနေတာလဲ"

"ထူးနီအကြောင်း မထိတထိ လာပြောနေတာ"

"ထင်သားပဲ၊ အဲဒီမိန်းမက နင့်ကို မနာလိုနေတာ သိလား၊ နင့်ကို ကွယ်ရာမှာ ဘာပြောတယ်မှတ်လဲ"

"ဘာပြောပြော ငါ မသိချင်ပါဘူးဟာ"

"ဟင် ... နင်က ထူးနီကို ပြန်လည်းမကြိုက်ဘဲနဲ့ လက်ဆောင်တွေကို ယူတယ်တဲ့"

"ယူတော့ ဘာဖြစ်လဲ၊ ပေးတဲ့သူရှိလို့ ယူတာပဲ၊ သူ့ဓမ္မာ လိုချင်တာတောင် ပေးတဲ့လူ ရှိလို့လားလို့ ... ခိ ခိ"

"အေးလေ ... သူ လိုချင်နေတာလေ၊ မရတော့ ဖွတာပေါ့"

"နားစမ်းပါဟာ၊ ငါ သူ့ကို စိတ်မဝင်စားဘူး"

"ဒါဆို နင် ထူးနီကိုရော"

"သူ့ကိုလည်း Heart မထိပါဘူးဟာ၊ သူ့လက်ဆောင်တွေကိုလည်း ငါ ငြင်းပါတယ်၊ သူက အတင်းပေးတာ၊ ပြီးတော့ သူပေးတဲ့ အကောင်းစားတွေကို ငါ မဝယ်သုံးနိုင်ဘူးလေ၊ အဲဒါကြောင့် သုံးကောင်းကောင်းနဲ့ သုံးနေတာ၊ ငါ သူ့ကို ပြန်ချစ်မိမှာ မဟုတ်ဘူး"

"ဒါဆိုလည်း နင် ပွင့်ပွင့်လင်းလင်း ပြောလိုက်ပေါ့၊ ကြာလာရင် မကောင်းဘူး"

"ငါ ငြင်းမှာပါ၊ ဒါပေမဲ့ ငါသာယာနေတာ၊ သူ ငါ့ကို ချစ်ပြနေတာကို ငါ သာယာနေတာ၊ သူ့ကြောင့် ငါ





ဝေမာလင်းကို အနိုင်ရနေတာလေး ပျက်သွားမှာလည်း စိုးတယ်၊ ကြာလာရင်လည်း မကောင်းဘူး၊ ဒီတစ်ခါ သူနဲ့တွေ့ရင်တော့ ငြင်းလိုက်တော့မယ်ဟာ"

✤ ○ ✤

ဝေမာလင်းတို့ဘက်မှာလည်း ပွစိ ပွစိ ဖြစ်နေကြပါသည်။

"အလကား မာန်တက်နေတာပါဟယ်၊ တကယ်ဆို ထူးနီဆိုတဲ့ ငတုံးကြောင့် သင်း အရောင်ထွက်နေတာ"

"အေးလေ … သူ့ဟာသူဆို နပ်ချေးကို ငါးပိရည်ဖျော်စားရမယ့် အဆင့်"

"ထူးနီ ဆိုတဲ့ ငတုံးကလည်း သူ့အကြောင်း မသိလို့ကပ်နေတာ နေမှာပါအေ၊ လူကသာ လန်ထွက်နေတာ၊ နောက်ပိုင်းက သူ့မိသားစုကတော့ ပုံသလားမမေးနဲ့။ သူ့မိဘတွေက ရပ်ကွက်ထဲမှာ တွန်းလှည်းနဲ့ အသုပ်လှည့်ရောင်းတယ် ဆိုလားပဲ၊ နေတော့လည်း လှိုင်သာယာဆိုလား၊ ရွှေပြည်သာဆိုလား။ အဲဒါ သူက လှည်းတန်းမှာ အဆောင်ငှားနေရတာတဲ့"





"ဟုတ်ရဲ့လားဟယ်၊ နယ်ကမို့လို့ အဆောင်မှာ နေတာမဟုတ်ဘူးလား"

"အမယ်လေး … သူနေတဲ့ အဆောင်မှာ ငါ့သူငယ်ချင်းရှိတယ်ဟဲ့၊ လစာထုတ်တဲ့ရက်ဆို သူ့အမေက အဆောင်ကိုပိုက်ဆံလာတောင်းတယ်တဲ့၊ စုတ်ပြတ်နေတာပဲတဲ့၊ ညီမနှစ်ယောက်လည်း ရှိသေးတယ်တဲ့၊ တစ်ခါတလေ သူ့ညီမတွေ လိုက်လိုက်လာရင်လည်း မဲမဲသဲသဲ ပေစုတ်စုတ်တွေသူနဲ့တခြားစီပဲတဲ့"

"ဟုတ်လား"

"ဟုတ်ပါတယ်ဆိုမှ၊ ဟိုငတုံး ထူးနီက ဒီလောက်စုတ်ပြတ်မှန်း မသိလို့ ကပ်နေတာနေမှာ"

"အေးလေဟယ် … ထူးနီက ရုပ်သာ မလှရှာတာ၊ အလုပ်ကောင်း အကိုင်ကောင်းလေး၊ ပြီးတော့ သဘောမနောကောင်းမယ့်ပုံ။ သင်းနဲ့တော့ မတန်ပါဘူးဟယ်"

"အဲဒါ ပြောတာပေါ့"

"ဒါဆိုရင်တော့ နင်က သူ့ထက်စာရင် အများကြီးသာတာပေါ့ ဝေမာရဲ့"

"အမယ်လေး ... ငါ့ကို သူ့အဆင့်နဲ့ မနိုင်းစမ်းပါနဲ့ဟယ်၊ အနိုင်းခံရတာတောင် ရှံတယ်၊ အော့ ... ဝေါ့"

"တစ်နေ့ကျရင်တော့ ဘယ်သူက ဘာဆိုတာ ကွဲပြားသွားမှာပါ"

"ဟဲ့ ... သင်းရုပ်ကလေ ထူးနီပေးတာတွေသာ ယူတာ၊ ထူးနီကို ပြန်ကြိုက်မယ့်ပုံတော့ မပေါ်ဘူး"

"ဟုတ်တယ်၊ သူ့အဆင့်နဲ့ သူကပဲ မူရသေးတယ်၊ တကယ်ဆို သူ့အနေအထားနဲ့ ထူးနီလို လူမျိုးရတာတောင် တန်နေပါပြီဟယ်"

"အေးလေ"

ဝေမာလင်းတို့ အဖွဲ့လိုက်စုပြီး မေမင်းကို မကောင်းပြောနေကြသည်။ မေမင်းက အားလုံးထက် ရုပ်ရည်ကလေးသာနေတာကို သူတို့ မလိုလားကြတာပါ။ ပြီးတော့ ထူးနီက မေမင်းကို ပံ့ပိုးနေတာကိုလည်း အတင်းအုပ်ကြ၊ မနာလိုကြနဲ့၊ တကယ်လို့ သူတို့မှာသာ ထူးနီလို လက်ဆောင်တနှင့်တပိုး ပေးတတ်သော ကောင်လေးမျိုးရှိရင် သူတို့လည်း ပေးသမျှ လက်ဆောင်တွေကို ယူမှာပါ၊ မရှိလို့ မေမင်းကို မနာလိုဖြစ်ကြတာလေ။





ထူးနီ မေမင်းကို စဲလိုက်တုန်းက သူတို့တွေ စိတ်မဝင်စားကြသေး။ ထူးနီက ရုပ်မလှဘူးလေ။ ဝန်ထမ်းအချင်းချင်းမို့လို့လည်း မကြိုက်ကြဘူး။

ကုမ္ပဏီစန်ထမ်းဆိုတော့ အချင်းချင်း သိကြသည်။ ကုမ္ပဏီဝန်ထမ်းဘဝဆိုတာ မရှိမရှားတွေချည်းပဲ။ ရှိလည်း မရှိဘူး၊ ရှားလည်း မရှားဘူး၊ လုပ်နေသရွေ့တော့ သုံးစရာ ရနေတာပဲ။ မလုပ်နိုင်တဲ့အချိန်ဆို ငုတ်တုတ်မေ့ပြီသာမှတ်။ တော်ရုံ လစာလောက်နဲ့တော့ စုမိဖို့ မလွယ်ကူပါ။ ထို့ကြောင့် သူတို့က ထူးနီကို အထင်မကြီးကြ။ အထင်ကြီးတာက ထူးနီပေးတဲ့ မက်လောက်စရာ လက်ဆောင်တွေကြောင့်ပါ။

✤ ○ ✤

ထူးနီ ဒီတစ်ခေါက် ပြန်လာတော့ ဖျားလာသည်။ ဧည့်လမ်းညွှန်တွေဆိုတာ အမြဲတမ်း ကျန်းမာရေးကို ဒေါင်ဒေါင်မြည်နေအောင် ဂရုစိုက်ရပါ၏။ ဒါပေမဲ့ လူဆိုတာကလည်း အသွေးအသားတွေနဲ့ တည်ဆောက်ထားတာလေ။ အဲဒီသွေးသားတွေ အမြဲကျန်းမာနေအောင် ယေဘုယျဆန်ဆန်ပဲ ဂရုစိုက်လို့ရတာလေ။ တကယ်လုံးဝ ဘာမှမဖြစ်အောင် သိပ္ပံနည်းကျဖော်မြူလာချလို့မှ မရတာ။

နေမကောင်းတဲ့ကြားက မေမင်းအတွက် ဆွယ်တာတစ်ထည်၊ မာဖလာတစ်ထည်ရအောင် ဝယ်လာသေးသည်။

"တောင်ကြီးရောက်လို့ ဝယ်ခဲ့တာ"

မေမင်းတစ်ယောက် မျက်နှာတွေ နီမြန်းပြီး အစ်တစ်တစ် ဖြစ်နေတဲ့သူ့ကိုကြည့်ကာ ...





"နေမကောင်းဘူးလား"

"အင်း ... ဖျားလာတာ"

"ဒါများ အိမ်မှာ နားနေရောပေါ့"

"နားတာထက် မေမင်း မျက်နှာလေးကို မြင်နေရတာက ပိုပြီးသက်သာလို့"

"လေစိမ်းမိပြီး ပိုဆိုးပါ့မယ် ထူးနီရယ်၊ ဆေးခန်းပြလိုက်ဦး"

"ဒီကပြန်ရင် ဝင်ပြမှာပါ၊ ဆွယ်တာကလေ မေမင်းနဲ့ ကျွန်တော် ဆင်တူ သိလား ... ခွိ ခွိ"

"မေမင်းကို လက်ဆောင်တွေ မပေးနဲ့နော် ထူးနီရယ်၊ မလိုချင်ဘူး"

"ကျွန်တော်က ပေးချင်နေတာလေ မေမင်းရဲ့၊ ကျွန်တော်ပေးတဲ့ လက်ဆောင်တွေကို မေမင်း သုံးတာတွေ့ရင် ကျွန်တော် စိတ်ချမ်းသာလို့ပါ"

ဖျားနေတာတောင် သူမဆီ အရောက်လာတဲ့ လူတစ်ယောက်ကို သူမ လတ်တလော ငြင်းလိုက်ဖို့တော့ အဆင်မပြေဘူးလေ။

ဒီလိုနဲ့ပဲ ဇာတ်မြောကြီး ဖြစ်နေခဲ့ပါသည်။

"ပြန်တော့လေ၊ ဆေးခန်းသွားလိုက်ဦး"

"အင်း … ဒီနေ့တော့ ကြာကြာမနေနိုင်ဘူး၊ ချမ်းနေပြီ"

"သွား … သွား"

သူ ပေးသွားတဲ့ ဆွယ်တာပါးပါးလေးက ရန်ကုန်ဆောင်းရာသီနဲ့တော့ ကွက်တိပါပဲ။ ထူးနီဟာ အလိုက်ကိုသိလွန်းလှပါတယ်။

ထူးနီပေးတဲ့ ဆွယ်တာလေးကို ဝတ်ကြည့်တော့ လုံခြုံနွေးထွေးသလို ခံစားရတယ်၊ ဒီဆွယ်တာလေးကတော့ ဈေးသိပ်ကြီးမှာ မဟုတ်။ ဒါပေမဲ့ ချစ်စရာ အရောင်နုနုလှလှကလေးပါ။ လကုန်ကာနီး ပိုက်ဆံအိတ်ကလေး ပြားချပ်ချပ်နဲ့ ဝယ်လာပေးတဲ့ လက်ဆောင်လေးပေါ့။

သူမအပေါ် ဒီလောက်ကောင်းတဲ့ ထူးနီကို သူမ ဘာလို့ ပြန်မချစ်နိုင်ရတာလဲ။

တကယ်တော့ သူမ ရည်းစားမထားချင်တာပါ။ သူမဘဝမှာ ခက်ခဲကြမ်းတမ်းမှုတွေနဲ့ ရုန်းကန်ခဲ့ရသည်။ နောက်က မိသားစုတွေကို လှည့်ကြည့်မိတိုင်း အသက်ရှူမဝပါ။





အဖေနဲ့အမေက ဈေးသည်တွေ။ ညီမနှစ်ယောက်မှာ တစ်ယောက်က စာအရမ်းညံ့ပြီး စာမေးပွဲကျသဖြင့် ကျောင်းထွက်လိုက်ရတာ။ ကျန်တစ်ယောက်ကတော့ ချူချာ၏။ ငါးတန်းနှစ်စာမေးပွဲဖြေမယ့်ရက်မှာ အပြင်းဖျားပြီး စာမေးပွဲ သွားမဖြေနိုင်၍ စာမေးပွဲကျကာ ကျောင်းထွက်လိုက်ရသူပါ။

ဘဝပေး အခြေအနေအရ စာမေးပွဲကျတဲ့သူက ကျောင်းထွက်ရပါသည်။ ဘာကြောင့်ပဲကျကျ ထွက်။ သူမ တစ်ယောက်ပဲ ဆယ်တန်းအထိ တစ်နှစ်တစ်တန်းမှန်ကာ ရှောရှောရှူရှူအောင်မြင်ခဲ့တာပါ။

ညီမလေးနှစ်ယောက်က စက်ရုံမှာ အလုပ်လုပ်ကြသည်။ တစ်နေကုန် ကုပ်ချိနေအောင်လုပ်တာတောင် သူမလစာရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ရကြပါသည်။

သူမမိသားစုထဲမှာတော့ သူမက ဆရာမကြီးပေါ့။ မေမင်းကို အားလည်းကိုးကြသည်။ အဖေနဲ့အမေ ဈေးရောင်းတာကတော့ မြတ်ပါသည်။ ဒါပေမဲ့ သူမတို့ ငယ်စဉ်ကလေးဘဝတည်းက ရောင်းခဲ့တာဆိုတော့ ဒဏ်ကပိနေပြီ။ အရင်လောက် မသွားနိုင်ကြတော့။

လမ်းလျှောက်ရျေးသည်ဘဝ ဆိုတာက များများ လျှောက်နိုင်လေ၊ တွက်ခြေကိုက်လေပါ။ ခုတော့ အမေတို့ခများ နေ့စဉ်မလျှောက်နိုင်ကြတော့။ ထွက်တစ်ရက် နားတစ်ရက် ဖြစ်နေကြပြီလေ။ စားရတော့ ရေလုံပြုတ်။ ဘယ်မှာ ခွန်အားရှိပါ့မလဲ။

သူမတို့ ငယ်ငယ်ကဆို ပိုဆိုး၏။ စားအုန်းဆီကို တောင် ဝဝလင်လင် မစားရဘဲ နမ်းရှိုက်တို့ထိ စားခဲ့ရတာလေ။ ပဲဆီနဲ့မွှေးမွှေးရဖို့တော့ ဝေးရော။

ဒီလိုဘဝဆိုးကနေ ခုလောက်ထိ ဖြစ်လာတာပဲ တော်သေးတာ။ ကိုယ့်အခြေအနေ ကိုယ်သာသိမှ ရည်းစားထား ချင်စိတ် မရှိပါဘူးလေ။ ထားမိတဲ့ ရည်းစားက သူမမိသားစု အခြေအနေမှန်ကိုသာ သိရင် လက်ခံနိုင်ပါ့မလား ဆိုတာလည်း မသေချာဘူးလေ။ တွေးမိတိုင်း အသက်ရှူကျပ်၏။

✣ ○ ✣





မေမင်းတို့ ဆိုင်ပိုင်ရှင်က စီးပွားရှာတဲ့နေရာမှာ အကွက်မြင်သလို ခြေလှမ်းလည်းကျဲ၏။

မေမင်းတို့လို မိန်းမလှလေးတွေကို လစာတွေ နှင့် နေအောင်ပေးပြီး အလှပြခန်းထားတာပဲကြည့်။ မေမင်းတို့ကိုပေး ရတဲ့ လစာထက် အကျိုးအမြတ် ပိုရတော့ လစာပေးရတာကို မမြင်တော့။

ပြီးတော့ ပိုင်ရှင်က လူမှုရေးကလည်း ခပ်ရှုပ်ရှုပ် ရယ်။ ပြောတော့သာ လူပျိုကြီး။ တွဲလိုက်တဲ့ မိန်းကလေးတွေက တစ်နေ့တစ်ယောက် ပြောင်းတွဲသလားတောင် ထင်ရသည်။

သူကသာ ပုကွကွ။ သူနဲ့တွဲလိုက်သမျှ မိန်းမတွေ ကတော့ မယ်ဘွဲ့ရမိန်းမတွေအလား။ အပိုအလိုမရှိ ကွက်တိတွေ ချည်းပဲ။ သူကသာ ညိုညစ်ရင့်ထော်နေတာ သူနဲ့တွဲသမျှ ဖြူစင်

နဖပ်နေတာတွေချည်းသာ။ ဘယ်တစ်ယောက်မှလဲ သူ့ရည်းစား မဟုတ်ဘူးဆိုပဲ။

သူနဲ့ တစ်နေ့တွဲရင် တွဲတဲ့နေ့အတွက် စပွန်ဆာ ပေးသတဲ့။ လိုချင်တာ ဝယ်ခြမ်းပေးသတဲ့။ ဝယ်ခြမ်းပေးတယ် ဆိုတာလည်း ခပ်ပါးပါး ပြောတာနော်။ ထူထူတော့ မရဘူး။

မေမင်းတို့မှာ သူဌေး ဒီနေ့ ဘယ်သူနဲ့တွဲလာမလဲ လို့ ငေးရတာ၊ စောင့်ကြည့်ရတာပါ။ သူဌေးကိုကြည့်ချင်လို့တော့ မဟုတ်။

တွဲလာတဲ့ ကောင်မလေးတွေ မိလွန်း၊ မိုက်လွန်း လို့ပါ။ တွဲလာတဲ့ထဲမှာ တစ်ခါတလေ ရုပ်ရှင်သရုပ်ဆောင်တွေ၊ မော်ဒယ်လ်တွေ၊ အဆိုတော်တွေတောင် ပါသေးတယ်လေ။

သူဌေးက တစ်ခုတော့ ကောင်းသည်။ ဆိုင်ကဝန် ထမ်းကောင်မလေးတွေကိုတော့ ကောင်းကောင်းမွန်မွန်၊ တည်တည် ကြည်ကြည် ဆက်ဆံပါသည်။ ရောလည်း မရော၊ တင်းလည်း မတင်းပါ။ အေးဆေးပဲ။

သူဌေးအကျင့်ကို သိနေတော့ ဘယ်သူမှလဲ သူဌေး ကို သဘောမကျပါ။ သူဌေးနဲ့ ဝန်ထမ်း ဆက်ဆံရေးပဲရှိသည်။





သူဌေးကို စိတ်ဝင်စားမိရင်လည်း တစ်ရက်စာ တွဲရရုံအပြင် ဝိုမှာ မှ မဟုတ်တာ။

သူမတို့ကတော့ သူဌေးနားက မိန်းမတွေကိုပဲ အံ့ဩ နေကြတာပါ။ သူဌေးက သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ခပ် ရှုပ်ရှုပ်ဟု သတင်းကြီးပါသည်။

✤ ○ ✤

သူဌေးနာမည်က ဦးမျိုးဦးပါ။ သူ့အပေါင်းအသင်းတွေက MO ဟု ခေါ်ကြသည်။

တစ်ရက် သူဌေးသူငယ်ချင်းတစ်ယောက် နိုင်ငံခြားက လာလည်သည်။ ထိုလူက နိုင်ငံခြားမှာ အခြေချနေထိုင်သူဆိုလား။ သူဌေးနဲ့ စကားပြောတာကို အမှတ်တမဲ့ ကြားလိုက်တာပါ။

ထိုလူက သူဌေးလို ပုကွကွ မဟုတ်။ ဝတုတ်ဗိုက်ရွှဲမဟုတ်။ ကျစ်ကျစ်လျစ်လျစ်နဲ့ အရပ်ခပ်မြင့်မြင့်၊ ရုပ်ဖြောင့်သလို အသားအရေကလည်း မဖြူမညို။ ဆွဲဆောင်မှုကော့ ရှိသား။

တီရှပ်နဲ့ ဂျင်းပန်ကို ပေါ့ပေါ့ပါးပါး ဝတ်ထားပေမယ့် ကြည့်လို့ကောင်းနေသည်။ သူဌေးလို စိန်လက်စွပ်တွေ ဝတ်မထားပေမယ့် ထိုလူ့လက်တွေက သပ်ရပ်နေ၏။





နာရီတော့ ပတ်ထားသည်။ ဘာအမျိုးအစားလဲ မသိပေမယ့် ဈေးကြီးမှန်းတော့ သိသာသည်။

မေမင်း သူ့ကို ငေးနေတုန်း ဝေမာလင်းက သူ့ကို အအေးသွားတိုက်နေပြီ။ ဧည့်သည်လာရင် အလှည့်ကျ အအေးအပ္ပု စီစဉ်ပေးရတယ်ဆိုပေမယ့် သူလာမှ ဝေမာလင်း အလှည့်တဲ့လား။

သူကတော့ ပုံမှန်ပါပဲ။ ဝေမာလင်း အပြုံးတွေက ရှုံ့မဲ့နေလိုက်တာ။ သူဌေးသူငယ်ချင်းမို့လို့ စာရိတ္တကိုတော့ ခန့်မှန်းလို့ မရပါ။ သူဌေးကမှ မကောင်းတာ။ မကောင်းတဲ့သူနဲ့ ပေါင်းလို့ရတယ်ဆိုတော့ မကောင်းဖို့က ရာခိုင်နှုန်း ပိုများ၏။

သူ့ရုပ်ရည်ကတော့ တော်တော်သားနားကာ တည်လည်းတည်၊ ခန့်လည်းခန့်။ သန့်ပြန့်ပြီး လူကြီးလူကောင်းပုံတော့ ပေါက်သား။

မေမင်း ငေးနေတုန်း သူက မေမင်းတို့ဘက် တစ်ချက်ငဲ့ကြည့်ကာ မျက်နှာလွှဲသွား၏။

မေမင်းနဲ့ တွဲတဲ့ သူဇာမက ...

"ဟဲ့ ... မေမင်းမ၊ ငမ်းလှချည်လား"

"အဟီး … ငမ်းချင်စရာကြီးကိုဟဲ့"

"ရေလည်လန်းတယ်နော်၊ အသက်ကတော့ လေးဆယ် လောက်ရှိလောက်ပြီ၊ နေနေတာ နေမှာ"

"ဟုတ်မှာပေါ့"

"ကဲ … ကဲ … ငေးမနေနဲ့ဟော့၊ ဟိုမှာ ဧည့်သည်တွေဝင် လာပြီ"

မေမင်းတို့ အလုပ်ရှုပ်သွားသည်။ အလှဆုံး ပြုံးရဦးမယ်။ ရေပူရေချမ်း ကမ်းလှမ်းရဦးမယ်လေ။

သူမတို့ကို သူဌေးက အခန်းထဲက လှမ်းကြည့်နေတာ သူမတို့ မသိ။

မသိဆို သူဌေးအခန်းမှ မရောက်ဖူးတာ။ အခန်းထဲမှာ CCTV တပ်ပြီး ကြည့်နေမှန်းသာသိရင် နောက်ကျောတောင် လုံမှာမဟုတ်။

"အမ်အို … မင်းဆိုင်က sale girl တွေက လန်းလှချည် လားကွာ၊ မော်ဒယ်လ်ရှိုး ကြည့်ရသလိုပဲ"

"စခန့်ကတည်းက နှစ်ဆယ်ကျော်ရင် မခန့်ဘူးလေကွာ"

"ယုံပါတယ်၊ မင်းကိုတော့"





"နိုး … နိုး … သူတို့လေးတွေကို ငါလုံးဝမပြစ်မှားဘူး မောင်မင်း၊ သူတို့က ငါ့စီးပွားရေးလေးတွေ။ သူတို့ရဲ့ အလှတရားက ငါ့ဆိုင်အတွက် အမြတ်ကို နှစ်ဆပေးစွမ်း နိုင်တယ်၊ ဟင်း … ဟင်း … ဟင်း"

"မင်းအကြောင်း ငါ သိပါတယ်၊ မင်းက မင်းအတွက် မကျန်ရင် ဘာမှလုပ်တဲ့ကောင် မဟုတ်ဘူး"

"အတူတူချင်းကို နှာတစ်ဖျား မသာချင်စမ်းပါနဲ့ ဖွန်ရာ၊ မင်းရော ဘာထူးလို့လဲ၊ မင်းက ငါ့ထက်တောင် ဆိုးဦး မယ်"

"နိုး … နိုး … ကိုယ်တို့က ရှာလည်းရှာတယ်၊ သုံးလည်း သုံးတယ်နော်၊ မင်းလို ကပ်စေးမနဲဘူး၊ မင်းက ကောင်မ လေးတွေ ငေးဖို့တောင် လက်တွန့်တဲ့ ကောင်တုံးကြီး"

"ဒါတော့ ကိုယ့်ခံယူချက်နဲ့ ကိုယ်ပေါ့ကွာ၊ မင်းသာ ရှာ တော့ အသေရှာ ဘာမဟုတ်တဲ့ဟာတွေအတွက် ဖြုန်းဖြုန်း ပစ်တာ၊ နှမြောစရာ ကောင်းတယ်"

"အမ် … လှတယ်၊ ရှာတာ သုံးဖို့လေ၊ မင်းသာကျပ်ကျပ် စု၊ တော်ကြာ မှိုတက်ကုန်မယ်နော်၊ ပိုက်ဆံထားတဲ့အခန်း

တောင် လုပ်ပြီးရတဲ့ မင်းကိုတော့ လက်ဖျားခါတယ်။ ဘဏ်အပ်လိုက် ပြီးတဲ့ဟာကို"

"အပ်တဲ့အခါလည်း အပ်ပါတယ်၊ ဒါပေမဲ့ တစ်ခါတလေ ဘဏ်အပ်ဖို့ မမီတဲ့အခါမျိုးဆို သိမ်းတာပါ"

"ဟာ ... နေဦး ... နေဦး၊ ဟိုဘောဘီလေးက လန်းလှချည်လား MO ။ အား ... ကောက်ကြောင်းက ရှောက်ပေါင်းစားပြီး ကြည့်ရသလိုပဲ။ သွားရည်တောင် ကျချင်တယ်"

"မင်း ပြောလိုက်တာနဲ့ ကြည့်စရာ မလိုပဲ သိတယ်"

"အေး ... လုပ်ပါဦးဟ၊ နာမည်လေး ဘာလေး"

"မေမင်းဇာနည်တဲ့"

"ဝါး ... လန်းတယ်ကွာ"

"ဟိတ်ကောင် ... ငါ့စီးပွားရေးတွေ လာမထိနဲ့"

"ထိနိုင်သေးပါဘူး၊ မနေ့ကပဲ အကယ်ဒမီမင်းသမီးကို ဒီမှာနေမယ့် တစ်လအတွက် စပွန်ဆာပေးခဲ့ပြီ၊ cancle လုပ်လို့ရရင်တောင် လုပ်လိုက်ချင်တယ်ကွာ၊ မင်း ဒါမျိုးကို ထိုင်ကြည့်နေတယ် ဟုတ်လား"





"ငါ့စီးပွားရေးပါဆို"

"မင်းက ငကြောင်ပဲ"

"ငါက လိုင်းမပူးဘူး"

"ငါ လိုချင်တယ်ဆိုရင်ရော"

"မင်း ငါ့ကို တန်ဖိုးတစ်ခုတော့ ပေးရမှာပေါ့၊ ဒီကလေးမက ငါ့ကိုရွှေဥ ဥပေးနေတာကွ"

"မင်း တော်တော်ဆိုးတဲ့ကောင်ပဲ၊ ငါ နောက်တစ်ခါလာရင်တော့ ဒီဘောဘီလေးကို ဖန်မယ်"

"အေး ... သူ ယောကျ်ားမရသေးရင်တော့ ရမှာပေါ့ကွာ၊ ဟား ဟား"

"မင်း မယူရင် ရမှာမဟုတ်ပါဘူး၊ မင်းပဲ ကြောက်ရတာ"

✤○✤

"မေမင်း ဧည့်သည်"

"ဟင် … အဆောင်ကို ဧည့်သည်လာတယ်၊ အိမ်က တစ်ခုခုများ ဖြစ်လို့လား မေမင်း၊ ဒီရက် လခထုတ်ရက်လည်း မဟုတ်ပါဘူး"

မေမင်းနဲ့ သူဇာက အတူနေကြတာပါ။ အဆောင်ရော အလုပ်ပါတူတာ။ သူဇာက နယ်ကပါ။ သူဇာ့မိဘတွေကလည်း သိပ်မရှိကြဘူး။ သူဇာက ပြန်ထောက်ပံ့နေရတာ။ မေမင်းနဲ့ သူဇာက တစ်ယောက်အကြောင်း တစ်ယောက် အတွင်းသိ အစင်းသိတွေ ဆိုပါတော့။

မေမင်းလည်း အံ့ဩနေသည်။ ဒီရက် အိမ်ကလာရမည့်ရက် မဟုတ်။ အကြောင်းကြီးငယ် မရှိဘဲ လိုက်မလာဖို့လည်း မှာထားပါသည်။





အဆောင်ရှေ့ ထွက်ကြည့်လိုက်တော့ ထူးနီကို ငုတ်တုတ်ကလေး တွေ့ရသည်။

"ထူးနီ"

"ကိုယ် ဒီညနေ မြောက်ဦးဘက် သွားရမှာမို့လို့ လာတွေ့တာ။ ဒီနေ့ မေမင်း နားတယ်ဆိုလို့ အဆောင်ကို လိုက်လာတာ"

"အဆောင်လိပ်စာ ဘယ်ကရလဲ"

"ဆိုင်က ဥမ္မာလင်း ပေးလိုက်တာ"

မေမင်း မျက်နှာပျက်သွားသည်။ ဥမ္မာလင်းက မေမင်းနေတဲ့ အဆောင်ကို သိနေသည်။

"အဆောင်ကိုလာတာ မေမင်း မကြိုက်ဘူး ထူးနီ"

အလိုမကျစိတ်နဲ့ ဒေါသတွေ ဖြစ်လာ၏။ ဥမ္မာလင်းကိုဒေါသဖြစ်သလို ထူးနီကိုလည်း စိတ်ဆိုးသွားသည်။

"ကိုယ်ကလေ ခရီးသွားကာနီးလေး တွေ့ချင်လို့ လာတာပါ မေမင်းရယ်"

"ပြန်တော့ နောက်တစ်ခါလည်း ဘယ်တော့မှ မလာနဲ့"

"နောက်မလာနဲ့ဆို မလာပါဘူး၊ အခု ကိုယ်နဲ့မုန့်လိုက်စားပါလား"

"ရှင် မြန်မာစကား နားမလည်ဘူးလား၊ ဒီလောက်ပြောနေတာကို မပြန်သေးဘူးလား"

ထူးနီက စိတ်မကောင်းသလို မျက်နှာပေးနဲ့ ငေးနေသည်။

"ထူးနီ"

"အေးပါ … အေးပါ၊ သွားပါပြီ"

လှည့်ထွက်သွားသော ထူးနီကိုကြည့်ကာ ဒေါသတွေဖြင့် ကျန်ခဲ့သည်။ သူမရဲ့ နုံချာလှတဲ့ဘဝကို ဘယ်သူမှ မသိစေချင်။

သူဇာက လာဆွဲခေါ်ကာ …

"နင်ကလည်းဟာ ထူးနီကို ဘာလို့ အဲလိုဆက်ဆံလိုက်တာလဲ"

"ငါ့အကြောင်းတွေ ဘယ်သူမှ သိပ်မသိစေချင်ဘူး သူဇာ၊ ငါ့ကို အထင်သေးသွားမှာ မလိုလားဘူး၊ ဦးမှာလင်းက အဆောင်လိပ်စာ ပေးလိုက်တာတဲ့"

"ဟုတ်လား၊ ကုန်းချောမ လုပ်လိုက်တယ် ထင်တယ်၊ အဲဒီမိန်းမကလေ ကိုယ့်ဘာသာ မနေဘူး"





"ဦးမှာလင်းက ငါ့အကြောင်းတွေ စုံစမ်းထားတယ် ထင်တယ်"

"ခေါင်းထဲ ထည့်မနေပါနဲ့ဟာ၊ လာ … လမ်းထိပ်မှာ ရခိုင်မုန့်တီ ငရုတ်သီးစပ်စပ်နဲ့ မျက်ရည်ပေါက်ပေါက်ကျအောင် သွားသောက်ကြစို့"

သူဇာကတော့ ဘာမဆို ပေါ့ပေါ့ပါးပါးပဲ တွေးကာ ဘာကိုမှ သိပ်မခံစားပါ။ မေမင်းတို့နှစ်ယောက် အဆောင်နေဂါဝန်လေးတွေနဲ့ပဲ လမ်းထိပ်ထွက်ကာ မုန့်တီသောက်ရင်း စပ်သလိုလိုနှင့် ငိုမိသည်။ ဘာကိုငိုချင်မှန်း မသိ။ တကယ်ဆို အပြင်ပန်းက မာကျောချင်ယောင် ဆောင်နေပေမယ့် မေမင်းက စိတ်ပျော့ပါသည်။

❖ ○ ❖

မေမင်း ဘယ်လောက်ပဲ အော်ငေါက်လွှတ်ပါစေ။ ထူးနီကဘော့ နေ့တိုင်း ဖုန်းလှမ်းဆက်ပါ၏။ နေကောင်းလား အမြဲမေးသည်။ မေမင်းကတော့ ထူးနီကို အဆင်ပြေလားလို့ တစ်ခါမှ ပြန်မမေးခဲ့ဘူး။

မေမင်းက သူ့ကို ပြန်မချစ်နိုင်ပေမယ့် အပြတ်လည်း မငြင်းနိုင်တာက သူပေးတဲ့ လက်ဆောင်တွေကို တွယ်တာမိနေတာလား မသိပါ။ ပုထုဇဉ်ပီပီ လက်ဆောင်တွေ ရနေတာကိုတော့ သဘောကျမိတာပေါ့။

ကိုယ်တိုင် ဝယ်မသုံးနိုင်လို့ သဘောကျမိတာလည်း ပါမည်ထင်ပါရဲ့။

ငြင်းပစ်လိုက်ရမှာကို နှမြောနေမိတယ်လေ။

ထူးနီကြောင့် ဆိုင်မှာ သူမ ဂုဏ်တက်ရသည်။ ထူးနီကြောင့် ဥမ္မာလင်းကို နိုင်ရ၏။





ထို့ကြောင့် ထူးနီကိုငြင်းဖို့ နောက်တွန့်နေတာပါ။

မြောက်ဦးက ပြန်လာတော့ သူမဖို့ အိန္ဒိယချည်ထည်နှင့် ပါတိတ်အဆင်ဆန်းလေးတွေ ပါလာသေးသည်။

ရယ်ရယ်ပြုံးပြုံးနှင့် ဘာမှ စိတ်ထဲရှိပုံမရတော့။ ခွင့်လွှတ်နိုင်တာလား။ တကယ် ချစ်တာလား။

"ထူးနီ"

"ပြောလေ"

"ဒီညနေ အားလား"

"အားတယ်"

"ဆိုင်ပိတ်ချိန် လာခဲ့လိုက်၊ မေမင်းတို့ စကားအေးအေးဆေးဆေး ပြောရအောင်"

"တကယ်လား၊ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားဟင်"

"ရှည်မနေနဲ့၊ အခု ပြန်တော့"

"အင်း ... အင်း"

ထူးနီ ပြန်သွားတော့ သူမစာမက လက်ဆောင်တွေကို ကြည့်ပြီး ...

"လှလိုက်တာဟယ်၊ အဆင်ဆန်းလေးတွေပဲ၊ ထူးနီက ချွေးတတ်လိုက်တာနော်"

"ငါဒီညနေ သူ့ကို ငြင်းလိုက်တော့မယ်"

"နှမြောစရာပဲ၊ အေးလေ ... ဒါပေမဲ့လည်း မငြင်းလို့မှ မရတာ၊ နင် မကြိုက်ဘူးဆိုတော့ ငြင်းရမှာပဲလေ"

သူဇာမကို ဘာမှ ပြန်မပြောတော့။ ညနေတော့ သူဇာမကို အဖော်ခေါ်သွားဖို့ စဉ်းစားထားသည်။ ဘယ်လိုပဲ နှစ်ဆယ့်တစ်ရာစု ဆိုပေမယ့် ယောကျာ်းလေးတစ်ယောက်နဲ့ နှစ်ယောက်တည်း အပြင်ထွက် သွားလာတာတော့ မသင့်တော်ဘူးလေ။

ညနေ ထူးနီ လာခေါ်တော့ ...

"သူဇာမ လိုက်ခဲ့ဦး"

"အေး ... လိုက်ပေးမယ်လေ၊ နင်တို့ ဘယ်သွားမှာလဲ"

"စကားလွတ်လွတ်လပ်လပ် အေးအေးဆေးဆေး ပြောလို့ရမယ့် တစ်နေရာပေါ့ဟာ"

"ဘုရားပေါ် သွားပြောတာတော့ မကောင်းပါဘူးဟယ်"

"အေး ... ဟုတ်သားပဲ၊ ဒါဆို စကားအေးဆေးပြောလို့ရမယ့် ကော်ဖီဆိုင်တစ်ဆိုင်ဆိုင်ကို သွားလိုက်ပေါ့"

"အေးပါ၊ ငါလည်း လူအမြင်သင့်တော်တဲ့ နေရာမှာပဲ ပြောချင်ပါတယ်"





ကော်ဖီဆိုင်နဲ့ လက်ဖက်ရည်ဆိုင် ကွာတော့ တော်တော့်ကို ကွာသည်။ ကော်ဖီဆိုင် ဆိုတာက အထင်ရှားဆုံးအနေနဲ့ air-con ကို အေးစိမ့်နေအောင် ခံစားရတာပါပဲ။

ထို့အတွက်လည်း ရိုးရိုးကော်ဖီတစ်ခွက်ကို လမ်းဘေးလက်ဖက်ရည်ဆိုင်မှာထက် ဈေးပိုပေးရတာပေါ့။

ကော်ဖီဆိုင်ထိုင်တဲ့ သူတိုင်း ကော်ဖီသောက်မည် မထင်ပါ။

သူမတို့သုံးယောက်ရှေ့မှာ အအေးခွက်ကိုယ်စီနဲ့၊ တစ်ယောက်တစ်မျိုး ရင်ပူနေကြလို့လား မသိ။ အအေးပဲ မှာဖြစ်သည်။

သူဇာမက ဖုန်းထုတ်ပြီး facebook သုံးနေသည်။

ထူးနီကတော့ မျှော်လင့်သော မျက်နှာလေးနှင့်။

မေမင်းက စကားစရ ခက်နေသည်။ ငြင်းရခက်မိတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ...

"ထူးနီ"

"ပြောလေ မေမင်း"

"မေမင်း ... ထူးနီကို မချစ်ဘူး"

"ဟာ"

"ဟုတ်တယ် ထူးနီ၊ မေမင်း ထူးနီကို မချစ်ဘူး"

"အဲလိုမလုပ်ပါနဲ့ မေမင်းရယ်၊ ကိုယ် ... ကိုယ် ... မေမင်းကို အရမ်းချစ်တယ်၊ မေမင်းနဲ့ဝေးပြီး မနေနိုင်ဘူး၊ ကိုယ် မေမင်းကို အဆုံးရှုံးမခံနိုင်ဘူး မေမင်းရယ်"

"ဒါကတော့ ထူးနီ အပိုင်းလေ၊ မေမင်း ထူးနီကို လုံးဝ ရင်မှမခုန်တာ၊ ဘယ်လိုလုပ်ရမလဲ"

"ပြန်စဉ်းစားပေးပါဦး မေမင်းရယ်"

"ရင်မှမခုန်တာ၊ စဉ်းစားစရာ မလိုပါဘူး ထူးနီရယ်၊ ပြီးတော့ ရှင့်ကို သနားလို့ ငြင်းတာ၊ မေမင်းအတွက် လက်ဆောင်ဖိုးတွေ ကုန်တာများနေပြီ၊ နောက်လည်း ဝယ်မလာနဲ့တော့"

"ပေးမှာပဲ၊ ဝယ်လာမှာပဲ၊ ကိုယ်ချစ်လို့ ပေးတာ၊ မေမင်း ကိုယ်သိချင်တာလေး ရှိတယ်၊ မေမင်းမှာ ချစ်ရမယ့်သူ တွေ့သွားလို့လား"

မေမင်း ဖျတ်ခနဲ မြင်ယောင်လိုက်မိတာက သူဌေးရဲ့သူငယ်ချင်း ဦးလူခန့်ကြီးကိုပါကွယ်။





မေမင်း ခေါင်းယမ်းလိုက်သည်။

"အိုခေ ... မေမင်း၊ ဒါဆိုရင် မေမင်း ချစ်သူရည်းစား မရှိသေးသရွေ့ ကိုယ် ကြိုးစားခွင့်ရှိတယ်၊ ကုန်ကုန်ပြောမယ်ကွာ မေမင်း အိမ်ထောင်မကျမချင်း ကိုယ်ကြိုးစားခွင့်ရှိတယ်၊ ဟုတ်ပြီလား"

"ရှင် အရူးပဲ ထူးနီ၊ ရှင့်ကို မချစ်ဘူး၊ ရှင် စောင့်လည်း အချိန်ကုန်ရုံပဲ"

"ကုန်ပါစေ၊ အချိန်မကလို့ ဘာပဲကုန်ကုန် ကိုယ်စောင့်မယ်၊ ကိုယ့်လောက် မင်းကို ဘယ်သူမှ ချစ်နိုင်မှာ မဟုတ်ဘူး"

"ရှင် သိပ်ချစ်ပါတယ်ဆိုတဲ့ ကျွန်မအကြောင်း ရှင် ဘယ်လောက်သိလဲ"

"မသိဘူး၊ သိလည်း သိစရာမလိုဘူး၊ အဓိက မင်းက လွတ်လပ်သူဖြစ်ရင် ရပြီ"

"ရှင့်ကို ကျွန်မအကြောင်း ပြောပြမယ်"

"မလိုအပ်ပါဘူး"

"နားထောင်ကြည့်ပါဦး"

"ပြောချင်တယ် ဆိုရင် မတားဘူး၊ ဒါပေမဲ့ မင်း ဘာပဲဖြစ်ဖြစ် မင်းလွတ်လပ်သူဆိုရင် ရပြီ မေမင်း"

မေမင်းက သူ့မိသားစု ဘဝအကြောင်း ပြောပြလိုက်သည်။ နုညက်မွန်စက်နေအောင် လုပချော့မွေ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ နောက်ခံသမိုင်း မဟုတ်တဲ့ လက်ရှိပစ္စုပ္ပန်က ဘယ်လောက်နဲ့ရျာ စုတ်ပြတ်နေသလဲ ဆိုတာကို သေချာရှင်းပြလိုက်သည်။

ထူးနီက အေးအေးဆေးဆေးပဲ နားထောင်သည်။ မေမင်း ပြောပြီးတော့ ထူးနီက ...

"ဆင်းရဲတာ အပြစ်မှ မဟုတ်တာ မေမင်းလေးရယ်၊ စာရိတ္တ ဆင်းရဲတာ၊ ကိုယ်ကျင့်တရား ဆင်းရဲတာကမှ အပြစ်ဖြစ်တာ၊ ဥစ္စာဆင်းရဲတာကတော့ ဘဝပေး အခြေအနေအရ ဖြစ်လာတာလေ မေမင်းရဲ့၊ ဒါ ဂုဏ်ငယ်စရာ မဟုတ်ဘူး၊ ချမ်းသာတဲ့မိဘဆီမှာ မွေးရင် သူဌေးသားသမီးဖြစ်မယ်၊ ဒါလည်း ဂုဏ်တက်စရာ မဟုတ်ဘူးလေ မေမင်းလေးရယ်၊ လူဆိုတာ အတိတ်ရဲ့ကုသိုလ် အကုသိုလ် တရားတွေကြောင့် ဆင်းရဲချမ်းသာမွေးလို့ မရဘဲ မွေးဖွား





လာကြတာပါ မေမင်းလေး၊ ကိုယ် မေမင်းလေးကို ချစ်တာလေ၊ မေမင်းမိသားစု ဘာဖြစ်ဖြစ် ကိုယ်စိတ်မဝင်စားဘူး၊ မေမင်းကို မေမင်း တစ်ယောက်တည်းပဲ ကွက်မြင်ပေးလို့ ရတယ်၊ ဆင်းရဲတာ အပြစ်မဟုတ်ဘူး၊ ဘယ်လောက်ပဲ ဆင်းရဲပါစေ၊ ရိုးသားဖို့ပဲ လိုတယ်"

မေမင်းသည် ထူးနီ စကားတွေ နားထောင်ရင်းရင်ထဲမှာ လှိုက်တက်ကာ ငိုချင်လာသည်။

"ခုလို မေမင်း ဟန်မဆောင်ဘဲ ရိုးရိုးသားသား ဖွင့်ပြောလို့ ကိုယ်က ပိုတောင် ချစ်သွားသေးတယ်၊ သိပြီလား"

မေမင်း ငိုပါပြီ။ မျက်ရည်တွေ စီးကျလာသည်။ သူ့အချစ်ကိုလည်း နင့်နင့်နဲ့နဲ ခံစားရသည်။ ဒါပေမဲ့ မေမင်း သူ့ကိုမချစ်ဘူး၊ နမြောစရာတော့ ကောင်းသားပေါ့နော်။

✣ ○ ✣

မေမင်း ဘယ်လောက်ပဲငြင်းငြင်း ထူးနီကတော့ အလာမပျက်၊ အသွားမပျက်၊ လက်ဆောင်ပေးလည်း မပျက်ခဲ့။

ထူးနီ စိတ်ထဲမှာ ထင်တာက မေမင်း အားငယ်ပြီး သူ့ကို ပြန်မကြိုက်တာဟု ထင်ကာ နှစ်ဆတိုးပြီး ဂရုစိုက်ပြနေသည်။

ငြင်းကာမှ ပိုဆိုးနေသည်။ ပြီးတော့ ဥမ္မာလင်းက လည်း ရှာသေးသည်။ ဥမ္မာလင်းက ထူးနီကို မေမင်းမိသားစု အကြောင်း သွားပြောပြသည်။

ထို့အတွက် ထူးနီက ဥမ္မာလင်းကို တော်တော် အထင်သေးသွားသည်။

"ခင်ဗျား တော်တော်စိတ်ဓာတ်မကောင်းတဲ့ မိန်းမပဲ မဥမ္မာ လင်း၊ မေမင်းအကြောင်း ကျွန်တော် အားလုံးသိပြီးသား၊ သိသိကြီးနဲ့ကို ချစ်တာ၊ သိပြီလား"





"တို့က စေတနာနဲ့"

"ဘာစေတနာလဲ၊ တစ်ဖက်သားရဲ့အားနည်းချက်ကို လိုက် ထောက်တာ စေတနာလား၊ သွားစမ်းပါဗျာ၊ ခင်ဗျားစေတနာ က ခင်ဗျားကို အဝီစိကို ဆွဲချသွားလိမ့်မယ်"

"ဟယ် ... ရက်စက်တာ၊ အေး ... နင့်ကို စေတနာနဲ့လာ ပြောတာ၊ ငါတော့ အဝီစိမရောက်ဘူး၊ နင်ပဲ အဝီစိတွင်း ကို ဆက်တူးပြီး ရောက်အောင်သွားလိုက်တော့"

"မဥမ္မာလင်း ... ခင်ဗျား မိန်းမဖြစ်နေလို့ဗျာ၊ သွားတော့ ဗျာ၊ ဒီမှာ ခင်ဗျား သူများကို လက်ညှိုးမထိုးခင် ခင်ဗျား ကိုယ်ခင်ဗျား ကောင်းအောင် အရင်ပြုပြင်လိုက်ဦး"

"အမယ်လေး ... ဥမ္မာလင်းတို့က ကောင်းပြီးသား စိတ် ကောင်း စေတနာကောင်းရှိလို့ လာပြောပြတာ၊ ဒါပေမဲ့ မတန်ဘူးဟေ့၊ သွားမယ်"

ထူးနီ တော်တော်စိတ်တိုသွားသည်။ ရုပ်ကလေးနဲ့မှ မလိုက်။ တော်တော်ပုပ်သည့် အမျိုးသမီး။ ယောကျ်ားချင်းသာဆို မလွယ်၊ မိန်းမဖြစ်နေလို့ ကြည့်နေလိုက်တာ။

ထူးနီက မြေနိမ့်ရာ လှံစိုက်တာမျိုးကို လုံးဝမကြိုက်။ ရေနစ်သူကို ဝါးကူမထိုးစေချင်။

အားငယ်သူကို အားမပေး၊ လဲနေသူကို ဖေးမကူပဲ ချောက်တွန်းချင်သူတွေကို ထူးနီ အရမ်းမုန်းသည်။

လွှယ်လွယ်နဲ့ ချစ်ခဲ့တာ မဟုတ်တော့ ချစ်ရသူဘက်က နာရသည်၊ ချစ်ရသူကို မကောင်းပြောတာကို မခံနိုင်ပါ။

သူချစ်ရတဲ့ မေမင်းဟာ သူမဘဝကို ရိုးရိုးသားသားချပြကတည်းက နှစ်ဆပိုတိုးပြီး ချစ်သွားတာ။ မေမင်းရဲ့ရိုးသားမှုက မေမင်းဘဝကို လွှမ်းခြုံသွားသည်။ သူ မေမင်းမိသားစုကို စိတ်မပျက်ပါ။ စိတ်ပျက်စရာလည်း မလိုပါဘူး။ သူ မေမင်းကို ချစ်တာ မေမင်း မိသားစုနဲ့မှ မဆိုင်တာ။ တကယ်က သူတို့နှစ်ယောက် တစ်ဘဝ ထူထောင်ရာမှာ သူတို့နှစ်ယောက်သာ အဓိကလေ။

သူ တစ်ခုပဲ စိတ်ညစ်တာ။

မေမင်း သူ့ကို ငြင်းနေလို့ သူ စိတ်ညစ်တာ။ မေမင်းသာ သူ့အချစ်ကို တုံ့ပြန်ရင် ပွဲပြီးပြီ။ ဘာမှမလိုအောင် ပြီးပြည့်စုံသွားပြီ။ ဖြစ်နိုင်ရင် သူ မေမင်းနားမှာ အရိပ်လိုမခွဲမခွာနေချင်ပြီး မေမင်း ဘဝကို ထီးတစ်ချောင်းလို ကာကွယ်ပေးချင်သည်။ လိုအပ်ရင် သူဟာ မေမင်းရဲ့ဖိနပ်တစ်ရန် အဖြစ်နဲ့ပေါ့၊





မေမင်းအချစ်ကိုသာ ရခဲ့ရင် ကမ္ဘာပေါ်မှာ အပြည့်စုံဆုံး လူသားဟာ သူဖြစ်သွားမှာ သေချာသည်။

ခုတော့ မေမင်းဇာနည်က သူ့ကို ငြင်းကောင်းနေသည်။ တော်တော်ဆိုးသည့် ကလေးမ။ သူကတော့ တစ်နေ့မေမင်း အချစ်ကို ရကိုရမည်ဟု ယုံကြည်လျက်။

✤ ○ ✤

ထူးနီအချစ်က စံပြုထိုက်နေပါပြီ။ ဥမ္မာလင်း သူမ အကြောင်း ထူးနီကို သွားပြောတာ သူမ မသိပါ။ ထူးနီကလည်း သူမကို ဘာမှပြန်မပြောပါ။

ထူးနီ မေမင်းကို သည်းသည်းလှုပ် ဂရုစိုက်တာ တွေ့ရင် ဥမ္မာလင်း Heart beat တွေ တက်နေသည်။ သူမလုပ် လိုက်ကာမှ သူတို့နှစ်ဦးကို ပိုဆွဲစေ့ပေးသလိုတောင် ဖြစ်သွားသေး သည်။

ပြီးတော့ မေမင်းအပေါ် မနာလိုစိတ်တွေလည်း ပိုပြီး အုံကြွလာသည်။

"ဒီကောင်မ သူ့အဆင့်နဲ့ ထူးနီကို ဘာလို့ပြန်မကြိုက်တာ လဲ"

"မူလို့ရသမျှ မူနေတာ နေမှာပေါ့ဟာ၊ ဟိုကောင်ကလည်း မူပြလေ ပိုရူးလေ ဖြစ်နေတာကို"





"အေးဟယ် ... ဆေးမိထားသလားတောင် ထင်ရတယ် နော်"

"ဆေးခတ်ရင်တော့ ထူးနီလို လခစားကို ခတ်မှာမဟုတ် ဘူး ဥမ္မာရေ"

"ဟုတ်ပါ့ ... ဟုတ်ပါ့"

ဥမ္မာလင်းတို့ ပိုသတဲ့ မေတ္တာကြောင့် မေမင်းက တစ်နေ့တခြား ပိုလှ,လှလာသည်။ နှင်းဆီငုံပွင့်လေး အရှိန်ယူ နေသလို ကြွရွနေတဲ့ အလှမျိုးပါ။

ထူးနီကိုလည်း မေမင်းက ငြင်းပါသည်။ ထူးနီက ဇွဲမလျှော့။

သူ့စာကတောင် ...

"နင် မချစ်လည်း သူ့အချစ်ကို လက်ခံလိုက်ပါလားဟာ၊ မေတ္တာစစ်နဲ့ချစ်တဲ့သူကို ရဖို့မလွယ်ဘူးနော်၊ နင့် သည်း ညည်းကိုလည်း ခံနိုင်တယ်"

"မချစ်ဘဲနဲ့တော့ နှလုံးသားတစ်ခုကို အရင်းမပြုချင်ဘူး ဟာ၊ အချစ်စစ် အချစ်မှန်ဆိုတာကို ခံစားကြည့်ချင်သေး တယ်"

"နောက်တော့ ချစ်သွားမှာပေါ့ဟဲ့"

"ဟော့အေး ... မထင်ဘူး၊ ငါ သူ့ကိုချစ်မယ်ဆိုရင် ကြာပြီပေါ့၊ ချစ်ကြည့်လို့ကို မရတာ။ ရင်မခုန်ဘဲ သူစိမ်းယောက်ျားတစ်ယောက်ရဲ့ ရင်ခွင်ထဲ မဝင်ရဲပါဘူးဟာ"

"အင်း ... ရတာမလို လိုတာမရတဲ့ နှင့်နေရာမှာ ငါသာဆိုရင် ခေါင်မနေဘူး၊ ပြန်ကြိုက်ပစ်မှာ၊ နောင်ခါလာ နောင်ခါချေးပဲ"

"ငါ့ရဲ့ပထမဆုံးအချစ်၊ အချစ်ဦးဆိုတာကို ငါ တကယ်နှစ်နှစ်ကာကာ ချစ်မြတ်နိုးတဲ့သူကိုပဲ ပေးချင်လို့ပါ သူဇာမရယ်"

"မနိုင်ဘူးဟေ့၊ မပြောတော့ဘူး၊ သဘောပဲ၊ ထူးနီမို့လို့၊ ငါသာဆို လှည့်မကြည့်တော့ဘူး"

"ဟင်း ဟင်း ... ကိုယ့်ကုသိုလ်နဲ့ ကိုယ်လေဟာ"

"ဟဲ့ ... မနက်ဖြန် နှင့်မွေးနေ့ဆိုတာ သူ သိလား"

"မသိဘူး ထင်တယ်ဟ"

"ပြောလိုက်ပေါ့"

"ပြောချင်ပါဘူးဟာ၊ ထားလိုက်ပါ"





"နှင် ငါ့ကို ဘာကျွေးမှာလဲ"

"နှင်က လက်ဆောင်ပေးမှာမို့လို့လား"

"ဟွန့် ... လက်ဆောင်လိုချင်ရင်တော့ ထူးနီဆီကပဲ မျှော်လင့်ဟေ့"

"ဒါဆို ငါကလည်း ဘာမှမကျွေးဘူးပေါ့"

"မရဘူး ... ကျွေးရမယ်"

"ခိ ခိ ... ကိုယ်ကျွေးမှ ဖြစ်တာ"

သူမနဲ့ သူဇာက အဆင်ပြေပါသည်။ တစ်ဦးကိုတစ်ဦး နားလည်သဖြင့် အဆင်ပြေပါသည်။

"နှင်က ငါ့ထက်စာရင် တော်ပါသေးတယ် မေမင်းရယ်၊ ဆင်းရဲပေမယ့် ရုပ်ချောတော့ ငါ့ထက်စာရင် ပိုကံကောင်းပါတယ်"

"ဖြစ်ရပြန်ပြီ၊ နှင်လည်း လှပါတယ်ဟဲ့"

"ငါလေ ဆင်းရဲချင် ဆင်းရဲပါစေ၊ ဘယ်တော့မှ မကောင်းတဲ့အလုပ်နဲ့ ချမ်းသာအောင် မလုပ်ဘူး မေမင်း"

✤ ○ ✤

ဒီနေ့ သူမမွေးနေ့မို့လို့ မနက်စောစော ဘုရားသွား ဖို့ ပြင်ခင်နေပါ၏။

"မေမင်းဓာနည်ရေ ... Happy birthday နော်"

"သူဇာ ကျေးဇူးပဲဟာ၊ နင်တစ်ယောက်ပဲ ဆုတောင်းပေး မယ့်သူ ရှိတယ်"

"ငါ ပြီးပြီ၊ မွေးနေ့ရှင် မြန်မြန်လုပ်"

"အေးပါဟာ"

"လှတဲ့သူတွေက ပိုပြီးတော့ကို လှချင်ကြတယ်"

"ခိ ခိ ... မွေးနေ့ရှင်ကို စိတ်ရှည်ပါ သူငယ်ချင်း"

"အင်း ... ဒီတစ်နေ့လုံး ဒါနဲ့ပဲ ကိုင်ပေါက်နေတော့မှာပဲ"

"ပြီးပါပြီဟဲ့ ... လာပါပြီ"

"မြန်မာဝတ်စုံလေးနဲ့ ယဉ်ပျိုမဒီလေး ဖြစ်နေတယ်ပေါ့ လေ"





"ဒါပေါ့"

နှစ်ယောက်သား စနောက်ရင်း အဆောင်ပြင်ထွက် လာတော့ ဖြုန်းဆို ပန်းစည်းကြီးက သူမတို့ရှေ့ ရောက်လာသဖြင့် လန့်သွားသည်။

"Happy Birthday My love"

"ထူးနီ"

"ပျော်စရာမွေးနေ့ ဖြစ်ပါစေ မေမင်းလေး"

"ထူးနီ ... တို့မွေးနေ့မှန်း ဘယ်လိုသိလဲ"

"ဟင်း ဟင်း ... ဒီလိုပဲပေါ့"

"သူဇာမ"

"အံမယ် ... တရားခံကြည့် မကြည့်ပါနဲ့ ငါ မပြောဘူး"

"သူဇာပြောတာ မဟုတ်ပါဘူး မေမင်းရဲ့"

"ဒါဆို ဘယ်ကသိတာလဲ"

"ဆိုင်မှာ စုံစမ်းထားတာ၊ မေမင်းတို့ဆိုင်မှာ ဝန်ထမ်းတွေ ရဲ့ ကိုယ်ရေးရာဇဝင်တွေ ရှိနေတာပဲ"

"ဘာလဲ ... ဥမ္မာလင်းဆီက သိပြန်ပြီလား"

"မဟုတ်ပါဘူး၊ ဒီမိန်းမလား ပြောပြမှာ၊ ရော့ ... ပန်း စည်း"

နှင်းဆီဖြူတွေနဲ့ ပုဝါဖြူဖြူလေးကို ဖဲကြိုးစိမ်းစိမ်းလေးနဲ့ စည်းထားတဲ့ ပန်းစည်းလေးက လတ်ဆတ်လန်းဆန်းတဲ့ ခံစားမှုကို ပေးစွမ်းသည်။

"ဘုရားသွားမလို့လား၊ မညာနဲ့နော်၊ ဒီနိုင်းကြည့်ရင်သိတယ်"

"ဟုတ်တယ်၊ ဒီပန်းစည်းကို ဘုရားမှာ လှူလိုက်မယ်"

"ကောင်းတာပေါ့၊ ကုသိုလ်စပ်တူရပြီး ရေစက်ပါသွားတာပေါ့"

မေမင်းက မျက်စောင်းထိုးတော့ ...

"စိတ်ကို ကြည်ကြည်လင်လင်ထားပါ မွေးနေ့ရှင်။ ဒါနဲ့ စကားမစပ် ဘုရားကို လိုက်ခဲ့မယ်နော်"

"မလိုက်ပါနဲ့"

"လိုက်ပါရစေဟာ၊ ဒီမှာ မနက်လေးနာရီလောက်တည်းက လာထိုင်စောင့်နေတာ၊ တော်ကြာ ငါးနာရီလောက် ဘုရားကို ထသွားမှာစိုးလို့"

"လိုက်ပါစေဟယ်"

မေမင်း မငြင်းနိုင်တော့ဘဲ ပါလာတော့၏။ သူပေးတဲ့ပန်းစည်းကို ဘုရားမှာ လှူလိုက်တော့ သူက ပြုံးပြုံးကြီး။





ဘုရားရှိခိုးပြီးတော့ ...

"လာလေ ... တစ်ဆိုင်ဆိုင်မှာ မနက်စာ သွားစားကြတာပေါ့"

"မေမင်း ကျွေးမှာလား"

"ကျွေးမယ်လေ"

"စားရမှာပေါ့"

Feel မှာ မနက်စာ စားကြသည်။ ထူးနီကတော့ မေမင်း မျက်နှာကိုပဲ အရိပ်လို ကြည့်နေ၏။

"ရော့ ... မေမင်းအတွက် မွေးနေ့လက်ဆောင်"

အသည်းပုံ ရင်ထိုးလေးက ရွှေအတုတော့ မဖြစ်နိုင်။ ရွှေရောင်စင်းအိနေတဲ့ အသည်းပုံ ဖူးဖူးဖောင်းဖောင်းလေးက ရွှေသားအစစ်ပဲ နေမှာပါ။

"မယူချင်ဘူး ထူးနီ"

"ယူပါ မေမင်းရယ်၊ ကိုယ် အော်ဒါမှာထားတာ၊ ကိုယ့်စိတ်တိုင်းကျ ဖန်တီးထားတဲ့ လက်ဆောင်လေးမို့လို့ မငြင်းပါနဲ့ကွာ"

"ထူးနီ့ အသည်းပုံပေးရင် လွဲတတ် ကွဲတတ်တယ်လို့ ကြားဖူးတယ်နော်"

"ဟုတ်လို့လား မသူဇာရဲ့"

"ဟုတ်တယ် ... လက်ကိုင်ပဝါပေးရင် လွဲတတ်တယ်၊ အသည်းပုံလက်ဆောင်ပေးရင်လည်း လွဲတတ်တယ်တဲ့"

"သေချာလို့လားဗျာ"

"သေချာတော့ မသိဘူးလေ၊ ကြားဖူးတာ ပြောပြတာ"

ထူးနီက မျက်နှာပျက်ကာ ...

"အဲဒါမျိုးတွေကို အယုံအကြည် မရှိပေမယ့် မတော်တဆ လွဲသွားမှာစိုးလို့ မပေးတော့ဘူးနော် မေမင်းလေး။ ဒါလေးကို ကိုယ်ပဲ သိမ်းထားလိုက်တော့မယ်၊ ကိုယ်တို့ လက်ထပ်ပြီးမှပဲ ပေးတော့မယ်"

ပြောပြီး ရင်ထိုးလေးကို ဘူးထဲပြန်ထည့်သိမ်းနေသော ထူးနီကိုကြည့်ကာ မေမင်း စိတ်မကောင်း ဖြစ်သွားသည်။ ထူးနီဟာ သူမကို တကယ်ကို ချစ်တတ်လွန်းလှသည်လေ။

✤ ○ ✤





ဂျွန် ဒီတစ်ခေါက် နိုင်ငံခြားကနေ ပြန်မလာခင်ကတည်းက သူငယ်ချင်း MO မြင့်ဦးဆီ လှမ်းချိတ်သည်။

"MO မင်းဆိုင်မှာ မေမင်းဇာနည်လေး ရှိသေးလား"

"မင်း ဒါမျိုးကျတော့ မှတ်မိတယ်နော်"

"MO ကျားသစ်တို့မည်သည် သားကောင်ကို အလွတ်ပေးရိုး ထုံးစံမရှိဘူးလေကွာ ... ဟဲ ဟဲ ဟဲ ဟဲ"

"ဟွန့် ... မင်းတို့လို ကောင်တွေကြောင့်လည်း မိန်းမတွေ စီးပွားတက်ကုန်ကြတာပေါ့၊ အေး ... ရှိတယ်၊ ဒါပေမဲ့ ဒီတိုင်းတော့ မရဘူးနော်၊ ငါက စီးပွားရေးသမား"

"အေးပါ ... ဒါပေမဲ့ ငါကလည်း မပိုင်ရင် ခြင်ထောင်မရိုက်ဘူး MO ၊ မင်းကောင်မလေးကို ဖန်လို့ရမှ အပေးအယူ ဖြစ်မှာနော်"

"အေးပါ … စိတ်ချ၊ ပွဲမဖြစ်ရင် အကျိုးအမြတ် မရဘူး ဆိုတာ ငါ နားလည်ပါတယ်ကွာ"

"အိုခေ … ဒါဆို ငါလာရင် သူနဲ့ညှိကြည့်မယ်၊ လော လောဆယ် မင်း နည်းနည်း နားသွင်းပေးထားဦး၊ ငါ အချိန်သိပ်မရလို့၊ တော်ကြာ ဖန်ရတာနဲ့တင် အချိန်ကုန် သွားဦးမယ်"

"ကျားပါးစပ်ကြီးနဲ့ ချောင်းနေတယ်"

"အေး … ရွှေသမင်မလေးတော့ အိပ်မက်ကောင်းရဲ့လား မသိဘူး၊ ဒါပဲ MO ၊ ငါ အလုပ်ရှိသေးလို့"

"အေး"

ဦးမြင့်ဦး ဆိုင်ထဲကို လှမ်းကြည့်လိုက်သည်။ ဗျူနို့ကို အမ်းရမှာ နမြောစရာပါ၊ အဆီတစ်ထပ် အသားတစ်ထပ် အီစက်နေသည်။ ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။

"ဟဲလို"

"ဟန်နီးလား … ကိုယ်ပါ မြင့်ဦး၊ အကူအညီတစ်ခု တောင်းမလို့"

"အင်း … သားကောင်တစ်ကောင်လောက် ဆွဲစိပေးဦး"





"အိုး … နိုး … နိုး၊ ကိုယ့်အတွက် မလိုပါဘူး၊ US က လာမယ့် ကိုယ့်သူငယ်ချင်းအတွက်။ အင်း … သူက အချိန်သိပ်မရလို့ ကိုယ့်ကို အကူအညီတောင်းထားတာ"

"အိုခေ"

ဖုန်းပြောပြီးတော့ မေမင်းဇာနည်ကို လှမ်းကြည့်လိုက်သည်။ သူဇာနဲ့ ရယ်မောလို့ စကားပြောနေသည်။ အင်း … ဒီသူငယ်မလေး ချစ်စရာကောင်းသား။

✣ ○ ✣

"ညီမလေးနာမည်က မေမင်းဇာနည်နော်"

"ဟုတ်"

"အင်း … ပြောချင်စရာ ကောင်းလောက်အောင်လည်း ချောတာကိုး"

"ရှင်"

"အဟင်း … အစ်မသူငယ်ချင်း ဂျွန်က ညီမလေးကို အရူး အမူး စွဲလမ်းနေတာ၊ သူ တဖွဖွ ပြောလွန်းလို့ လာကို ကြည့်တာ၊ ပြောလောက်ပါတယ်၊ ဂျွန်လိုလူမျိုးကို ဆွဲဆောင် နိုင်တဲ့ အလှပဲ"

မေမင်း ဘာပြောရမှန်းမသိ။ ထိုမိန်းမပုံစံ ကြည့်ရ တာ သားသားနားနား အဆင့်အတန်းရှိရှိထဲကမို့ သည်းခံနား ထောင်ပေးနေရသည်။





"ဂျွန်က ဘယ်မိန်းကလေးကိုမှ သိပ်စွဲစွဲလမ်းလမ်း မရှိဘူး၊ အခု ညီမလေး မေမင်းလေး အလှကျမှ ဒူးထောက်ကျတာ၊ ဟင်း ဟင်း … ဂျွန့်ကို သိတယ်မို့လား၊ ညီမတို့သူဌေး ကိုမြင့်ဦးနဲ့ ပါတနာတွေလေ"

"မသိ … မသိပါဘူး အစ်မ"

"ဆိုင်ကိုလာဖူးတယ်၊ လာဖူးလို့ ညီမကိုမြင်ပြီး ရူးသွား တာ၊ သူက US မှာနေတာလေ။ အခု ဒီလကုန် လာမှာ၊ အဲဒီကျရင် ညီမကို Propse လုပ်မလို့တဲ့"

US မှာနေတဲ့ သူဌေးပါတနာ။ မေမင်း ရင်တွေ ဒိန်းခနဲ ခုန်သွားသည်။ ဟို … ခပ်ချောချော ခပ်ဖြောင့်ဖြောင့် အစ်ကိုကြီးလား မသိ။

"ကဲ … ကိုမြင့်ဦးနဲ့ အလုပ်ကိစ္စလေးရှိလို့ လာတာ ညီမ ရေ၊ အစ်မ သူနဲ့ သွားတွေ့လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဟန်နီက မေမင်းကို နားသွင်းပြီး ဦးမြင့်ဦး အခန်း ထဲ လစ်သွားသည်။ သူဇာမကတော့ သတိပေးရှာသည်။

"ဟဲ့ … မေမင်းမ မျှောမနေနဲ့ဦး၊ သူဌေးရဲ့ပါတနာတွေတဲ့၊ အန္တရာယ်ကြီးတယ်နော်"

"နေပါဦး သူဇာရယ်၊ ဘာမှန်းမသိဘဲ ရမ်းကြောက်နေသလို ဖြစ်နေပြီ"

"အေးပါ၊ ငါက နင်မေ့နေမှာစိုးလို့ သတိပေးတာ၊ ငါတို့ဘဝနဲ့ သူတို့အသိုင်းဝိုင်း မအပ်စပ်ဘူးနော်၊ သတိထားဦး"

"စိုးရိမ်မနေပါနဲ့ဟာ၊ လာပဲ လာပါစေဦး"

"ဟဲ့ ... လာဖို့ မဆုတောင်းနဲ့ မမရေ၊ လာတာက ဘယ်နည်းနဲ့မှ ကောင်းသောလာခြင်း ဖြစ်မှာမဟုတ်ဘူး၊ တို့သူဌေးပဲကြည့်၊ သူတို့အသိုင်းအဝိုင်းက ယောကျ်ားတွေက ကြွက်တွေချည်းပဲဟဲ့"

"အေးပါ"

"အန္တရာယ်များပါတယ်ဟယ်၊ ထူးနီအချစ်ကို လက်ခံလိုက်ပြီး အေးဆေးနေပါလား"

"ဒီဘူတာပဲ၊ ဒီမှာ ဒီနှလုံးသားကို ရင်ခုန်ခွင့် ပေးပါဦး"

"ရင်ခုန်တိုင်း ကောင်းတာမှ မဟုတ်တာဟယ်၊ နင် ဒုက္ခရောက်မှာစိုးလို့"

"အေးပါ၊ နင့်စေတနာကို ငါ နားလည်တယ်၊ စိတ်ချ ... ငါ ဘယ်တော့မှ ဒုက္ခအရောက်မခံဘူး"





"အေးပါ ... သူဌေးဆိုတဲ့ လူတွေက ငါတို့လို ဘဝနိမ့်နဲ့ မွဲတဲ့သူတွေကို ငွေနဲ့ဖိသတ်ဖို့ ကြိုးစားတတ်ကြလွန်းလို့ပါ၊ ငွေပိပြီး ဘဝမသေစေနဲ့ သူငယ်ချင်း၊ ငွေက အရာရာတိုင်းကို မဖန်တီးနိုင်ဘူး၊ အဲဒါကို ဘယ်တော့မှ မမေ့နဲ့"

"ဟုတ်ကဲ့ပါ မမ"

"ကဲ ... ညီမလေး၊ မမ ထမင်းသွားစားနှင့်မယ်၊ ပြောရတာ မောသွားလို့ ဗိုက်တောင်ဆာသွားပြီ"

မေမင်း ခေါင်းညိတ်ပြလိုက်သည်။ မေမင်းတို့ကို ကြည့်နေတဲ့ မျက်ဝန်းနှစ်စုံကိုတော့ သူမတို့ မမြင်နိုင်ကြပါ။

✤ ○ ✤

"ကိုယ် ရွှန်ပါ မေမင်းဇာနည်"

မေမင်း သူ့ကို ရုတ်တရက် တွေ့လိုက်ရ၍ လန့်သွားသည့်ကြားတဲ့ သူက ရွှန် ဆိုပါလား။ ရွှန်တဲ့။ မေမင်း သဘောကျတဲ့သူက ရွှန်တဲ့။ မေမင်း ရင်ခုန်သံတွေ ပြောင်းပြန်လည်ပတ်နေသလား မှတ်ယူရသည်။

"ဟေး ... ဘာငေးနေတာလဲ ဘေဘီ။ ဘာလဲ ကိုယ်က ခန့်ချောကြီးမို့လို့လား၊ ဒီဘဲကြီး ချောလိုက်တာ ဆိုပြီး တွေးနေတာလား ဟန်နီဘေဘီလေး"

အမယ်လေး ... တော်ကီက သေလောက်အောင် စား၏။ သူ ... သူဌေးရဲ့သူငယ်ချင်း ခန့်ချောကြီး။ မေမင်းကို ရင်ခုန်စေတဲ့သူပါ။

ချောချက် ခန့်ချက် သန့်ချက်ကတော့ မေမင်း ရင်ထဲမှာ ယှဉ်စရာလူကိုမရှိ။ မေမင်း အသံတိတ်နေသဖြင့် ...





"ဘေဘီမေမင်းလေး၊ ဘာတွေ တွေးနေတာလဲ၊ ကဲ ... လာပါဦး၊ ကိုယ် စကားခဏပြောချင်လို့"

မေမင်းကို သူ စကားလာပြောတာကို ဆိုင်ထဲမှာရှိတဲ့ မျက်လုံးပေါင်းစုံက ဝိုင်းကြည့်နေကြသည်။

သူက ညှိသည်တွေထိုင်ဖို့ ချထားသော ဆိုဖာဆက်တီပေါ် သွားထိုင်ရင်း မေမင်းကို ခေါ်သည်။ မေမင်း မသွားချင်ပါ။ စူးရှနေတဲ့ အကြည့်ပေါင်းစုံကို မေမင်း လန့်သည်။

သူဇာမကလည်း လက်ကုတ်သည်။

"သတိထားနော် မေမင်း"

"ဟေး ... ဘေဘီ come on"

ဒုက္ခပဲ။ ဒီလူကြီးကလည်း မရမက ခေါ်မည့်ပုံ။

"လာ ... ငါလိုက်ခဲ့ပေးမယ်"

သူဇာက မေမင်းလက်ကို ဆွဲခေါ်လာ၏။ မသွားလို့မှ မရတာ။ ရွှန်ဆိုတဲ့လူဟာ လောလောဆယ် ဆိုင်ကိုလာတဲ့ ညှိသည်။ ပြီးတော့ သူဌေးသူငယ်ချင်း။ ဘဝဆိုတာလည်း ခက်သားနော်။

"မေမင်း"

"ဦးချွန် ဘာပြောစရာရှိလို့လဲရှင်၊ ဆိုင်ထဲမှာ ဈေးမဝယ်ဘဲ စကားလိုက်ပြောနေတော့ သူများတွေက အကဲခတ်နေကြတယ်လေ"

သူဇာက ဝင်ပြောပေးတာပါ။ မေမင်းကတော့ ကြောက်တာရော ရင်ခုန်တာပါ ပေါင်းပြီး အာစေးမိနေသည်။

"ဒီလိုလား ... ဆောရီးကွာ၊ ကိုယ်က ဆိုင်ထဲမှာ စကားအေးအေးဆေးဆေးပြောလို့ ရမယ်ထင်လို့၊ အိုခေလေ ... ဒါဆိုလည်း ကိုယ်တို့အပြင်မှာ ချိန်းကြတာပေါ့၊ မေမင်းလေး ဒီညနေ အလုပ်ဆင်းရင် Juction Square က Lotteria ကို လာခဲ့လေ"

"ဘာအတွက် လာရမှာလဲ"

ဒေါသထွက်နေသူက သူဇာပါ။ ဒီလူက အပိုင်ကြီးကို ချိန်းနေတာပါ။ အထာတော့မကျ။ ဆိုင်ထဲမှာလည်း အတင်းစကားလာပြောလိုပြော၊ ပုံစံတော့မကျ၊ မေမင်းက တောမို၊ ဘာမှမပြောဘဲ ခေါင်းကြီးငုံ့လို့။ ဒီငမူ လုပ်ပုံမဟုတ်သေးဘူး။

"မင်းက မေမင်းနဲ့ ဘာ:တော်လဲ"

"ညီအစ်မလိုနေတဲ့ သူငယ်ချင်း"





"အဟက် ... ကိုယ် မင်းသူငယ်ချင်းကို သဘောကျတယ်၊ သူနဲ့ စကားနည်းနည်းပါးပါး ပြောချင်တယ်၊ အဲဒါကြောင့် ဒိတ်တာ"

"ဒါ မြန်မာပြည်ပါ ဦးလေး၊ မြန်မာပြည်မှာ မြန်မာမိန်းကလေးတွေကို ဒိတ်ချင်တိုင်း ဒိတ်လို့မရဘူး၊ ကျွန်မတို့ အလုပ်ရှိသေးလို့ ဆောရီး"

ပြောပြီးတာနဲ့ သူဇာမက မေမင်းလက်ကို ဆွဲခေါ်ပြီး ထထွက်သွား၏။

✤ ○ ✤

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

မေမင်းတို့ အဆောင်ပြန်ရောက်ပြီး ရေချိုးကာ ညနေစာအတွက် ခေါက်ဆွဲပြုတ်နေတုန်း ဖုန်းလာသည်။

မေမင်း မသိသော နံပါတ်အစိမ်းတစ်ခု။ ဦးချွန်လားဟူသည့် အတွေးက ရင်ကို တဒိန်းဒိန်း ခုန်စေသည်။

"ဟဲလို ... ဟန်နီ"

"ယေး ... မေမင်းဇာနည်လား၊ ဟဲလို ... ဟဲလို"

"ဟုတ် ... ဟုတ်ကဲ့"

"အမယ်လေး ဘေဘီရယ်၊ ကိုယ့်ကို ဘီလူးသရဲလို လန့်နေတာလား"

"ဦး ... ဦးချွန် ... ဘာပြောမလို့လဲ"

"ကိုယ် ဘေဘီလေးကို အရမ်း အရမ်းကို ချစ်တယ်ကွာ၊ အဲဒါလေး ပြောမလို့ပါ"





"ဦးချွန်"

"ပြော ... ဘေဘီလေး"

"မေမင်း ဖုန်းချလိုက်တော့မယ်"

"နိုး ... နိုး ... နိုး၊ အဲလိုမလုပ်ရဘူးလေ ဘေဘီရဲ့၊ ကိုယ်က ချစ်လို့ပါကွာ၊ ဘာလို့ ကိုယ့်ကို ကြောက်နေတာလဲ"

"ဟို ... မေမင်း ... ဖုန်းချ ..."

"ဖုန်းချလိုက်ရင်တော့ အဆောင်ကို လာခဲ့မှာနော်၊ ဘယ်လိုလဲ၊ အခုထွက်လာရမလား"

"ဟင့်အင်း ... မလာပါနဲ့"

"ကိုယ် တွေ့ချင်လို့ပါကွာ"

"မလာနဲ့ ... မလာနဲ့"

"ဒါဆို ဖုန်းမချနဲ့၊ ဪ ... မနက်ဖြန် ဘေဘီ နားတယ်မို့လား။ မနက်ဖြန်တော့ တွေ့ခွင့်ပေးကွာနော်၊ ကိုယ်အချိန်သိပ်မရဘူး ဘေဘီ၊ ခွင့်တစ်လပဲ ရခဲ့တာ၊ ကိုယ့်မှာ အချိန်ရှားပါးလို့ ဘေဘီလေးကို အချိန်ပေးပြီး မလိုက်နိုင်တာ ခွင့်လွှတ်ပေးပါကွာ ... နော်၊ မနက်ဖြန် ကိုယ်တို့ တွေ့ကြရအောင်နော်"

"ဟင့်အင်း"

"မငြင်းနဲ့ ကိုယ်လာခေါ်မယ်"

"မခေါ်နဲ့"

"ဒါဆို ဘေဘီလေး လာခဲ့။ ကိုယ် ဘေဘီလေးအတွက် ဟိုကနေ လက်ဆောင်တွေလည်း ဝယ်လာသေးတယ်ကွာ၊ ပေးချင်လို့ပါ"

"မေမင်း လက်ဆောင် မလိုချင်ဘူး"

"လာတော့ လာမယ်မို့လား"

"ဟိုလေ"

"လာခဲ့ပါ ကိုယ့်ရဲ့အိပ်မက်သခင်လေးရယ် ... နော်၊ ချစ်ဆုံး သည်းတုံလေးရဲ့"

မေမင်း နားတွေတောင် ရှက်ကာ ပူထူရှိန်းဖိန်းသွားသည်။ တစ်ဖက်ကလည်း သူ့တော်ကီတွေကို ကျေနပ်သလိုလို။

သူဇာမက မေမင်း ဖုန်းပြောတာကို ကြည့်ပြီး ခေါင်းယမ်းနေသည်။

"ဘေဘီလေး"

"မေမင်း ဖုန်းချလိုက်တော့မယ်"





"အိုခေ ... မနက်ဖြန် လာခဲ့နော်"

မေမင်း ဖုန်းပြောပြီးတော့ သူဇာမက ...

"မေမင်းမ ... နင် သူ့ကို သတိထားနော်၊ အဲဒီလူကြီးပုံစံကြည့်ရတာ တစ်မျိုးပဲ၊ နိုင်ငံခြားမှာ သူ့မိန်းမတွေ ဘာတွေ မရှိဘူးလို့ ဘယ်သူပြောနိုင်မှာလဲဟဲ၊ အန္တရာယ်ချောက်ကြီးနော် မေမင်းမ"

"ငါ သူနဲ့တွေ့ပြီး သေချာစကားပြောကြည့်ဦးမယ်လေ၊ မဘော်လို့များ ငါ ထိပေါက်နေရင် ဘယ်လိုလုပ်မလဲ။ သူက ငါ့ကို တကယ်ချစ်ခင်ပြီး အတည်တကျ ယူမှာဆိုရင် ငါ့လောက် ကံကောင်းတဲ့သူ ရှိမှာမဟုတ်ဘူးဟ"

"စိတ်ကူးမယဉ်စမ်းပါနဲ့ဟာ အသက်ကိုးဆယ် တစ်ရာထိ နေရတဲ့သူတွေတောင် ထိပေါက်ဖို့ မလွယ်ဘူးလေဟာ၊ ဒီလူက နိုင်ငံခြားမှာ အခြေချနေတဲ့သူ။ ပြီးတော့ သူဌေးသူငယ်ချင်း။ သူဌေးအကြောင်း နင်လည်း သိနေတာပဲဟာ၊ ဝံပုလွေဟာ ဝံပုလွေချင်းပဲ အုပ်စုဖွဲ့တယ်နော် မေမင်းမ"

"နင့်စေတနာကို ငါ နားလည်ပါတယ် သူဇာမရယ်၊ ဒါပေမဲ့ ငါ တွေ့တော့ တွေ့ကြည့်ချင်သေးတယ်၊ မျှော်

လင့်ချင်သေးတယ်၊ ခဏပဲ စိတ်ကူးယဉ်ခွင့်ရရ ယဉ်ချင်သေးတယ်ဟာ၊ ငါ့ဘဝက လှိုင်သာယာလို နေရာမျိုးမှာ ကျူးကျော်တဲလေးနဲ့ နေရတဲ့ဘဝ။ ငါ ခဏပဲဖြစ်ဖြစ် သာယာချင်တယ်၊ ဒါပေမဲ့ ငါ့ကိုယ်ငါတော့ အထိနိုက်မခံပါဘူး”

“နင် ဘာပဲပြောပြော ကျားနဲ့ ကစားတာ အန္တရာယ်ရှိတယ်ဟ၊ ဘယ်ကျားမှ သက်သတ်လွတ် မစားဘူးနော်၊ ငါကတော့ မတွေ့စေချင်ဘူး မေမင်းရယ်”

“ကဲ ... ဘာမှမပြောနဲ့တော့၊ ငါ့ကို အကျီဝိုင်းရွေးပေး၊ ရှိတာထဲကပဲ လှအောင်ဝတ်သွားရမှာ”

သူစာက သက်ပြင်းချသည်။ ပြောသာ ပြောရတာပါ။ မေမင်းလည်း ကြောက်ပြီး ရင်တုန်နေပါတယ်လေ။

✣ ○ ✣





ဦးရွှန် ... တဲ့။

နိုင်ငံခြားမှာ အခြေချ နေထိုင်သူ မျက်စိစွဲအောင် မြန်မာဆန်ဆန်လေးပဲ ဝတ်သွားဖို့ ဆုံးဖြတ်လိုက်သည်။

အင်း ... ကောင်းကောင်းမွန်မွန်တော့ သိပ်မရှိပါဘူး။ လမ်းဘေးမှာ ပုံရောင်းတဲ့ ဇာအပျော့သားလေးကို ဗိုးပြောင်လေးခံပြီး ချုပ်ထားတဲ့ ဝမ်းဆက်ကလေးနဲ့ နှစ်ပါးသွားရမှာ။

ချုပ်တဲ့သူပဲ သေသပ်လို့လား မသိ။ ဇာက အပေါ်စားလို့တောင် မထင်ရ။ သူမရဲ့ ပြေပြစ်လှတဲ့ အလှကောက်ကြောင်းမှာ ဗိုးပျော့လေးက အလိုက်သင့် စီးမျောကာ ဝတ်ရတာ ကဗျာတစ်ပုဒ်လို ယုံကြည်မှုတွေ ရှိနေခဲ့သည်။

သူစာမ အလုပ်သွားပြီ။ သူမ ပြင်ဆင်နေတာသာ သူစာမ မြင်ရင် ပြောဦးမှာ။ တွေ့မယ်လို့သာ ပြောတာ။ ဘယ်

မှာတွေ့ရမှာလဲ မသိ။ သူမဘာသာ အလှတွေပြင်ထားတာလေ။ လကုန်ကာနီးမို့ ရေခန်းငါး ဖြစ်နေကာ ဖိနပ်ကလေးတောင် အသစ်မဝယ်နိုင်။ ရှိတဲ့ဖိနပ်ကလေးကလည်း ဒေါက်ကလေး ပွန်းနေ၏။ မတတ်နိုင်ဘူး။ ရှိတာပဲ စီးသွားရမှာပေါ့။

သွားဖို့သာ ပြင်နေတာ။ ဘယ်သွားရမှန်း မသိသေး။ ဖုန်းလေးကို ကြည့်နေတုန်း Massage ဝင်လာသည်။

"ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဓာတ်လှေကားနားမှာ စောင့်နေမယ်။ မြန်မြန်လာခဲ့နော်။ တစ်နာရီအတွင်း ရောက်မလာရင် အဆောင်ကို လာခေါ်မယ်"

သူမ ရင်ခုန်သွားသည်။ ဦးဂျွန်က သူမကို ဘုရားမှာချိန်းတာဆိုတော့ မဆိုးပါဘူး။

သူမ အဆောင်က ထွက်လာတော့ အဆောင်သူတွေက အကဲခတ်နေကြသည်။

တချို့ကလည်း ...

"လှလှချည်လား၊ ကော်ဇော ဘဲဘဲနဲ့ ချိန်းထားတယ် ထင်တယ်"

"မဟုတ်ပါဘူး၊ အလှူသွားမလို့ပါ"





အကောင်းပြောရင် ကျေနပ်တာ လူ့သဘာဝပဲလေ။ လှတယ်ပြောတော့ ပီတိဖြာသွား၏။ သူမ အဆောင်ကထွက်လာပြီး တက္ကစီငှားစီးဖို့ ဆုံးဖြတ်လိုက်သည်။ လိုင်းကားကျပ်ကျပ်တိုးစီးရင် ရှုံးပုံမှာစိုးလို့လေ။ သူမ ကားငှားစီးရတဲ့ ပိုက်ဆံကို နှမြောပါသည်။ ဒါပေမဲ့ ဒီလောက်တော့ ရင်းရမှာပေါ့လေ။

မစီးဖူး ကားငှားစီးလာရလို့လားမသိ စိတ်ထဲတစ်မျိုးပဲ။ နောက်ကျောပဲ မလုံသလို။ လိုင်းကားနဲ့ ဆိုင်ကယ်ရီပဲ စီးနေကြ။ တက္ကစီများ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမစီးဖူးဘူး။ ဒီတစ်ခါ အရဲစွန့်ပြီး စီးတာမို့ လူကကြောက်ကာ ချွေးပြန်နေသည်။ ဒါတောင် အသက်ကြီးကြီးမောင်းတဲ့သူရဲ့ကားကို ငှားစီးလာတာပါ။

လှည်းတန်းနဲ့ ဘုရား သိပ်မဝေးပေမယ့် လမ်းမှာ မီးပွိုင့်တွေက မိသမျှ အကြာကြီးကိုမိတာ။ လင့်လမ်းကနေ ဘုရားကိုရောက်ဖို့ တော်တော်ကို ကြာနေသည်။

သူမ ဖုန်းမြည်လာတာကို လန့်သွားသည်။

"မလာသေးဘူးလား ဘေဘီ၊ ကိုယ်လာခေါ်ရမလား"

"လာ ... လာနေပြီ၊ လင့်လမ်းမှာ ကားပိတ်နေလို့"

"အိုခေ ... ဒါဆို စောင့်နေမယ်နော်"

"ဟုတ်ကဲ့ရှင့်"

ကားပိတ်ချက်တွေက လန်ထွက်နေတာပဲ။ ခြေလျင်လျှောက်သွားတာကမှ မြန်ဦးမည်။ ခြေလျင်လည်း မလျှောက်ချင်။ ရှိုးပွဲမှာ စိုးလို့ပါ။

ရင်တွေကလည်း ခုန်သည်။ ကားပိတ်နေလို့ စိတ်တိုကာ မြန်မြန်ရောက်ချင်သလို ဦးဂျွန်နဲ့ မြန်မြန်တွေ့ရမှာကိုလည်းကြောက်။

နောက်ဆုံးတော့ ကားလေးက ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်နားကို တရွေ့ရွေ့ ချဉ်းကပ်လာပါပြီ။ ဦးဂျွန် ဘယ်နားမှာလည်းတော့ မသိ။ သူမက ဒီတိုင်းပဲ ဘုရားပေါ်တက်သွားဖို့ဆုံးဖြတ်လိုက်သည်။

ကားပေါ်ကဆင်းပြီး ဓာတ်လှေကားဘက် လျှောက်လာလိုက်သည်။

"ဟိတ်"

"အမယ်လေး"

ဘယ်နားကနေ ပေါ်လာမှန်းမသိ။ သူမဘေးမှာရုတ်တရက် ပေါ်လာသော ဦးဂျွန်ကို တွေ့လိုက်ရသည်။





ယောပုဆိုးနဲ့စတစ်ကော်လာအဖြူနဲ့သန့်ပြန့်နေသည်။

"လှလိုက်တာကွာ၊ မြန်မာဆန်ဆန်လေး ရင်ကိုအေးသွားတာပဲ"

ထူးနိုနဲ့တုန်းက မခုန်တဲ့ ရင်ဘတ်ကြီးက ဦးဂျွန်ရဲ့စကားလုံးတွေကြားမှာ တငြိမ့်ငြိမ့် တသိမ့်သိမ့်။ ဘာပြန်ပြောရမှန်း မသိဘဲ အရှက်သည်းနေသေးသည်။

ဘုရားပေါ်ရောက်တော့ ဦးဂျွန်က တနင်္လာထောင့်မှာ ကန်တော့သည်။ မေမင်းက ကြာသပတေးပါ။

မေမင်း ဦးဂျွန်ကို မစောင့်ဘဲ ကြာသပတေးထောင့်ကို သွားလိုက်သည်။ ဘာမှမဟုတ်သေးဘဲ သူ့ကိုစောင့်ရမှာတစ်မျိုးကြီးလေ။

မေမင်း ရေသပ္ပာယ်ပြီးတော့မှ သူ ရောက်လာသည်။

"ကိုယ့်ကိုတောင် မစောင့်ဘူး"

မေမင်း ဘာမှပြန်မပြောဘဲ ဘုရားရှိခိုးလိုက်သည်။ မေမင်းက ဗုဒ္ဓဘာသာပေမယ့် ဘုရားတရားလည်း ထဲထဲဝင်ဝင်လုပ်တာ မဟုတ်ပါ။ ထို့ကြောင့် ဘုရားရှိခိုးချိန်လည်း မကြာပါ။ ဩကာသလောက်နဲ့ပဲ ပြီးသွားသည်။ ဩကာသရုံတောင် စိတ်က ဟိုရောက် ဒီရောက်။

"ကိုယ်တို့ တစ်ဆိုင်ဆိုင်မှာ သွားစားရင်း စကားပြောရအောင် ဘောဘီလေး။ ဒီမှာက ပြောလို့မကောင်းဘူးလေ"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ မေမင်း မလိုက်ချင်ဘူး"

"လိုက်ခဲ့ပါကွာ၊ ဘုရားပေါ်ကျတော့ ကိုယ်ပြောမယ့်စကားတွေနဲ့ မသင့်တော်လို့ပါ"

မေမင်း ဘာမှပြန်မပြောသဖြင့် ...

"စိတ်ချ ဘောဘီ၊ ဘောဘီ လက်မခံရင် ကိုယ် ဘောဘီ့ကို လက်ဖျားနဲ့တောင် မထိဘူး၊ ကိုယ် လူကြီးလူကောင်းတစ်ယောက်ပါ အိုခေ"

မေမင်း အားနာသွားသည်။

"လိုက်မယ်မို့လား"

"ဟုတ်ကဲ့"

"လာ"

ဘုရားပေါ်မှာ ဘာစကားမှ ဆက်မပြောတော့ဘဲ ဆင်းလာခဲ့လိုက်သည်။ ဦးဂျွန့် ကားနက်ကြီးပေါ် တက်ဖို့ပြင်နေတုန်း ...

"မေမင်းလေး"





"ဟင် ... ထူးနီ"

"အဲဒါ ဘယ်ကိုလဲ"

"ရှင် ဘယ်လိုရောက်လာတာလဲ ထူးနီ"

"ဘယ်လိုပဲ ရောက်ရောက်ပါ၊ အဲဒါ အရေးမကြီးဘူး၊ အရေးကြီးတာက မေမင်း ဘာလို့ ဒီကားပေါ် တက်မှာလဲ"

"ထူးနီ ... ရှင် ကျွန်မနောက်က လိုက်ချောင်းနေတာလား"

"ဟုတ်တယ်။ ဒီမနက် ကိုယ် မေမင်းဆီ လာတာ။ မေမင်း တက္ကစီပေါ် တက်သွားတာတွေ့လို့ နောက်က လိုက်လာတာ။ ဒီရောက်တော့ ကိုယ်ခေါ်မလို့လုပ်တုန်း ဒီလူကြီးနဲ့ တက်သွားတာတွေ့လို့"

"ကဲ ... ကျွန်မတို့ သွားစရာရှိသေးတယ် ထူးနီ၊ သွားလိုက်ဦးမယ်"

"ဘယ်သွားမှာလဲ၊ သွားရင် ကိုယ်လည်းလိုက်ခဲ့မယ်"

"ဒါ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာလေ ထူးနီ၊ ရှင်က ဘာလိုက်လုပ်မှာလဲ"

"လာ ... မင်း ခဏလာဦး၊ မင်းကို ကိုယ်ပြောစရာရှိလို့"

"မလာဘူး၊ ရှင် ဒိုးလိုက်တော့"

"ဘောဘီ ... ဒီချာတိတ်က ဘယ်သူလဲ"

"ကျွန်တော်က မေမင်းဓာနည်ကို မြတ်မြတ်နိုးနိုး ချစ်နေတဲ့သူ"

"ဩော် ... ကဲ ဓာတ်လမ်းမြန်မြန်ရှင်းကြကွာ၊ အချိန်ကုန်တယ်"

"ဘာမှ ရှင်းစရာ မလိုဘူး ဦးဂျွန်၊ သူနဲ့ မေမင်း ဘာမှ မဆိုင်ဘူး"

ပြောပြီးတာနဲ့ မေမင်းက ဦးဂျွန်ရဲ့ကားနက်ကြီးပေါ် တက်လိုက်သည်။

"မေမင်း ... မေမင်းဓာနည်"

ဂျွန်လည်း ကားပေါ်တက်ကာ မောင်းထွက်လာလိုက်တော့သည်။

ထူးနီကတော့ တက္ကစီတစ်စီးတားကာ လိုက်ဖို့ကြိုးစားသည်။ ဒါပေမဲ့ ...။

✤ ○ ✤





"ဘောဘီမေမင်းလေး ဘာတွေ ရွေးနေတာလဲ ...

လာပါဦး ကိုယ် စကားတော့ပြောချင်လို့"

မေမင်းကို မှ ... ပြောတာကို ဆိုင်...

မျက်လုံးပေါင်းစုံက ဝိုင်းကြည့်နေကြသည်။

ထူးနီရဲ့ကားက မီးပွိုင့်မှာ ပြတ်ကျန်နေခဲ့သည်။ ဂျွန်က လေတစ်ချက် ချွန်လိုက်ကာ ...

"ဘာစားချင်လဲ ဘောဘီလေး"

ဂျွန် မေးလိုက်တုန်းမှာပဲ ထူးနီက မေမင်းဆီ ဖုန်းလှမ်းဆက်သည်။ မေမင်း မကိုင်တော့ဘဲ ဖုန်းပါပိတ်ပစ်လိုက်သည်။ အမြင်ကတ်လို့။ သက်သက်လိုက်နှောင့်ယှက်နေ၏။

ဂျွန်က ပြုံးလိုက်ကာ ...

"ဘောဘီ ဘာစားမလဲ"

"ရပါတယ် ဦးဂျွန်၊ အဆင်ပြေတာပေါ့"

"အိုခေ ... စကားအေးအေးဆေး ပြောလို့ရအောင် Sky Lounge ကို သွားကြတာပေါ့"

Sky Lounge ဆိုတာ ဘယ်နေရာပါလိမ့်။ မေမင်း မသိပါ။ ဘယ်သိမလဲ။ မေမင်းက စားသောက်ဆိုင်တွေမှာ တက်

စားနိုင်တဲ့ အနေအထားမှ မဟုတ်။ ခေါက်ဆွဲကြော်စားချင်ရင် တောင် ဆိုင်က ဝယ်စားရင် မတန်လို့ ကိုယ့်ဘာသာကြော်စား တဲ့သူ။

"လာ ... သောဘီ"

လက်ကလေးကို ဖျတ်ကနဲ ဆွဲလိုက်တာ မြန်မှမြန်။ မေမင်းကလည်း သိသိသာသာပဲ အတင်းပြန်ရုန်းထွက်ပစ်လိုက် သည်။

"တွန့်တိုတယ်ပေါ့။ အဲလောက်ကြောက်နေရင် တစ်ကိုယ် လုံး ဝါးစားပစ်လိုက်မှာနော"

မေမင်းသည် ဦးဂျွန်ရဲ့ ရဲတင်းပွင့်လင်းလွန်းတဲ့ စကားကြီးကို မနှစ်သက်ပါ။ အပျိုလေးပီပီ ရင်ခုန်စရာ အနုအလှ စကားလုံးအစုလေးတွေကိုပဲ ကြားချင်တာ။ မေမင်း သက်ပြင်းခိုး ချလိုက်၏။

ဆာကူရာတာဝါရဲ့ အထပ်နှစ်ဆယ်ကို ဓာတ်လှေ ကားစီးရတာလည်း ကြောက်သည်။ တစ်ခါမှ အမြင့်ကြီး မစီးဖူး တော့ ခေါင်းတွေကိုက်ပြီး မူးနောက်လာကာ ချွေးစေးတွေတောင် ပြန်လာသည်။





အင်း ... ဦးဂျွန်နဲ့ လာတွေ့ရတာ တစ်ခုမှ သာသာ ယာယာ မရှိပါလားနော်။ မသာယာတဲ့အပြင် စိတ်တောင်ညစ်လာ သေးသည်။

ဓာတ်လှေကားထဲမှာ သူမနဲ့ ဦးဂျွန် နှစ်ဦးတည်းရှိ နေတာလည်း စိတ်စနိုးစနောင့်ဖြစ်ကာ အဆင်မပြေ။

အပေါ်မြန်မြန်ရောက်ပါစေ ဆုတောင်းမိသည်။ ဓာတ်လှေကားစီးရတဲ့ အချိန်ခဏလေးဟာ သူမအတွက်တော့ တော်တော်ကြာသလိုပဲ။

ဓာတ်လှေကား ပွင့်သွားတော့ ရောက်ပြီထင်ပြီး အမြန်ထွက်ဖို့ ပြင်လိုက်သည်။

"ဟိတ် ... မရောက်သေးဘူးလေ၊ ခုမှ ဆယ့်ငါးထပ်ပဲ ရှိသေးတာ"

လူသုံးယောက် ဓာတ်လှေကားထဲ ထပ်ဝင်လာသည်။ အထပ်နှစ်ဆယ်ရောက်တော့မှ အားလုံးထွက်ကာ သူပြောတဲ့ Sky Lounge ဆိုတာကို ရောက်တယ်ထင်ပါရဲ့။

ကျန်တာတော့ မသိ။ ရှခင်းတွေက မေမင်းကို ဖမ်းစားသွားသည်။ ရန်ကုန်မြို့မှာ ဒီလိုနေရာမျိုးရှိမှန်းတောင်

မသိတဲ့ မေမင်းက ထို Sky Lounge ကို တော်တော် သဘော တွေကျ မ်နောတွေ ဓွေ့သွား၏။

"ဆွိတီလေး ... လာ"

သူကမ်းပေးတဲ့လက်ကို မသိချင်ယောင် ဆောင်လိုက်သည်။ ဂျွန်က ပခုံးတွန့်လိုက်၏။ အစိမ်းဆန်တာလား၊ ဈေးဆွဲ တင်နေတာလားမသိ။ မူတော့ မူနေသည်ဟု တွေးနေမိ၏။

"ဘာစားမလဲ ဘာသောက်မလဲ"

"ဦးဂျွန် အဆင်ပြေတာ မှာပါ"

သူမမှ မမှာတတ်တာ။ သူမှာပေးတာပဲ စားရမှာပေါ့။

"ဒါဆို ဘီယာတို့ ဝီတို့ မှာလိုက်ရမလား"

"ဟင် ... ဒါ အရက်ဆိုင်ကြီးလား"

"ဟုတ်တယ်လေ"

"ဟင် ... ဒါဆို မေမင်း မထိုင်တော့ဘူး ပြန်မယ်"

ဂျွန်က ဟက်ဟက်ပက်ပက် ရယ်လိုက်ကာ ...

"ဘေဘီကလေးကလေ ... ဟား ဟား၊ ကဲပါ ... ကိုယ် ကော်ဖီမှာပေးပါ့မယ်၊ ဟုတ်ပြီလား"





"အရက်ဆိုင်ဆို"

"အရက်ဆိုင်က ကော်ဖီရပါ့မလား၊ ဟူး ... ရှင်းပြရတာ မောလိုက်တာကွာ၊ ထမင်းစားမလား၊ ဒါမှမဟုတ် ကော်ဖီနဲ့ မုန့်စားမလား"

"ကော်ဖီပဲ"

"အိုခေ"

သူက waiter ကို အင်္ဂလိပ်လို မှာနေတာကို မေမင်း အထင်တကြီး ကြည့်နေမိသည်။ ဦးဂျွန်နဲ့သာ လက်ထပ်ခွင့်ရရင် မေမင်း ဘဝတော့ တကယ်ကို အဆင့်မြင့်ပြီ။

"ရှုခင်းတွေ ထကြည့်ချင် ကြည့်လေ၊ ရွှေတိဂုံဘုရားကိုလည်း မြင်ရတယ်၊ ပင်လယ်ကိုလည်း လှမ်းမြင်နေရတယ်"

"ကြည့်လို့ရလား"

"ရတာပေါ့ ... လာ"

ဦးဂျွန်နဲ့အတူ ရန်ကုန်မြို့ကြီးကို အပေါ်စီးကကြည့်ခွင့်ရတာဟာ မေမင်း အတွက်တော့ အသစ်တွေပါပဲ။ ဘောစားပွဲတွေမှာလည်း ကော်ဖီခွက်ကိုယ်စီနဲ့။ ကော်ဖီဆိုင်ကို အရက်ဆိုင်ဆိုပြီး နောက်တာနေမှာ။

"ဟိုမှာ ကော်ဖီ ရောက်ပြီ။ လာ ... သွားသောက်ရင်း စကားပြောရအောင်"

ဦးဌှန် ဦးဆောင်ရာနောက် လိုက်ရမှာပဲ။

"သောက်"

အငွေ့ထောင်းထောင်း ထနေသော ကော်ဖီကို ဖြည်းဖြည်းချင်း အရသာခံသောက်လိုက်သည်။

"အမယ်လေး ... ခါးလိုက်တာ"

မေမင်း မျက်နှာရှုံ့မဲ့သွားသည်။

"ဆောရီး ကိုယ်က ကော်ဖီအပြင်းသောက်နေကျ ဆိုတော့ မေ့ပြီး ကိုယ်သောက်သလို မှာပေးလိုက်တာ။ ဒီမှာ သကြားနဲ့ နို့ခဲ ထည့်သောက်လိုက်"

မေမင်းတော့ အရှက်ကွဲသလို ခံစားနေရသည်။ ကိုယ်နဲ့မအပ်စပ်သော ပတ်ဝန်းကျင်၊ ကိုယ်နဲ့ မအပ်စပ်သော အစားအသောက်တွေ။ အားလုံး မေမင်း စိတ်အနှောင့်အယှက် ဖြစ်ရသည်။

"မေမင်းဇာနည်"

"ရှင်"





"ကိုယ် မေမင်းနဲ့ အတူနေချင်တယ်"

"ရှင်"

မေမင်း ရင်ခုန်သွားသည်။ ဒါပေမဲ့ သူပြောတဲ့ စကားက တစ်မျိုးဖြစ်နေသလိုပဲ။ မေမင်း ခြေဖျားလက်ဖျားတွေ အေးလာသည်။

"ဟုတ်တယ်၊ ကိုယ် ဘေဘီလေးနဲ့ အတူနေချင်တယ်။ ဒီမှာရှိနေတဲ့ တစ်လပဲပေါ့။ အဲဒီအတွက် ဘေဘီလေး နာမည်နဲ့ တိုက်ခန်းဝယ်ပေးမယ်။ ဝယ်ပေးမှာနော်။ ငှား ပေးမှာ မဟုတ်ဘူး။ အဲဒါ ဘေဘီလေးကို တန်ဖိုးထားလို့။ တခြားမိန်းကလေးတွေဆိုရင် အဲလောက်မရင်းဘူး"

"ဦးဌှန် ဘာကို ဆိုလိုတာလဲ"

"ကိုယ်နဲ့ ဒီတစ်လ အတူနေပေးပါလို့"

"ရှင် မိုက်ရိုင်းလှချည်လား"

မေမင်း အသံကြီးက နာကျင်စူးရှစွာ ထွက်သွားသည်။

"ဟာ ... ဟော့၊ တိုးတိုးပြောလေ၊ မင်းကို ကိုယ်ညှိနေတာ အေးဆေးပေါ့"

"တော်တော့ ဦးဂျွန်၊ ရှင် ဆက်မပြောနဲ့တော့၊ ကျွန်မက ရှင် ထင်သလိုမိန်းမ မဟုတ်ဘူး၊ ကျွန်မ သွားပြီ၊ ရှင် ကျွန်မကို ဆက်သွယ်စရာ မလိုတော့ဘူးနော်"

မေမင်း ရင်ထဲမှာ နာကျင်ကြေကွဲမှုတွေ အပြည့်ဖြင့် ဓာတ်လှေကား ပြန်စီးလာလိုက်သည်။ ရှက်စရာလည်းကောင်း၊ ရွံစရာလည်း ကောင်းလှသည်။

အေးလေ ... သူလိုလူမျိုးကို အတည်မှျော်လင့်မိတာ မေမင်း ရူးနေတာပေါ့။ သူ မမှားဘူး။ မေမင်း မှားတာ။ မေမင်း မတန်မရာ မှန်းမိတာ။

ဦးဂျွန် ...။ ရုပ်နဲ့မလိုက်အောင် စိတ်ဓာတ်က ပုပ်သိုးဆွေးမြည့်နေသူ တစ်ယောက်ပါလား။

အပြန်ကို ဆူးလေမှတ်တိုင်ကနေ လိုင်းကားစီးပြီး ပြန်လာလိုက်သည်။ အလာတုန်းက တက္ကစီခေါင် နှမြောမိရဲ့။ မငိုမိအောင် စိတ်ကိုတင်းထားရသည်။ အဆောင်ရောက်မှ ကိုယ့်အခန်းထဲ ကိုယ်ပြန်ရောက်မှ ငိုတော့မည်။

အဆောင်ရှေ့ရောက်တော့ ထူးနီ စောင့်နေတာတွေ့ရသည်။ ရှက်လွန်းလို့ ထူးနီကိုလည်း မတွေ့ချင်ပါ။





ထူးနီကလည်း မျက်နှာပျက်လာသော သူမကိုတွေ့တော့ ရင်ထိတ်သွားသည်။

"မေမင်း"

✣ ○ ✣

“မေမင်း”

“ထူးနီ ... နင့်ကို ငါမတွေ့ချင်ဘူး”

“မတွေ့ချင်လို့ မရဘူး၊ ဒီမှာ မေမင်း၊ နင် သူ့အကြောင်း ဘယ်လောက်သိလဲ ... ဟမ်”

“တော်တော့ ထူးနီ၊ ငါ အထဲဝင်တော့မယ်”

“အထဲဝင်လို့ မရဘူး၊ ငါ ဒီလူ့အကြောင်းသိလို့ နင့်ကို ပြောပြမလို့။ နင် လူကောင်းသူကောင်းနဲ့ တွဲတာဆို ငါ မတားဘူး မေမင်း၊ ဒီလူက အကျင့်မကောင်းဘူး”

ငိုချင်ရက်လက်တို့ ဖြစ်နေပြီ။ မေမင်း အံကြိတ်ကာ မျက်ရည်ကို တင်းခံထားရသည်။

“အဲဒီလူက နင့်သူဌေးနဲ့ ပုလင်းတူ ဘူးဆို့တွေ၊ အကျင့်ကလည်း တစ်ထေရာတည်း။ နင့်ကို ကြွပ်ကြွပ်ဝါးမယ့်





ကြောင်ပါးကြီး၊ သူ့ မြန်မာပြည်လာတိုင်း စပွန်ဆာတစ်ယောက် ထားနေကြ”

“တော်တော့ ထူးနီ”

“ငါပြောတာတွေ နင်လက်ခံမှ ငါတော်မှာ”

“နင် ပြန်တော့ ထူးနီ”

“မပြန်ဘူးဟာ”

“ပြန် ... နင်ပြန်၊ ဘာမှ လာမပြောနဲ့၊ နင်ပြောတာ အကုန် ငါနားလည်တယ်၊ နင် ပြန်တော့”

“မေမင်း”

“ဟုတ်တယ်၊ ငါ သူ့အကြောင်း သိလာခဲ့ပြီ”

“ဟင် ... နင် ... နင် ဘာဖြစ်ခဲ့သေးလဲ”

“ဘာမှ မဖြစ်ပါဘူး၊ သူ မဟုတ်တာတွေ ပြောနေတာနဲ့ ငါ ထပြန်လာခဲ့တာ”

“တော်သေးတာပေါ့ဟာ”

“ငါ နားချင်ပြီ ထူးနီ၊ နင် ပြန်တော့”

“အေးပါဟာ၊ နင် ဘာမှမဖြစ်ဘူးဆိုရင် ငါ စိတ်ချမ်းသာသွားပြီ၊ နင် ဘာမှမစားရသေးဘူးမို့လား၊ ငါ တစ်ခုခုဝယ်ပြီး လာပို့မယ်လေ”

"အေး ... လမ်းထိပ်လက်ဖက်ရည်ဆိုင်က ကော်ဖီတစ်ခွက်လောက် ဝယ်ပေးပါဟယ်"

"အိကြာကွေးရော စားဦးမလား"

"ဟင့်အင်း ... ကော်ဖီပဲ ... ကော်ဖီပဲ"

"အေးပါ၊ ငါ လာပို့ပေးမယ်"

ဟုတ်တယ်။ မေမင်းက လမ်းဘေး လက်ဖက်ရည်ဆိုင်က ကော်ဖီလောက်ပဲ သောက်တတ်ပါတယ်လေ။ မေမင်း နာနာကျင်ကျင် ပြုံးပစ်လိုက်သည်။ ထူးနီ လာပို့တဲ့ ကော်ဖီကို အားရပါးရ တစ်ကျိုက်တည်း မော့သောက်ပစ်လိုက်သည်။

ပြီးတော့မှ ခေါင်းအုံးမှာ မျက်နှာအပ်ပြီး အားရပါးရ ငိုပစ်လိုက်သည်။ ဒီနေ့အဖြစ်အပျက်ဟာ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အစော်ကားခံရတာပါ။ ဆင်းရဲတယ်ဆိုပြီး လူကို ငွေနဲ့ ပေါက်ချင်တာပါ။

လူဆင်းရဲပေမယ့် စာရိတ္တမဆင်းရဲဘူးဆိုတာ သင်းတို့လို လူစားတွေ နားလည်မှာမဟုတ်။ သူမ တော်တော်ကြေကွဲရသည်။ သူမ ဦးဂျွန်ကို တကယ်ရင်ခုန်ခဲ့မိတာပါ။ ဒါပေမဲ့ ခုချိန်မှာတော့ အရမ်းကို စွံရှာနေမိသည်။ ကျီးအာသီးလို လူမျိုးပဲ။





သူမကလည်း သူမပဲ။ ကိုယ့်အဆင့်နဲ့ကိုယ် တန်ရာတန်ရာ မမှန်းဘူးလေ။ ဒီတော့ ခံရတာတောင် နည်းသေး။ သူ့ဘမ ပြန်လာရင် ဘာပြောမလဲ မသိ။

ငိုရလွန်းလို့ မောပြီး အိပ်ပျော်သွား၏။ အိပ်ရာကနိုးလာတော့ ခေါင်းတွေ ကိုက်နေသည်၊ ပြီးသွားပါပြီ။ ဒီနေ့က ကျော်လွန်သွားလို့ မနက်ဖြန် ရောက်တာနဲ့ ဒီနေ့ရဲ့ အဖြစ်အပျက်တွေကို မေ့ပစ်လိုက်ပါတော့မည်။

ဆင်းရဲလွန်းတဲ့ လူတစ်ယောက်ရဲ့ ဘဝဟာ ပိုက်ဆံဆင်းရဲရုံမက စိတ်ချမ်းသာမှုရော အချစ်ပါ ဆင်းရဲတတ်ပါတယ်။

✤ ○ ✤

တကယ်တော့ ထူးနိုကို သူဇာ ဖုန်းဆက်ပြီးသတင်း ပေးလိုက်တာပါ။ ထင်တဲ့အတိုင်းပဲ ဂျွန်ဆိုတဲ့လူကြီးက အကျင့်မကောင်း။ ဖြစ်ချင်တော့ ထူးနိုက ဂျွန့်အကြောင်း အကုန်သိနေသည်။

သိလို့ အသည်းအသန် လိုက်တားပေမယ့် မေမင်းက သူ့ကို ခေါ်သွားတာပါ။

ထို့ကြောင့်လည်း မေမင်းက ပိုပြီးရှက်ပါသည်။ သူဇာ မပြန်လာတော့ သူမက ထူးနိုကို ဖုန်းဆက်လိုက်ကြောင်း ဝန်ခံသည်။

"ဒီလူကြီးက မြန်မာပြည်ရောက်တိုင်း စပွန်ဆာထားနေကြတဲ့ တို့သူဌေးနဲ့ ဘာမှမထူးဘူးတဲ့"

"ငါ သိပါပြီ သူဇာမရယ် ... အီး ဟီး"





"တော်သေးတာပေါ့ဟာ၊ နင့်ကို လူမြင်ကွင်းကို ခေါ်သွားလို့"

"အေး ... ဟုတ်တယ်၊ ဒါတောင် အထပ်နှစ်ဆယ်ပေါ်ကို ပါသွားတာ၊ တော်သေးတယ်ဟယ်၊ ကော်ဖီဆိုင် ခေါ်သွားတာမို့လို့"

"နောက်ဆို အဲလို မအနဲ့တော့"

"အေးပါဟာ၊ ငါ ဘယ်သူခေါ်ခေါ် မလိုက်ရဲတော့ပါဘူး"

"နင့်အကြောင်းလည်းသိ၊ နင့်အပေါ်လည်း တကယ်ချစ်တဲ့ ထူးနိုကိုပဲ လက်ခံလိုက်ပါလားဟယ်"

"ဟင်း ... ငါမှ သူ့ကို ရင်မခုန်တာဟာ"

"ဒါပေမဲ့ သူက နင့်အတွက် အေးမြတဲ့ လရိပ်စစ်တစ်ခု ဖြစ်မှာ သေချာတယ်၊ နင့်အပေါ် သူ့လောက်ကောင်းတဲ့သူ နင် မရနိုင်လောက်တော့ဘူးနော်"

"အေးပါဟာ ... ခြံထဲက ကြက်ပါ၊ လွှတ်ထားလိုက်ဦးမယ်"

"ဟင်း ... ယောကျ်ားလေးတွေရဲ့စိတ်ဆိုတာ ပြောလို့ရတာ မဟုတ်ဘူး၊ နင် နောင်တရမယ်နော်"

"ထားလိုက်ပါဟာ၊ အဲဒီအကြောင်းတွေ ဘာမှမစဉ်းစားချင်ဘူး၊ မနက်ဖြန် ငါ အလုပ်ဆင်းရင် သူဌေး ငါ့ကိုကြည့်ပါ့မလား"

"ဘာဆိုင်လို့လဲဟဲ့"

"သူ့သူငယ်ချင်းကို ငါ လက်မခံလို့လေ"

"မဆိုင်ပါဘူး၊ သူဌေးက အလုပ်နဲ့ ကိုယ်ရေးကိုယ်တာ ရောတာမှ မဟုတ်တာ"

✤○✤





ထိုတစ်လအတွင်း ဦးဂျွန်လည်း ဆိုင်ကိုမလာတော့ပါ။ မေမင်းလည်း ထိုအဖြစ်အပျက်တွေကို မေ့ပစ်လိုက်ပါသည်။ မေမင်းတို့ သူဌေးကလည်း ပုံမှန်ပါပဲ။

ထူးနိကလည်း အရင်လို သူမကို ချစ်ခင်မြဲပါပဲ။ သူမကလည်း ထူးနို အပေါ် တင်းမာမြဲ။ ဒါပေမဲ့ ဦးဂျွန်ကြောင့် သူမကိုယ်သူမ ယုံကြည်မှုတော့ နည်းနည်းလျော့လာခဲ့ပါသည်။ အေးလေ ... သူမဆိုတာ လှတာလေး တစ်ခုကလွဲရင် ဘာမှမရှိတဲ့ မိန်းမတစ်ယောက်ပဲလေ။ ပြီးတော့ ခုခေတ်မှာ မိန်းမတစ်ယောက်ရဲ့တန်ဖိုးကို အဆင်းလှရုံနဲ့ အမှတ်ပြည့် မပေးကြတော့ဘူးလေ။

ဒါပေမဲ့ ထိုအတွက်လည်း အနားရှိတဲ့ ထူးနိကို လက်မခံချင်ပါ။ သူမရဲ့ ပထမဆုံး ရင်ခုန်သံတော့ ကွဲကြေသွားပြီ။ နောက်ထပ် သူမ ရင်ခုန်ကြည့်ချင်သေးသည်။ ယုံကြည်မှုတွေ

မျှော်လင့်ချက်တွေ အပြည့်အဝမရှိတော့ပေမယ့် ကျန်သင့်သလောက် ကျန်နေသေးသည်။ အပျိုလေးတစ်ယောက်ရဲ့ စိတ်ကူးယဉ်မှုတွေနဲ့ သူမ မျှော်လင့်ချင်သေးသည်။ အပျိုလေးတွေ မှန်သမျှတော့ ကိုယ့်ကိုယ်ကိုယ် နတ်သမီးတမျှ စိတ်ကူးယဉ်တတ်ကြတာပဲလေ။ သူမမိသားစုဘဝရဲ့ မျှော်လင့်ချက်က သူမပဲလေ။

ထူးနီ အနေအထားလေးတက်နဲ့က သူမဘဝကိုပဲ တာဝန်ယူနိုင်မှာ။ သူမ မိသားစုကိုတော့ ကူညီနိုင်မှာမဟုတ်ဘူး။

သူမအတွက် အဆင်ပြေပြီး သူမမိသားစုကို မကူညီနိုင်တော့လည်း အလကားပဲ။

မိန်းမယူတာ တစ်မိသားစုလုံးကိုပါ လုပ်ကျွေးဖို့တော့ အဆင်တော့မပြေ။ ဒါပေမဲ့ မရှိတဲ့လူ၊ သာမန်လူတွေအတွက် အဆင်မပြေပေမယ့် ချမ်းသာတဲ့သူအတွက်တော့ အပန်းမကြီးဘူးလေ။

သူမ မိသားစုအတွက် ချမ်းသာတဲ့ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ချင်မိတာ အမှန်။ ထို့ကြောင့် ဦးဂျွန် သူမကို ချဉ်းကပ်လာတော့ သူမ ရင်ခုန်ပျော်ရွှင် ဝမ်းသာမှုတွေအပြင် စိတ်ကူးတွေ ကစ်လေ့ကြီးယဉ် မျှော်လင့်ချက်တွေလည်းကြီး။





ဦးဂျွန်နဲ့ အဆင်မပြေပေမယ့် သူမ ထပ်မျှော်လင့်ချင်သေးသည်။ ထို့ကြောင့် ထူးနီကို လက်မခံချင်ပါ။

ထူးနီကတော့ ဇွဲဆုကို မျှော်လင့်နေတယ် ထင်ပါရဲ့။

သူမ ပစ္စည်းတွေကို နေရာတကျ စီစဉ်နေတုန်း ...

"ဟဲ့ ... နင့်ဆီကို ဦးဂျွန် မလာတော့ဘူးလား"

ဥမ္မာလင်း။

သူမ တာဝန်ကျတဲ့နေရာ မဟုတ်ဘဲ သူတို့ဆိုင်ခန်းဘက်ကို ကူးလာပြီး လာမေးတာ။

"လာရအောင် ငါနဲ့ ဘာဆိုင်လို့လဲ၊ ပြီးတော့ လာလာ မလာလာ နင်နဲ့ရော ဘာဆိုင်လဲ"

"ဩော် ... ဟိုတလောကတော့ ဆိုင်ထဲမှာ ဆွဲခမန်း လွဲခမန်းနဲ့ လူမြင်မကောင်းအောင် ရစ်ရစ် ရစ်ရစ် ဖြစ်နေကြတာ။ ဟော ... ခုတော့လည်း ဦးဂျွန်ကို အရိပ်တောင် မမြင်ရတော့ဘူးလေ ... ဟင်း ဟင်း။ လောကကြီး ပြောင်းလဲပြီး ရာသီဥတုတွေ ဖောက်ပြန်ကုန်ပြီလားလို့ ... ဟင်း ဟင် ဟင်း"

"ဒီမှာ ဥမ္မာလင်း။ ငါ နင့်ကို သည်းခံလာတာ ကြာပြီနော်။ ငါ့အကြောင်း နင် ဘာမှ စိတ်ဝင်စားစရာအကြောင်း

မရှိဘူး။ ဒီမှာ နင် ငါ့အကြောင်းတွေ ဘာမှ လာမေးစရာ အကြောင်းလည်း မရှိဘူး။ ဟင်း ... အခုလည်း နင့်ကြည့် စမ်း၊ နင် တာဝန်ကျတဲ့ အခန်းကနေ ဒီဘက်ကို ကူးလာပြီး တကူးတကကြီးကို လာစပ်စုတာ။ နင် သိပ်လွန်တယ် ဥမ္မာလင်း၊ နင် ဒီလိုလုပ်တာ ဒါ နောက်ဆုံးဖြစ်ပါစေ။ နောက်တစ်ခါ ငါ့ကို လာပတ်သက်လို့ကတော့ ငါ့လက်ဝါး က ပါးမရွေးဘူးဟဲ့ ... မှတ်ထား"

"အောင်မယ် ... ကောင်မ လူပါးဝလို့"

"ဟဲ့ ... လူပါးဝတာ ငါ မဟုတ်ဘူး နင်။ နင် အခု ထွက် မသွားသေးဘူးလား"

ဆိုင်ထဲရှိ သူဇာမတို့ အတင်းဝင်ဆွဲကာ ဖျန်ဖြေရ သည်။ ဥမ္မာလင်း လွန်တာလည်း အားလုံးသိကြသည်။

ဥမ္မာလင်းကို မန်နေဂျာ ခေါ်ပြောကာ ပြင်းပြင်း ထန်ထန် သတိပေးလိုက်သည်။

တစ်ဆိုင်လုံးလည်း ဥမ္မာလင်း လွန်တာ သိသည်။

သူဇာမတို့ ဘေးလူတွေတောင် စိတ်တိုကြသည်။

"ငါလေ အလုပ်ထိခိုက်မှာစိုးလို့ ဒီလောက်ထိ သည်းခံတာ၊ မဟုတ်လို့ကတော့ တီးပစ်ပြီ"





"သည်းခံ သူငယ်ချင်း ... သည်းခံတာ မမှားပါဘူး၊ သည်း မခံရင် နင့်အမှား ဖြစ်သွားမှာ"

"စိတ်တိုတယ်ဟယ်"

✣ ○ ✣

သူမတို့ဆိုင်ကို နိုင်ငံခြားသားတွေ လာဝယ်တာများသည်။ မြန်မာလူမျိုးတွေ လာဝယ်ရင်လည်း အများစုက နိုင်ငံခြားသားတွေကို လက်ဆောင်ပေးဖို့ လာဝယ်ကြသည်။

သူမတို့ဆိုင်က ဈေးလည်းကြီးတော့ တော်တန်ရုံ ငွေကြေးတွက်ချက်တတ်သူတွေဆိုရင်လည်း လာမဝယ်ကြပါ။

ဒါပေမဲ့ ခုတော့ ပုံမှန်လာဝယ်တဲ့သူ ရှိနေပြီ။ သူက ပြိုင်ကားနီနီလေးနဲ့။ နေ့တိုင်းလာသည်။ လာတိုင်းလည်း သိပ်ဈေးမကြီးသော ပေါ့ပေါ့ပါးပါး ပစ္စည်းသေးသေးလေးတွေ တစ်ခုတလေဝယ်ပြီး ပြန်သည်။ မဝယ်ခင် ဆိုင်ထဲမှာ အကြာကြီး ပတ်ကြည့်သေးသည်။

"ရွှေစွန်ညိုတော့ ဝဲပြန်ပြီဟေ့၊ ဘယ်ပစ်မှတ်လဲတော့ မသိဘူး"





ဝဲတာက မေမင်းတို့ တာဝန်ယူရတဲ့ ပြခန်းဘက်မှာ ဝဲတာပါ။ အလှဆုံးဖြစ်တဲ့ မေမင်း ရင်တွေခုန်လာပြန်သည်။

ပြိုင်ကားမောင်းတဲ့ လူငယ်ပီပီ ဒီဇိုင်းက အရိုင်းဆန်ဆန် လန်ထွက်နေသည်။ ဆံပင်ရှည်ပျော့ပျော့ စင်းစင်းတွေက ဖြောင့်ထားသလား ထင်ရအောင် ပျော့အိနေသည်။

ထိုဆံပင်စင်းစင်းတွေကို မင်းဂွတ်သီးမှည့်ရောင်ဆိုးထားပြီး ဘီးကုပ်နဲ့ အမြဲအပြောင်သိမ်းထားသည်။ သူ့နဖူးပြင်က လေးထောင့်စပ်စပ်နဲ့ နှာခေါင်းတွေက ထင်ပေါ်ဖြောင့်စင်းကာ တော်တော်ကို ချောသည်။

ယောကျ်ားပီသတဲ့ရုပ်က အရိုင်းဆန်ပြီး ချောကာ ဆွဲဆောင်မှု ရှိပါသည်။ နှုတ်ခမ်းပါးလျပေမယ့် အနားသတ်တိကျသည်။ ထိုနှုတ်ခမ်းမျိုးတွေက ရက်စက်တတ်သတဲ့။ သူဇာမက အင်္ဂါရုပ်စာအုပ်ထဲမှာ ရှာဖတ်ပြီး ပြောတာပါ။ ဘော်ဒီလည်း မပြည့်ပါ။ ခပ်ပိန်ပိန် ဗလံလေးပဲ။ ဒါပေမဲ့ အဝတ်အစား ဖိနပ် ခါးပတ်တွေက အကောင်းစားတွေချည်းပဲ။

သူ ဘယ်သူ့ကို ဝဲချင်တာပါလိမ့်။ သောလိုက်တိုင်း မေမင်းတို့ဘက်ခြမ်းကိုပဲ ဆိုတော့ ဥမ္မာလင်းတို့ ပြုံးနေအောင် အကဲခတ်နေကြ၏။ မျက်လုံးပြူးတာကို ပြောတာပါ။

အားလုံးကလည်း မေမင်းဆီ ဝဲသည်ဟုပဲ ထင်နေကြပါသည်။

ဒါပေမဲ့ ဆံရှည် ပြိုင်ကားကတော့ သမာဓိကြီးလုပ်နေတုန်းပါပဲ။ ဈေးလာဝယ်ရုံကလွဲပြီး ဘာမှမထူးခြား။ မေမင်းကိုလည်း ပုံမှန်ပဲ ဆက်ဆံသလို ကျန်တဲ့ အရောင်းစာရေးတွေကိုလည်း ပုံမှန်ပဲ ဆက်ဆံသည်။ ဆံရှည်ပြိုင်ကားပုံစံက ချမ်းသာမှန်းတော့ သိသာသည်။

သူလာရင် ဘယ်တော့မှ အဖော်အလျော် သူငယ်ချင်း မပါတာလည်း ထူးခြားသည်။

ထိုသို့ ဆက်တိုက် ဆယ့်ငါးရက်ခန့်လာပြီး ပေါ်မလာတော့ဘဲ ပျောက်သွားသည်။

အားလုံးပါးစပ်ဖျားမှာ ပြိုင်ကားဟာ ပုံပြင်တစ်ပုဒ်လို ကျန်ရစ်ခဲ့သည်။

ဒါပေမဲ့ ပြိုင်ကားကို မေမင်းတို့ အဆောင်နားမှာ တွေ့လိုက်ရတော့ မေမင်း ရင်တွေတဒိန်းဒိန်း ခုန်သွားသည်။

"သူဇာမ ... ဟိုဟာ ပြိုင်ကားမို့လား"

"အေး ... ဟုတ်တယ်၊ သေချာပြီ နင်ပဲ"





"ဟယ် ... နင့်ကိုလည်း ဖြစ်နိုင်တာပဲ"

"နင့်ကိုကျော်ပြီး ငါ့ကိုတော့ မကြိုက်နိုင်ပါဘူးဟယ်၊ ငါလေ ငါ့ထက်ချောတဲ့ နင်နဲ့တွဲရတာ တကယ်ငတ်တယ် သိလား"

"မဆိုင်ပါဘူးဟယ်၊ အကြိုက်ချင်း တူကြတာမှ မဟုတ်တာ၊ ငါ့လိုရုပ်ကို မကြိုက်ဘဲ နင့်ကိုမှ ကြိုက်တဲ့သူလည်း ရှိနိုင်တာပဲ"

"ရှိတော့ ရှိမယ်၊ ရှားမယ် ... ဟိ ဟိ"

ပြောသာပြောရ မေမင်းလည်း ရင်တွေ ခုန်နေပါသည်ကွယ်တို့။

✤ ○ ✤

မေမင်းတို့အဆောင်နားမှာ ပြိုင်ကားကို ဆယ့်ငါးရက်တိတိ တွေ့ရပြီးတော့ ပျောက်သွားပြန်သည်။

မေမင်းနဲ့ သူဇာမတို့ကတော့ ပယောဂကို အဖြေရှာမရခဲ့။

တစ်ရက်တော့ မေမင်း နားရက်။ သူဇာမက အလုပ်ဆင်းရသည်။

မေမင်းတို့က အလှည့်နဲ့ နားရတာမို့ နားရက်ချင်းမတိုက်။

မေမင်းက ဒီနေ့ ငါးပိရည်ကျို တို့စရာလေးနဲ့ ငါးဟင်းလေးတစ်မျိုးလောက် ချက်ဖို့ စိတ်ကူးနဲ့ ဈေးဘက်ထွက်လာလိုက်၏။





နားရက်ကျမှ ဖွယ်ဖွယ်ရာရာလေးတွေ ချက်စားရတာလေ။

ဈေးက အဆောင်နဲ့လှမ်းသည်။ တစ်လမ်းကျော်လောက်မှာပါ။

"မေမင်းဇာနည်"

"အမယ်လေး ... ဘုရားကြီး"

"ဘုရားကြီးက ပဲခူးဟိုဘက်မှာလေ ... ဟီး ဟီး"

"ဟင် ... ပြိုင်ကား

အမြဲစပ်တည်တည် တွေ့ရတဲ့ ပြိုင်ကားကို ပြုံးစိစိနဲ့ တွေ့ရသည်။

"အလဲ့ ... ဒါ အိုင့်ကို ပေးထားကြတဲ့ နာမည်ပေါ့၊ မဆိုးပါဘူး၊ အိုင့်ကို မင်း သတိထားမိသားပဲ"

အမှတ်မရှိတဲ့ မေမင်းက ရင်တွေခုန်လာပြန်ပြီ။ သူ ငါ့ကိုပေါ့။ ဘုရား ... ဘုရား။ သူက ချမ်းသာတယ်။ ဦးဌွန်လို မရိုးသားစိတ်နဲ့ ဒုက္ခပေးချင်တာဆိုရင် ဘယ်လိုလုပ်မလဲ။ ခဲမှန်ဖူးတဲ့ စာသူငယ် မေမင်း လန့်နေပါ၏။

"မေမင်း ဘယ်သွားမလို့လဲ"

"ဈေး"

"ဟိုဘက်နားက ဈေးလေးကို ပြောတာလား၊ ညစ်ညစ်ပတ်ပတ်နဲ့ကွာ၊ ရှဲစရာ၊ ဝယ်စရာရှိရင် City Mart မှာ သွားဝယ်ပါလား မေမင်း"

"မေမင်းက သူဌေး မဟုတ်ဘူးရှင့်၊ ဒီဈေးမှာတောင် နပ်မှန်အောင် ဝယ်စားနိုင်တာ မဟုတ်ဘူး"

မေမင်း အမြင်ကတ်ပြီး အငေါ်တူးလိုက်၏။

သူက နှာခေါင်းရှုံ့ကာ ဘာမှမပြောတော့။ မေမင်း ဈေးထဲဝင်သွားတော့ သူ ကျန်ခဲ့သည်။ မေမင်းလည်း သူပါလာတော့ ငါးပိတွေ တို့စရာတွေ မဝယ်ချင်တော့ ။ နံနေမှာစိုးလို့လေ။ ကန်စွန်းရွက်နဲ့ ကြက်ဥလေးပဲဝယ်ပြီး ပြန်ထွက်လာလိုက်သည်။

သူက မေမင်း ဝယ်လာတာတွေကို စိတ်မဝင်စားပါ။

"မေမင်း ... ဒီနေ့ နားရက်မို့လား။ လှလှလေးပြင်ပြီး ကိုယ့်ပြိုင်ကားလေး လိုက်မစီးချင်ဘူးလား။ မိတ်ဖြစ်ဆွေဖြစ်ပေါ့"





"မိတ်ဆွေဖြစ်ရအောင် ရှင့်နာမည်တောင် ကျွန်မ မသိဘူး"

"ဆိုးဆောရီး မိုင်ဂဲလ်၊ အိုင့်နာမည် ထွန်းသူပိုင်ပါ။ ကျောင်းနာမည်က ဒဲရစ်ပိုင်စိုး။ သူငယ်ချင်းတွေကတော့ အဒဲလို့ ခေါ်ကြတယ်"

"အဒဲ ..."

"ဟုတ်တယ်"

"မဆိုးပါဘူး ခေါ်လို့ကောင်းတယ်"

"ဟာ ... မကောင်းနဲ့၊ အဒဲလ်ဆိုတာ နာမည်ကြီး အမျိုးသမီးအဆိုတော် နာမည်လေ၊ ကိုယ့်ကို တမင်နာမည်ဖျက်ကြတာ"

"မသိဘူး၊ ကျွန်မလည်း အဒဲလို့ပဲခေါ်မယ်"

"သေချက်က နိုင်းလောက်ရှိတယ်ကွာ"

"အဒဲ ... ရှင် ဒီနားပဲ နေခဲ့တာ၊ ကျွန်မတို့ အဆောင် နားကို ဆက်လိုက်မလာနဲ့တော့၊ ဟုတ်ပြီလား"

အဒဲက သူမစကား နားထောင်စွာ ကျန်ရစ်ခဲ့ပါသည်။

အဆောင်ထဲ ပြန်ရောက်တာနဲ့ သူဇာမကို ဖုန်းလှမ်းဆက်ပြီး ကြွားပြောလေး ပြောလိုက်သည်။

"သူဇာမ … ဖြိုင်ကားက ငါ ဈေးသွားတာ လိုက်လာတယ်"

"ဟုတ်လား"

"အေးပါဆို"

"ဟင်း … နင်ဈေးသွားတဲ့ စတိုင်လ်က သားနားမှာမဟုတ်ဘူး"

"ပေစုတ်နေတာပေါ့ဟယ်"

"သိနေတယ်လေ၊ သူ ဘာပြောသေးလဲ"

"ပြန်လာမှ ပြောပြမယ်ဟာ၊ ဖုန်းဘောလ်ကုန်မှာစိုးလို့၊ မနေနိုင်လို့ လှမ်းဆက်တာ"

"ဒါဆိုလည်း ပြီးရော၊ သိချင်လိုက်တာနော်၊ ညနေ မြန်မြန်ရောက်ပါဟယ်"

"အေးပါ … ဒါပဲနော်"

"အေး … အေး"





ကန်စွန်းရွက်သင်နေရင်း အဲဒဲ့နဲ့ စကားပြောခဲ့ရတာတွေကို ပြန်စဉ်းစားနေမိသည်။ သိပ်တော့မလွယ်။ ချွမ်းသားက ဈေးထဲက ဗွက်ကိုတောင် ရွံရှာနေတာ။ မြောင်းနံဘေး တဲထိုးနေရတဲ့ သူမမိသားစုအခြေအနေကိုသာ သိရင် …။

✤ ○ ✤

နောက်ရက်တွေ ပြိုင်ကားရောက်မလာပြန်။ ဆိုင်ကို လည်းမလာ။ အဆောင်နားလည်း ရောက်မလာတော့။

"ဟဲ့ ... နင့်အဒဲက ပေါ်လာတော့ပြန်ဘူးနော်"

"အေး ... ငါဈေးသွားတဲ့ အဝွမ်းစတိုင်လ်ကို ကြည့်ပြီး စိတ်ပျက်သွားဟယ် ထင်ပါရဲ့ဟာ၊ ပြီးတော့ အဲဒီနေ့က သူက ဈေးထဲတောင် မလိုက်ဘူး၊ နွဲ့တွေ နွဲ့လို့တဲ့"

"အင်း"

"ငါ့ဘဝနဲ့ အလှမ်းဝေးပါတယ်ဟာ"

"အေး ... ဘာပြောရမှန်းတောင် မသိပါဘူး မေမင်းရယ်၊ နင်တို့ ငါတို့ ဘဝတွေဆိုတာက ဟိုးအောက်ခြေမှာဆို တော့ ဘာကိုမှ မမျှော်လင့်ရဲ၊ မယုံကြည်ရဲဘူးပေါ့ဟာ။





ကဲပါဟာ မျှော်မနေနဲ့။ ကိုယ့်ဘဝကို ပျော်အောင်နေ။ လာ ... ညနေစာ ဘာမှမရှိဘူး၊ လမ်းထိပ်မှာ လက်ဖက်သုပ် တစ်ပွဲ သွားဝယ်ပြီး နှစ်ယောက်မျှစားကြမယ်"

"အင်း ... ဘဝ ... ဘဝ"

"ကဲပါ ... လာစမ်းပါ၊ နုမနေနဲ့၊ နူသွားလိမ့်မယ်"

"သက်သက်သာသာ ပြောစမ်းပါဟာ"

"သက်သက်သာသာ ပြောရင် နင်က နားဝင်မှာ မဟုတ် ဘူး၊ အဆိပ်တက်နေတာလေ"

"ဟင်း"

နှစ်ယောက်သား လက်ဖက်သုပ်ဆိုင်ကို လေးလေး တွဲ့တွဲ့ လျှောက်လာကြသည်။

"မေမင်း"

"အမယ်လေး ... ပလုပ်တုတ်"

"ပလုတ်တုတ်က ဘုရားပွဲဈေးတွေမှာ ရောင်းတာလား၊ ဘယ်လိုဟာမျိုးလဲ၊ မြင်တောင် မမြင်ဖူးဘူး"

"အဒဲရယ် ... ရှင်ကလေ လန့်သွားတာပဲ"

အဆောင်နေရင်းဝတ်တဲ့ စပန့်ဂါဝန်လေးနဲ့ ပေစုတ်စုတ် ဖြစ်နေချိန် ဖြိုင်ကားက ဘယ်ကပေါ်လာပြန်ပြီလဲ မသိ။ နောက်ဆို ဘယ်ပဲထွက်ထွက် သတိထားမှပါ။

"ဘယ်သွားမလို့လဲလို့"

"ဪ ... လမ်းထိပ်ဘက် ခဏ"

"ဘာသွားလုပ်မှာလဲ"

"စာအုပ်သွားငှားမလို့"

"ကန်ပေါင်ဘက် လမ်းလျှောက်ရအောင်လေ"

"ဟင့်အင်း ... မသွားချင်ပါဘူး"

"စကားအေးအေးဆေးဆေး ပြောချင်လို့ပါ မေမင်းရဲ့"

လာပြန်ပြီး တစ်ယောက်။ ချမ်းသာတဲ့သူတွေ စကားအေးဆေးပြောချင်တယ်ဆိုရင် သူမ လန့်နေပြီ။

သူဇာမကတော့ ဘာမှမပြောပါ။

"မလိုက်တော့ပါဘူး"

"ဒါဆို ဖုန်းနံပါတ်ပေး၊ ဖုန်းဆက်လိုက်မယ်"

"ဘာလို့ ပေးရမှာလဲ၊ သိချင် စုံစမ်းပေါ့"





"ကပ်စေးနဲလိုက်တာဗျာ၊ စုံစမ်းရတာ လွယ်ပါတယ်၊ ဆိုင်မှာ တစ်ယောက်မဟုတ် တစ်ယောက် မေးလိုက်ရင် ရတာပဲ၊ အဆောင်က တစ်ယောက်ယောက်ကို မေးလည်း ရတယ်၊ ဒါပေမဲ့ မမေးချင်လို့၊ မေးလိုက်ရင် လူသိမှာစိုးလို့ဗျ၊ မေမင်းက မေးဆိုရင်တော့လည်း မေးပါ့မယ်"

"အဲဒါနော်"

"မသူဇာ မေမင်း ဖုန်းနံပါတ်လေး တစ်ဆိတ်လောက်"

"ရှင် သူ့နာမည်လည်း သိတယ်"

"သိတာပေါ့ဗျာ၊ ခင်ဗျားတို့ ယူနီဖောင်းမှာ name card တွေ ချိတ်ထားတာကိုး"

✣ ○ ✣

အဲဒီနောက် သူတို့ ညတိုင်း ဖုန်းပြောကြသည်။ သူက ညဘက်ဆယ်နာရီနောက်ပိုင်းမှာ ခေါ်၏။ မေမင်းကလည်း ထိုအချိန်ဆို အိပ်ချင်ပြီ။ မေမင်း တစ်နေကုန် အလုပ်ဆင်းထားရတာဆိုတော့ အိပ်ချင်တာပေါ့။

ဒါပေမဲ့ အိပ်မယ့်အချိန်ကျမှ သူ့ဖုန်းက ဝင်လာ၊ ပြောလိုက်တာကလည်း အကြာကြီး။ တစ်ခါတလေ ဖုန်းပြောနေရင်း မေမင်း အိပ်ပျော်သွားတတ်သေးသည်။ သူက အဲဒီလောက်သာ အကြာကြီး ပြောတာ။ ခုချိန်ထိ မေမင်းကို ချစ်ရေးဆိုသေးတာ မဟုတ်။ တစ်နေ့ တစ်နေ့ သူ ဘာလုပ်တယ်၊ ဘယ်သွားတယ် စသဖြင့် သူ့အကြောင်းတွေပြောလိုက်၊ မေမင်းအကြောင်းတွေ မေးလိုက်နဲ့။ သူ့အကြောင်း မေမင်း အကြောင်းဆိုတာလည်း သာမန်အပေရိကအကြောင်းတွေလောက်ပဲ ပြောဖြစ်ကြတာပါ။ သူ့





မိဘ ကိုယ့်မိဘအကြောင်း မပါပါ။ ဒါပေမဲ့ သူပြောတဲ့အကြောင်းအရာတွေအရ သူက အသိုင်းဝိုင်းကြီးထဲကဆိုတာ သိသာနေသည်။

မေမင်းကတော့ ဘာမှသိပ်ပြောစရာမရှိ။ သူမေးမှ ဖြေဖြစ်တာပဲ ရှိသည်။ မေမင်း အံ့ဩနေတာက သူ ချစ်ရေးမဆိုသေးတာကိုပါ။ သူက ချစ်ရေးမဆိုဘဲ သူငယ်ချင်းပေါင်းသလို ဖြစ်နေသည်။ ဘာလဲ။ အရှုံးကွက် နင်းနေတာလား။ စဉ်းစားလို့ မရပါ။

သူဇာမလည်း အံ့ဩနေသည်။

"ဟဲ့ ... နင့်အဒဲက ဘာအထာလဲ မသိဘူးနော်"

"သိတော့ပါဘူးဟယ်"

မေမင်း အသံက စိတ်ပျက်သံ။

"ငါ့ကို သူငယ်ချင်းလို ခင်ချင်လို့နေမှာပေါ့"

"ငါကတော့ အဲလိုမထင်ဘူး။ သူငယ်ချင်းပေါင်း ပေါင်းတာ မဟုတ်ဘူး။ သူက နင့်ဆီမလာတော့ဘဲ ဖုန်းပဲဆက်တာလေ။ အဲတော့ နင့်ကို သူ့ရဲ့တစ်ဦးတည်းပိုင် အော်ပရေတာလို့ သတ်မှတ်ထားတာပဲ ဖြစ်ရမယ်။ နင် အုံးစား

မနေပါနဲ့ဟာ၊ နင့်ကို ကစားနေတာ။ နင် feel ဝင်ရင် နင်ပဲ ခံစားနေရမယ်နော်၊ ကြည့်လုပ်"

"အေးပါ ... စာအုပ်ဖတ်လိုက်ဦးမယ်"

"ဟဲ့ ... ခုတလော ထူးနီ လာတာ မတွေ့ဘူးနော်"

"မြန်မာပြည်တစ်ပတ် ပါသွားတယ်၊ ကြာမယ်တဲ့၊ တော်ပြီနော်၊ ထူးနီတရားယောဖို့ မကြိုးစားနဲ့၊ စာဖတ်မလို့"

"အေးပါ"

စာဖတ်ချင်ယောင်ဆောင်ပြီး အဒဲအကြောင်း တွေးနေမိသည်။

အဒဲ မိမိကို ဘယ်လိုသဘောထားနေပါလိမ့်။ အဒဲ ပုံစံကြည့်ရတာ ပေါ့ပျက်ပျက်တော့ မဟုတ်ပါဘူးလေ။

သူမနားကို သိသိသာသာ ချဉ်းကပ်လာပြီးမှ ဘာလို့ ဖွင့်မပြောသေးတာလဲ။

"မေမင်းစာနည်ရဲ့ စာလာတယ်"

အဆောင်မှူး လာပေးတဲ့ စာအိတ်ကိုကြည့်ပြီး အံ့သြနေမိသည်။ ဒီခေတ်ကြီးမှာ စာအိတ်နဲ့ စာပို့တဲ့သူက ရှိသေးသည်။ နေပါဦး။ ဘယ်သူပို့တာပါလိမ့်။ စာကတော့ စာ





တိုက်ကြီးတံဆိပ်ခေါင်းနဲ့ လာတာ။ ပို့သူနေရာမှာ AD ဆိုပါလား။ အဒဲများလား။

ရင်ခုန်စွာ စာအိတ်ကလေးကို ဖွင့်လိုက်တော့ ပန်းနုရောင်စာရွက်ကလေးက မွှေးရနံ့နဲ့အတူ။ စာလေးတစ်ကြောင်းတည်း ရိုးရှင်းစွာ။

"I ♡ U "

"အဒဲ ♡ မေမင်း"

သူမ ဘယ်လောက်တောင် ရင်ခုန်ပျော်ရွှင်သွားမယ် ထင်သလဲ။ ဒါပေမဲ့ ရင်ခုန်တိုင်း အချစ်ကြောင့်လို့တော့ ယူဆလို့မရဘူးပေါ့။

✤ ○ ✤

သူမ အဒဲကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေပါသည်။ စိတ်ထဲမှာတော့ အကြွင်းမဲ့ ယုံကြည်ချင်တာပါ။ ဒါပေမဲ့ သူမက ခဲမှန်ဖူးတဲ့ စာသူငယ်မလေးပါ။

လေးညှို့သံကြားတိုင်း ကြောက်တတ်နေပြီလေ။

အဒဲကတော့ အဆောင်ကလူတွေရော ဆိုင်ကလူတွေပါ မရိပ်မိအောင် သိုသိုသိပ်သိပ်လေး ပိုးပန်းရှာပါသည်။

အဒဲ သူမကို ပိုးပန်းနေတာ သူဇာမကလွဲ၍ ဘယ်သူမှ မရိပ်မိကြပါ။ ထို့ကြောင့်လည်း အေးချမ်းနေတာပါ။ မဟုတ်လို့ကတော့ ဥမ္မာလင်း သိပြီး ပြဿနာရှာမှာ သေချာသည်။ ထိုအတွက် တိတ်ဆိတ်သိုဝှက်သော အဒဲကို ကျေးဇူးတင်ရပါသည်။

တစ်ရက်တော့ သူဇာမက သတင်းကောင်း သယ်ဆောင်လာခဲ့သည်။





"မေမင်းမရေ ... နင်တော့ ကံဇာတာ တက်ပြီထင်တယ်"

"ဘာလို့လဲ၊ ငါ လစာတိုးလို့လား"

"လစာတိုးတာထက် ပိုကောင်းတာပေါ့၊ ထီပေါက်တာ"

"ငါ ထီမှ မထိုးတာ"

"နင့်အဒဲအကြောင်း သိလာလို့ဟ"

"ဟုတ်လား၊ အဒဲအကြောင်း သိတာနဲ့ ငါ ကံကောင်းတာ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဟဲ့၊ နင်နဲ့ အဒဲက အခုတလော အဆက်အသွယ် ရှိနေတာကို။ ဒီလိုဟ ... အဒဲအဖေက အထူးကုဆရာဝန်ကြီး၊ အမေက စိန်ဆိုင်ပိုင်ရှင်တဲ့၊ တစ်ဦးတည်းသော သား၊ ချစ်သူရည်းစား လုံးဝမထားဖူးဘူးတဲ့၊ နိုင်ငံခြားမှာ ကျောင်းတက်ပြီး ပြန်လာတာ မကြာသေးဘူးတဲ့၊ အခု သူ့အမေ စိန်ဆိုင်လုပ်ငန်းကိုပဲ ဝိုင်းကူညီနေတာတဲ့၊ ဘယ်လောက်ကောင်းတဲ့ သတင်းလဲ"

"အင်း ... တစ်ဦးတည်းသောသား ဆိုတော့ သိပ်တော့ မလွယ်ဘူးဟ။ သူတို့သားနဲ့ ငါ့ကို ဘယ်သဘောတူမလဲ"

“ဒါပေမဲ့ သူ့အမေက အဒဲကို အရမ်းချစ်တာတဲ့။ အဒဲ ဘာပဲပူဆာ ပူဆာ နှစ်ခါမပြောရဘူးတဲ့”

“အဲဒါက တခြားဟာပဲ ရမှာပေါ့ဟာ၊ မိန်းမယူတာကျတော့ ဘယ်ရမလဲ”

“နင်ကလည်း စစ်မရောက်ခင် မြားကကုန်နေတယ်၊ အမိက က အဒဲ နင့်ကို တကယ်ချစ်ဖို့၊ တကယ်ယူချင်ဖို့ပဲဟဲ့။ အဒဲ နင့်ဘက်ပါရင် အိုခေပြီ။ သူတို့သားကို စိတ်ဆိုးလည်း ခဏပေါ့ဟာ”

“အားပေးတယ်ပေါ့လေ”

“ဒီသတင်း ဘယ်ကရတာလဲ သိလား”

“ဘယ်ကရလဲ”

“ထူးနီဆီက”

“ဘာ”

“ဟုတ်တယ်၊ ထူးနီ စုံစမ်းပေးတာ၊ ထူးနီ ဆိုတာ နင့်ကို အရိပ်လို ချစ်နေတဲ့သူလေ၊ နင့်နားမှာ ပြိုင်ကား ဝဲလာကတည်းက ငါစုံစမ်းခိုင်းလိုက်တာ၊ ပြိုင်ကားက နင့်ကို မေတ္တာစစ်နဲ့ ချစ်တယ်ဆိုရင် နင့်အတွက် ရွေးချယ်သင့်တဲ့သူပဲတဲ့”





“သူက အဲလို ပြောတယ်”

“အေး ... နင် ကောင်းစားတာ မြင်ချင်တယ်တဲ့၊ နင့်ဘဝ လှမယ်ဆိုရင် သူ အဝေးက ချစ်နေရလည်း ရတယ်တဲ့”

သူမရင်ထဲ တစ်မျိုးလေး ဖြစ်သွား၏။

“အဒဲက နင့်ကို တကယ်ချစ်တယ်ဆိုရင် လက်ခံလိုက်တဲ့”

“သူက အဲလိုပြောတယ်ဆိုတော့ ငါ့ရင်ထဲမှာ တစ်မျိုးပဲ”

“ဘာတစ်မျိုးလဲ”

“မသိဘူး၊ ထူးနီ ငါ့ကို တကယ်ချစ်တာ သိပါတယ်၊ စိတ်မကောင်း ဖြစ်သလိုပဲ”

“ခုမှ။ ထူးနီကို ထားပါ။ နင့်အဒဲက နင့်ကို တကယ်ချစ်တယ်လို့ ထင်လား”

“ငါ့ကို ချစ်ရင်တောင် ငါ့မိသားစုကို လက်ခံနိုင်ပါ့မလား”

“နင့်ကို ချစ်ရင်တော့ လက်ခံနိုင်ရမှာပေါ့”

“ငါ့မှာ အဲဒီပြဿနာရှိတယ်၊ ငါ့မိသားစုကို လက်မခံနိုင်ရင်တော့ မဖြစ်ဘူး”

“ဒါဆို နင် ဘယ်လိုလုပ်မလဲ”

“အဖြေမပေးခင် သူ့ကို ငါ့မိသားစုအကြောင်း ပြောပြလိုက်ရင် ကောင်းမလား။ သူ့သဘောထား သိရတာပေါ့”

"ငါကတော့ နောက်မှ ပြောစေချင်တယ်၊ နင် သူ့ကို အရင်အဖြေပေးလိုက်ဦး၊ ပြီးမှ နင်တို့ သံယောဇဉ်တွေ ခိုင်မာလာပြီဆိုမှ ဖွင့်ပြောကြည့်ရင်ရော"

"အဲဒီအချိန်ကျမှ သူ လက်မခံရင် ငါ ပိုခံစားရမှာပေါ့ဟ"

"ခုနေ ပြောရင်တော့ သေချာတယ်၊ လက်ခံမှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် စွန့်စားကြည့်ပါလား"

"ငါကို သူ တကယ်ချစ်တယ်လို့တော့ ထင်တယ်"

"ချစ်မှာပါ၊ သူ့ပုံစံက နင့်ကို တန်ဖိုးထားလို့ နင့်ကိုထိခိုက်စေမယ့် အလုပ်မျိုးတွေတောင် မလုပ်ဘူး၊ ထူးနီက ပြောတယ်ဟ၊ ယောကျ်ားလေးချင်း သူ သိတယ်တဲ့၊ အဲဒါ နင့်ကို တကယ်ချစ်တာတဲ့"

"ထူးနီ အတွက် ငါ စိတ်မကောင်းဘူးဟာ"

"တော်ပါတော့ ကျောင်းအစ်မ၊ ပြန်ကြိုက်နိုင်တာလည်း မဟုတ်ဘဲနဲ့"

"ဟင်း"

"နင် အခု စဉ်းစားရမှာက အဲဒါကို အဖြေပေးဖို့နဲ့ အဖြေပေးပြီးရင် အဲဒါ အထင်ကြီးလာအောင် နေပြဖို့၊ နင့်ကိုပိုချစ်လာအောင် ဆွဲဆောင်ဖို့ပဲ"





"ငါ အဲဒါကို တကယ်ချစ်ရဲ့လားတောင် မသိဘူး"

"ချစ်ချစ် မချစ်ချစ် လက်ခံလိုက်။ ဒီထက်ကောင်းတဲ့သူ တောင် ဒီလောက်ကောင်းမှာ မဟုတ်ဘူး။ ဟဲ့ ... နင် ကောင်းစားသွားရင် ငါ့ကိုမမေ့ဘဲ မနေနဲ့နော် ... ခိ ခိ"

"သူဇာမရယ် ... မုန့်ဆီကြော် ကြော်ဖို့ ကောက်ညှင်းဆန် စိုက်တုန်းပါဟယ်"

✤ ○ ✤

"ငါတွဲလိုက်မယ် သူဇာမရေ၊ ဒီတစ်သက် သူဌေးသားနဲ့တွဲ၊ ပြိုင်ကားလှလှလေးစီး၊ စိတ်ကူးတောင်မယဉ်ရဲတဲ့ အနေအထားကို ပိုင်ဆိုင်ရမှာဆိုတော့ ကဲပြီဟော့"

"လုပ်လိုက်တော့ သယ်ရင်း၊ ဒီကြားထဲ နင့်ကိုကြွေပြီးရင်းကြွေအောင် အပီချုပ်ပြီး သူဌေးကတော်ဖြစ်အောင် လုပ်ဟော့"

"ကြိုးစားကြည့်တာပေါ့ဟယ် ... ခိ ခိ၊ ဒါပေမဲ့ ချက်ချင်း အဖြေပေးလို့တော့ မဖြစ်သေးဘူး၊ မူလိုက်ဦးမယ်၊ သူ ခဲယယ အဖြေတောင်းတာ လိုချင်လို့"

"ခဲယယ မတောင်းဘဲ စိတ်မရှည်ဘဲထားခဲ့လို့ ဒုက္ခရောက်နေဦးမယ်"





"အဲဖြေမပေးသေးတာပဲ ရှိမှာလေ၊ ငါက သူ့ကို ချိချိလေးဆက်ဆံမှာပေါ့ဟဲ့၊ ထားမသွားနိုင်အောင် လုပ်မှာပေါ့"

"အေးပါ၊ နင်က တော်တော် အတွေ့အကြုံရှိတာဆိုတော့"

"ခိ ခိ ... စိတ်ကူးတော့ ယဉ်လို့ကောင်းသား။ ဒါပေမဲ့ လောလောဆယ် ပျောက်ချက်သားကောင်းပြီး အသံလေးပဲ ကြားနေရတယ်၊ ဖုန်းဆက်တော့လည်း မရိုးမသား တစ်ခွန်းမှ မပါဘူး၊ ဘယ်လိုလုပ်မလဲ"

သူမတို့ပြောနေတုန်း ဖုန်းသံမြည်လာသည်။

"လာပြန်ပြီ။ ပြောရင်း ဖုန်းလာတယ်။ အသက်ရှည်ဦးမယ်"

"ပြောလိုက်ဦးလေ ကျသွားဦးမယ်၊ အပီချုပ်နော် အပ်ကြီးကြီးနဲ့"

"ဟဲလို"

"ကြာလိုက်တာ ဖုန်းနားမှာ မရှိဘူးလား"

"မရှိလို့ပေါ့"

"မကိုင်ဘူးထင်လို့ စိတ်ပူသွားတာ"

သူမ ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

"မေမင်း"

"ပြော"

"လမ်းထိပ် ခဏထွက်ခဲ့၊ ကျွန်တော် လမ်းထိပ်မှာရှိတယ်"

"ဘာအတွက်လဲ"

"စကားခဏပြောရအောင်"

"ဖုန်းထဲကပြောလည်း ရတာပဲ"

"တွေ့ချင်လို့ပေါ့"

"ဘာလို့ တွေ့ချင်တာလဲ"

"မသိဘူးလား"

မေမင်း ဘာပြန်ပြောရမလဲ မသိ။

"လာမှာလား"

"မလာဘူး"

"မေမင်း ထွက်မလာရင် အဆောင်ကို လာခေါ်မှာနော်"

"အကျပ်ကိုင်မနေနဲ့"

"မကိုင်ပါဘူး၊ ဖုန်းထဲကပဲ ပြောနေတာပါ ... ဟီး ဟီး"

"အဒဲနော်"

"လာခဲ့နော် ... စောင့်နေမယ်"

ပြောပြီးတာနဲ့ ဖုန်းချသွားသည်။ မေမင်း မျက်နှာလည်း ပြုံးစိစိ။ သူ့ဇာမက ...





"ဘာတဲ့လဲ"

"လမ်းထိပ်လာခဲ့တဲ့၊ လိုက်ခဲ့ဦး"

"မလိုက်တော့ပါဘူး၊ ကိုယ့်ဘာသာသွား၊ ငါပါရင် နင်ချုပ်လို့ မရဘဲ နေမယ်"

"တစ်ယောက်တည်း သွားရမှာ ရင်တုန်တယ်"

"ဘာရင်တုန်တာလဲ၊ ဟိုလူကြီးနဲ့တုန်းကလည်း တစ်ယောက်တည်း သွားတာပဲ"

မေမင်း တစ်ယောက် ဦးဂျွန်ကို သတိရကာ မျက်နှာနည်းနည်း ပျက်သွားသည်။

"ဆောရီးဟာ"

"ရပါတယ်၊ ကဲ ... ငါ့ကို ကြည့်ပေးဦး၊ အဆင်ပြေရဲ့လားလို့"

"ပြေပါတယ်၊ သွား ... သွား ... လှတယ်"

"အင်းလျားကန်ပေါင် သွားမလား"

"မသွားဘူး၊ မိုးချုပ်တော့မယ်"

"ဒါဆို ကော်ဖီဆိုင် ထိုင်ရအောင်နော်"

ကားပါကင်ကျပ်တဲ့ လှည်းတန်းကို သူ့ကားထားခဲ့ပြီး ခြေလျင်ပဲ လျှောက်ခဲ့၏။

ကော်ဖီဆိုင်ရောက်တော့ သူမ အအေးပဲ မှာလိုက်သည်။ ကော်ဖီဆိုင်တွေမှာ ရောင်းတဲ့အကောင်းစား ကော်ဖီတွေကို မသောက်ချင်တော့။

"ကိုယ် မန္တလေးသွားနေလို့ မလာဖြစ်တာ"

"ဪ"

"ရော့ ... ထိုးမုန့် ဝယ်လာတယ်"

"နေပါစေ၊ ရတယ်"





"စားစရာပေးတာ ယူသင့်ပါတယ်ကွာ၊ ဘာမှတန်ဖိုးရှိတာမှ မဟုတ်တာ။ ဒီထက် တန်ဖိုးရှိတာဆိုရင် မယူမှာစိုးလို့ မုန့်ပဲ ဝယ်လာတာ"

"အဲ့ ... ရှင်က သူဌေးသားတစ်ယောက်ဖြစ်ပြီး ဘာလို့ ကျွန်မလို မိန်းမတစ်ယောက်ရဲ့ အရိပ်အခြည်ကို သိရတာလဲဟင်"

"ချစ်လို့ပေါ့"

"ဟင်"

ဖျတ်ခနဲ ကြားလိုက်ရတော့လည်း လန့်သွား၏။

"ဟုတ်တယ်၊ ကိုယ် မေမင်းကို ချစ်လို့ မေမင်းအတွက် အစစအရာရာ စဉ်းစားပေးနေတာ"

မေမင်း ကျေနပ်ပီတိ ဖြာသွားသည်။

"မေမင်း ... ကိုယ် မေမင်းကို ချစ်တယ်၊ မေမင်းကရော"

"အဲ့ ... ရှင် သိပ်မလည်နဲ့လေကွယ်၊ ရှင်က ခုပဲချစ်ရေးဆို အခုအဖြေတောင်းနေတာလား"

"အဖြေတောင်းတာထက် မေမင်း သဘောထားကို မေးနေတာပေါ့၊ မေမင်း ကိုယ့်ကို ဘယ်လိုသဘောရလဲ"

"မသိဘူး"

"စဉ်းစားဦးမယ်ပေါ့"

"ရှင်က အရမ်းနပ်တဲ့သူ ဆိုတော့ ကျွန်မ ဘယ်လိုပြန်ပြောရမလဲ"

"မိန်းကလေးဆိုတော့ ချက်ချင်းကြီး အဖြေပေးဖို့တော့ မသင့်ဘူးပေါ့၊ အဲဒီသဘောတရားအရ မိန်းကလေးတွေက သဘောကျရင်တောင် ချက်ချင်း ခေါင်းမညိတ်ရဲဘဲ မူပြရတယ်၊ သူတို့ကို အထင်သေးမှာစိုးလို့ပေါ့နော်။ ကိုယ်ကတော့ နားလည်ပေးမှာပါ၊ မေမင်း အခုချက်ချင်း အဖြေပေးရင်လည်း အထင်မသေးဘူး။ မေမင်း စဉ်းစားဦးမယ် ဆိုရင်လည်း ကိုယ် နားလည်ပေးမယ်"

သူပြောပုံက မေမင်း သူ့ကို လက်ခံမှာ သူ သိတယ်ဟု ပြောနေသလိုပဲ။ အခုမဟုတ်ရင်တောင် နောက်တော့ လက်ခံမှာပဲဟု ကျိန်းသေတွက်ထားပုံပါ။ မေမင်း အောင့်သက်သက် ဖြစ်သွားသည်။ ငြင်းပစ်ချင်စိတ်တောင် ပေါက်သည်။ သူ လူရည်လည်လွန်းတာက မေမင်းကို စိတ်အနှောင့်အယှက် ဖြစ်စေသည်။





မေမင်း ဘာပြန်ပြောရမှန်း မသိတော့။ ငြင်းလိုက်ရမှာလည်း နမြောစရာလေ။

"အအေးသောက်လေ မေမင်း၊ ရှက်တော့လား၊ ရှက်နေရင် တခြားကိစ္စပဲ ပြောတော့မယ်၊ မေမင်း ကားမောင်းမသင်ချင်ဘူးလား"

"ကားမောင်း"

"အေးလေ"

မေမင်း ပြုံးလိုက်သည်၊ ကိုယ့်ဘဝနဲ့ကား ဘယ်လိုမှ မသက်ဆိုင်သောအရာ။ မေမင်းက အမောင်းသင်ပြီး ဘာလုပ်ရမှာလဲ။ တက္ကစီဆွဲစားရမှာလား။ ခွီ ခွီ ... ခွီ ခွီ။

✣ ○ ✣

အဲဒီနောက်ပိုင်း မေမင်းတို့ အချစ်ကိစ္စကို ဆက်မဆွေးနွေးဖြစ်ကြ။ ဒါပေမဲ့ ကားမောင်းတော့ သင်ဖြစ်သည်။ သူက သူ့ပြိုင်ကားလေးနဲ့ မေမင်းကို ကားမောင်းသင်ပေးသည်။

မနက်ငါးနာရီဆို သူ အဆောင်ကို လာခေါ်ပြီး မနက်စောစော ကားရှင်း၊ လူရှင်းချိန်မှာ အမောင်းသင်ပေးသည်။ သင်မောင်းလိုင်စင်လည်း လုပ်ပေးသည်။

သူ့ပြိုင်ကားလှလှလေးနဲ့ အမောင်းသင်ရတာကို မေမင်းလည်း ပျော်ရွှင်နေပါသည်။ တစ်ခဏပဲ ပျော်ရွှင်ရတာဖြစ်ဖြစ် မေမင်း ပျော်ပါသည်။

ကားမောင်းသင်ပြီးရင် သူက မနက်စာလိုက်ကျွေးသည်။





သူ မနက်စာစားတဲ့ ဆိုင်တွေက မေမင်းတို့စားတဲ့ လမ်းဘေးက ဝမ်းတီး တူးတီး ဆိုင်တွေမဟုတ်။ ကျောက်ပန်းတောင်းတွေ ဘာတွေ မအော်။

မေမင်းသည် သူနဲ့အတူရှိနေတဲ့ မနက်ခင်းလေးတွေကို သာယာသလို၊ သူနဲ့အတူ စားရတဲ့ ဒင်းဆမ်းတို့ ကော်ရည်တို့ကို မက်မောတတ်နေပြီ။ တစ်ရာတန် အိကြာကွေးထက် ဒေါသွပ်ထားတဲ့ ချေးကြီးကြီး အိကြာကွေးကိုမှ တပ်မက်တတ်လာပြီ။ လမ်းဘေးက မုန့်ဟင်းခါးက ဟင်းရည်အဆစ်တောင်းရသည်။ ဆိုင်ကြီးတွေပေါ်မှာ ဟင်းရည်လိုက်ပွဲကို ပိုက်ဆံနဲ့ ရောင်းတာပါ။ သုံးရာတန် မုန့်ဟင်းခါးထက် ထောင်ကျော်ပေးစားရတဲ့ မုန့်ဟင်းခါးကို ပို၍ အရသာတွေ့နေသည်။

ခေါက်ဆွဲကြော်တောင် ဆိုင်ကဝယ်မစားနိုင်တဲ့ဘဝမှာ သူလိုက်ကျွေးတဲ့ ကြေးအိုးတွေ၊ ဆီချက်တွေ၊ ဖက်ထုပ်တွေဆိုတာလည်း စားလို့ကောင်းမှကောင်းပေါ့။

ကားမောင်းသင်၊ မနက်စာစားပြီး အဆောင်ကိုပြန်ပို့ပေးသည်။ အဆောင်ထိတော့ မဟုတ်၊ လမ်းထိပ်မှာပဲ ချပေးတာပါ။

ဒါပေမဲ့ လမ်းထိပ်က မျက်လုံးပေါင်း တစ်ထောင်က အကဲခတ်နေကြသည်။ သူမကို အဆောင်မှာနေမှန်းလည်း သိကြကာ နေ့တိုင်း ပြိုင်ကားပေါ်က ဆင်းလာတာတွေ့တော့ သို့လော သို့လောပေါ့။

သို့သော် မေမင်း ပတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်ချင်တော့။

ပတ်ဝန်းကျင်ဆိုတာ ဆွဲတင်ဖော်မရပေမယ့် တွန်းချဖို့ဆို လာထားပဲ။

သူဇာမကလည်း မြှောက်ပေးသည်။

"နင့်ကို သူ ချစ်ရှာပါတယ်ဟာ၊ တန်ဖိုးလည်း ထားရှာပါတယ်၊ ပတ်ဝန်းကျင်ကိုတော့ ဂရုစိုက်မနေနဲ့၊ ကိုယ်အဆင်ပြေဖို့ အရေးကြီးတယ်"

"သူက အရမ်းလည်ပြီး အရမ်းနပ်တော့ ငါ လိုက်မမီဘူးဟာ၊ တစ်ခါတလေ စိတ်အခန့်မသင့် ဖြစ်ရတယ်"

"သူ့အချစ်ကို ခံစားလို့ မရဘူးလား"

"အင်း ... ရတော့ ရပါတယ်၊ သူက ငါ့ကိုချစ်တယ်၊ ချစ်တာမှ အစစအရာရာ နားလည်ပေးပြီးချစ်တာ၊ ဒါပေမဲ့ ငါလိုချင်တဲ့ သည်းသည်းလှုပ် ချစ်တာမျိုးတော့ မဟုတ်ဘူး"





"သည်းသည်းလှုပ် အချစ်ဆိုတာ တာရှည်မခံပါဘူးဟာ၊ တည်ကြည်တဲ့ အချစ်လောက် တန်ဖိုးမရှိပါဘူး။ နင်သိပ်မခေါင်နဲ့ သိလား။ အဓိက,က နင့်ဘဝလှဖို့ပဲ"

"အင်းလေ ... ဘာပဲဖြစ်ဖြစ် ငါကျေနပ်ပါတယ်ဟာ၊ သူက ထူးဆန်းတယ်၊ ထူးဆန်းတာထက် အေးလွန်းတာလား၊ ငါ့ကို ချစ်ရေးဆိုတဲ့နေ့ကစပြီး ခုထိ အဖြေမတောင်းသေးဘူး"

"အဲဒါ သူ့တက္ကနိကွေး ဖြစ်မှာပေါ့ဟာ"

✣ ○ ✣

သူ့ပြိုင်ကားလေးကို သူမ ကျွမ်းကျင်စွာ မောင်းတတ်သွားပြီ လိုင်စင်လည်း ရပြီ။ ပြီးတော့ သူက တခြားကားအမျိုးအစားတွေလည်း ယူလာကာ သူမကို မောင်းခိုင်းသည်။ ထို့ကြောင့် သူမ ဘယ်ကားမျိုးမဆို မောင်းတတ်နေပါပြီ။

ထိုနေ့က သူမနားတဲ့နေ့။ ပဲခူးဘုရားတွေဖူးဖို့ နှစ်ဦးသား ထွက်လာကြသည်။

သူတို့နှစ်ယောက် ရန်ကုန်က ဘုရားတွေတော့ အစုံဖူးပြီးပြီ။ မနက်စောစော ကားမောင်းသင်ရင်း ဖူးတာလေ။ အခုတော့ နားရက်ကို ပဲခူးဘက် ထွက်လာခဲ့သည်။ သူ့ပြိုင်ကားလေးကို သူမ မောင်းရင်းပေါ့။ သူလက်ဆောင်ပေးထားတဲ့ နေကာမျက်မှန် ဈေးကြီးလွန်းမှန်းတောင် သူ မသိပါ။ ထိုင်ခုံခါးပတ်လည်း ပတ်ထားသည်။





သူမကတော့ ပြိုင်ကားနီနီလေးကို အရမ်းချစ်သည်။ သူမပိုင်တဲ့ ကားလေးလို့တောင် စိတ်က ထင်နေသည်။

"ပဲခူးအဝင်ကျရင် ကိုယ်မောင်းမယ်နော်၊ နည်းနည်းရှုပ်လို့"

"ဟုတ်ကဲ့"

ပဲခူးဘုရားတွေ အစုံဖူးသည်။ သူက ပဲခူးလမ်းတွေကိုလည်း ကျွမ်းကျင်နေသည်။ သူ့သူငယ်ချင်းတွေနဲ့ ပဲခူးကိုလာဖြစ်သတဲ့။ သူမ သူ့သူငယ်ချင်းတွေကို လုံးဝမမြင်ဘူးပါ။ တစ်ယောက်မှကို မမြင်ဘူး။

သူမတို့ ရွှေသာလျောင်းဘုရားမှာ စကားခဏထိုင်ပြောဖြစ်ကြသည်။

"မေမင်း"

"ပြောလေ အဒဲ"

"ကိုယ့်ကို အခု အဖြေပေးပါလား"

"ဘာဖြစ်တာလဲ ရုတ်တရက်ကြီး"

"အမှတ်တရ ဖြစ်သွားအောင်လို့ပါ၊ ပဲခူးက ရွှေသာလျောင်းဘုရားမှာ အဖြေပေးခဲ့တယ်ဆိုပြီး မှတ်ထားချင်လို့"

"ဒါလည်း ရှင့်ရဲ့လူလည်ကျခြင်း တစ်မျိုးပဲမို့လား"

"ဟီး ဟီး"

"အဲ"

"ပြောလေ"

"ရှင် မေမင်း အကြောင်း ဘယ်လောက်သိလို့လဲ"

"မေမင်း အဆောင်နဲ့ အလုပ်လုပ်တဲ့နေရာကလွဲရင်ဘာမှ မသိဘူး"

"မသိချင်ဘူးလား"

"မလိုအပ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကိုယ် မေမင်းကို ချစ်တာ အကြောင်းတရားတွေ မပါဘူး၊ အလိုလို ချစ်တာ၊ ကျန်တာတွေ ဘာမှမလိုဘူး"

"ကျွန်မက ပြစ်ချက်ရှိနေရင်ရော"

"ကိုယ် စိတ်မဝင်စားဘူး၊ ကိုယ် စိတ်ဝင်စားတာက မေမင်း ကိုယ့်အချစ်ကို လက်ခံဖို့ တုံ့ပြန်ဖို့"

"ရှင့်အကြောင်းတွေလည်း မေမင်း မသိရဘူးပေါ့"

"မလိုပါဘူး၊ ချစ်တာကို ရိုးရိုးကလေး ချစ်လို့ရတယ်"

"ချစ်တာကတော့ ချစ်လို့ရတာပေါ့၊ လက်ထပ်တဲ့အခါကျရင်တော့ လိုမယ်ထင်တယ်"





"လက်ထပ်တဲ့အခါ"

"ဟုတ်တယ်လေ၊ ချစ်တာနဲ့တင် ပြီးတာမှ မဟုတ်တာ၊ လက်ထပ်ရင် သူ့ဘက် ကိုယ့်ဘက်ဆိုတာ လိုလာမှာပေါ့၊ မေမင်းတို့က ဆင်းရဲတော့ ဖြစ်ပါ့မလား"

"မေမင်းရယ် ပူတာတ်ရန်ကော၊ မရောက်သေးတဲ့ အနာဂတ်ကို အုံးမစားဘဲ ပစ္စုပ္ပန်ကိုပဲ အကောင်းဆုံး တည်ဆောက်စမ်းပါ"

"ဒါပေမဲ့ အနာဂတ်ဆိုတာ မဖြစ်မနေ ရင်ဆိုင်ရမှာလေ"

"နောင်ခါလာ နောင်ခါချေးကွာ၊ အခု မေမင်း ကိုယ့်ကို ချစ်လား ပြော"

"မေမင်းကလည်း တစ်ခု ပြန်မေးမယ်၊ အဲဒဲ မေမင်းကို လက်ထပ်မှာလား … ပြော"

"မေမင်းရာ၊ ကိုယ်က မေမင်းကိုချစ်တာ ဒုက္ခပေးဖို့မဟုတ်ဘူး၊ ကိုယ် မေမင်းကို တကယ်ချစ်တာ၊ အဲဒါတစ်ခုကို ယုံပေး၊ မနက်ဖြန်ဆိုတာတောင် မသေချာတဲ့ လောကကြီးမှာ ကိုယ် ဘာကတိမှ မပေးချင်ဘူး၊ ကိုယ် ကတိပေးနိုင်တာ တစ်ခုပဲ၊ ကိုယ် မေမင်းကို တကယ်ချစ်တယ်၊ ဘယ်

တော့မှ ဒုက္ခပေးမှာ မဟုတ်ဘူး၊ ကိုယ် တတ်နိုင်သလောက် မေမင်းကိုဖြည့်ဆည်းပေးမယ်၊ ဒါပဲ”

မေမင်းကလည်း လက်ထပ်မယ်ဆိုတဲ့ ကတိမရ၍ မအီမလည်။

“ကိုယ့်ကိုချစ်လား မေမင်း”

မချစ်ဘူး။ ဒါပေမဲ့ တကယ်တမ်းကျတော့ မေမင်း ခေါင်းညိတ်ပြလိုက်မိတယ် ထင်ပါရဲ့နော်။

✤ ○ ✤





သူတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားတော့လည်း အဒဲက သည်းသည်းမလှုပ်ပါ။ ဒါပေမဲ့ သူမအတွက် လိုအပ်တာ မှန်သမျှ ဖြည့်ဆည်းပေးသည်။

သူမအတွက် အဝတ်အစား အသုံးအဆောင်ပစ္စည်းတွေ ဝယ်ပေးသည်။ ဒါပေမဲ့ သူမ မယူပါ။

“ယူပါ မေလေးရယ်၊ ကိုယ့်ချစ်သူကို ဝတ်စေချင် သုံးစေချင်လို့ ဝယ်ပေးတာပါ”

“မယူဘူး အဒဲ၊ အဒဲနဲ့ လက်မထပ်ဖြစ်ရင် ဒါတွေဟာ အကြွေးတင်သလို ခံစားရမယ်၊ အဒဲကို တို့ချစ်တာ မျှော်လင့်မှုတွေ မပါဘူး၊ ဘာလို့လဲ သိလား၊ အဒဲက တို့ကို လက်ထပ်ဖို့တောင် ကတိမပေးနိုင်တဲ့ ယောကျ်ားလေ၊ အဲဒါကြောင့် တို့ မမျှော်လင့်ရဲဘူး၊ တို့လို ဆင်းရဲတဲ့

မိန်းမတစ်ယောက်ကို အဲဒီလို သူဌေးသားက လက်ထပ်ဖို့ဆိုတာလည်း ခက်ခဲမှာပဲ။ အဲဒါကြောင့် တို့ ဘာမှမမျှော်လင့်ထားတာ၊ အဒဲနဲ့ ချစ်သူဖြစ်နေတဲ့ အခိုက်မှာ ပျော်ရွှင်စွာနေမယ်၊ ဒီလောက်ပဲ"

"မေလေးရယ်"

မေမင်းဘက်က ဒီလောက်ပြောတာတောင် သူက မေလေးရယ်နဲ့ပဲ ပြီးသွားသည်။ သေချာပါ၏။ သူ မေမင်းကို လက်ထပ်မှာမဟုတ်။ မေမင်း သိထားပေမယ့်လည်း ဝမ်းနည်းရပါသည်။

မေမင်းကို သူ တကယ်ချစ်တာ ခံစားလို့ရ၏။ အလှွာမတူလို့ သူ မယူတာ။

ခေါက်ဆွဲကိုတောင် တူနဲ့မစားတတ်တဲ့ မေမင်း၊ ဇွန်းခက်ရင်းကိုတောင် အဆင်ပြေအောင် မကိုင်နိုင်တဲ့ မေမင်းက သူနဲ့ ဘယ်လိုမှ မလိုက်ဖက်ဘူးလေ။ သူ့ သတို့သမီးအဖြစ် အဆင့်မမမီဘူးလေ။

သူကလည်း မေမင်းနဲ့ ချစ်သူသာ ဖြစ်တာ အခွင့်အရေး မယူရှာပါ။ ပန်းဖက်၊ လက်ကိုင်တာလောက် မေမင်း





ဆံပင်လေးတွေ သပ်တင်ပေးရုံ၊ နမ်းတာတောင် နဖူးလေးပဲမထိတထိ။

သူက မေမင်းကို စာအုပ်တွေတော့ မရမရ ဝယ်ပေးသည်။ ဘဝအတွက် စာဖတ်ရမတဲ့။ ဖတ်သင့် ဖတ်ထိုက်တဲ့ စာအုပ်တွေ ဝယ်ပေးပါသည်။ မယူလို့၊ မဖတ်လို့မရ။ အတင်းဖတ်ခိုင်းသည်။

မေမင်းဘဝအတွက် သူ ဘာလုပ်ပေးရမလဲဟုလည်း အမြဲမေးသည်။ မေမင်းကလည်း ဘာအကူအညီမှကို လက်မခံ။ မေမင်းကို လက်မထပ်နိုင်သော၊ မေမင်းကလည်း မချစ်သော ချစ်သူကို မေမင်း မမှီခိုချင်။ မေမင်းဘက်က တတ်နိုင်သလောက် ကင်းရှင်းနိုင်အောင် ကြိုးစားသည်။

သူ မိမိကို လက်ထပ်ချင်တယ် ဆိုရင်တောင် မိမိဘက်က မချစ်သော်လည်း အောင့်ကာနမ်းရမှာလေ။

ခုတော့ မေမင်း စိတ်လေသွားသည်။ လောကမှာ မေမင်းတို့လို ဆင်းရဲနုံချာသူတွေအတွက် တင့်တယ်ခွင့်မရှိ။ ရွှေပေါ်ကို မြပဲတင်မှာပေါ့။ ရွှေပေါ်ကို ကျောက်စရစ်ခဲတော့ တင်မှာမဟုတ်ဘူးလေ။

မေမင်းတို့လို အဆင့်က ထူးနီလို အနေအထား လောက် ရရင်တောင် ကံကောင်းလှပြီ။ တကယ်တော့ ထူးနီ မေမင်းပေါ် ကောင်းတဲ့ မေမင်း သိပါသည်။ ကိုယ်က သူ့ထက် မြင့်သူကို လိုချင်လောဘ ဖြစ်မိတာ ကိုယ့်အပြစ်ပါ။ ခုတော့ မေမင်းနဲ့ အဒဲ ချစ်သူဖြစ်တာ သိသွားတဲ့ ထူးနီ၊ မေမင်းဆီ မလာ တော့ပါ။

မလာတော့မှ လာစေချင်သလိုလို။ ဘာကြီးလဲကွာ။

✤ ○ ✤

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့လိုလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဝ)၊ ဧယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





အဒဲက သူမကို ဒီနိုင်နာသင်တန်း တက်နိုင်း၏။ သိန်းဆယ်ချီပြီး သင်တန်းကြေးသွင်းရသော ဒီနိုင်နာသင်တန်းကို တက်နိုင်းတာပါ။

သူမ ထိုအခွင့်အရေးကိုလည်း မယူခဲ့ပါ။

"မေလေး ... မေလေး ဘဝအတွက် နိုင်မာမှုရှိမယ့်အလုပ် ကို လုပ်နိုင်းတာ ဘာလို့ ငြင်းရတာလဲ"

"ကျွန်မ ရှင့်ဆီက လိုချင်တာ အဲဒါတွေ မဟုတ်ဘူးလို့ ပြောပြီးပြီလေ။ ရှင် နားမလည်ဘူးလား အဒဲ။ အဟင်း ကိုယ့်ကို လက်မထပ်နိုင်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ဆက်တွဲနေတာတောင် ကျွန်မ လွန်လှပြီ"

"ကိုယ် မင်းကို လက်ထပ်နိုင်ပါတယ်၊ ဒါပေမဲ့ လူသိရှင်ကြားတော့ မဟုတ်ဘူး မေလေး"

"ဘာပြောတယ်"

"ဟုတ်တယ်၊ ကိုယ့်ရဲ့ပွဲတက်ဇနီးမယားအဖြစ် မင်းကို ဘယ်လိုပွဲထုတ်ရမလဲ မေလေး၊ အဲဒါကြောင့် လက်ထပ်တာထက်စာရင် ခုလို ဖြူဖြူစင်စင် ချစ်တာက မင်းအတွက် ပိုကောင်းပါတယ်၊ ကိုယ် မင်းကို တကယ်ချစ်မိသွားတာ မေလေး။ မင်းဘဝလေး ဒီထက်ပိုလှအောင် ဖြည့်ဆည်းပေးချင်တယ်၊ ကိုယ် မင်းကို ချစ်လွန်းလို့ ကိုယ့်ရဲ့လူမသိသူမသိ ဇနီးမယားအဖြစ်လည်း မထားရက်ဘူး"

"တော်တော့ ... တော်ပါတော့၊ ရှင် ဆက်ပြောသမျှ ကျွန်မကို ဓားနဲ့အချက်ပေါင်းများစွာ ထိုးသလို ဖြစ်နေလိမ့်မယ်"

"မေလေး မျှော်လင့်ရင်း မောနေမှာစိုးလို့ပါ။ ဖြစ်နိုင်ရင် ကိုယ့်ရဲ့လူမသိ သူမသိထက်စာရင် တခြားတစ်ယောက်နဲ့ လက်ထပ်ပြီး ပြည့်စုံပျော်ရွှင်နေတာကို မြင်ချင်တယ်"





"ဒါဆို ရှင် ဘာလို့ ကျွန်မနား ရောက်လာခဲ့တာလဲ"

"ချစ်လို့ပါ"

"တော်ပါတော့၊ ရှင် ကျွန်မကို စော်ကားနေတာ၊ ရှင် ခုလို ပြောနေတာ ကျွန်မ ဂုဏ်သိက္ခာကို ဘယ်လောက် ထိခိုက်နေပြီထင်လဲ ... ဟမ်"

"ကိုယ် သိပါတယ်၊ ဒါပေမဲ့ ကိုယ် မေလေးနားကို မလာဘဲ မနေနိုင်ခဲ့ဘူး၊ ကိုယ့်နားကို ဆွဲမခေါ်နိုင်လို့ မနှစ်ရက်ဘူး၊ လွှန်ဆွဲနေတဲ့ စိတ်တွေဟာ မေလေးကို သိပ်ချစ်လို့ ဖြစ်လာတာတွေပါ မေလေးရယ်၊ ကိုယ် တတ်နိုင်တာက မေလေးဘဝ တိုးတက်ဖို့အတွက် ကိုယ်လုပ်ပေးနိုင်သလောက် လုပ်ပေးချင်တယ်၊ ကိုယ် မေလေးကို အရမ်းချစ်ပါတယ် မေလေးရယ်"

"တော်တော့ အဒဲ၊ ဒါပါပဲ ... နောက်ဆုံးတော့လည်း သူဌေးသားက ပဲပြုတ်သည်ကို မယူသလိုပေါ့။ ဒီနေရာမှာ ကျွန်မသာ သူဌေးသမီးဆို ရှင် ယူမယ်ပေါ့ ဟုတ်လား။ ရယ်စရာ ကောင်းလိုက်တာ"

"အဲဒါကြောင့် ကိုယ့်ကို နားကြည်းပါ၊ မုန်းတီးပါ၊ ကိုယ့် ပိုက်ဆံတွေနဲ့ မင်းဘဝတိုးတက်အောင် လုပ်စမ်းပါ မေလေး ရယ်"

"မလိုပါဘူး အဒဲ၊ ရှင့်ကို ကျွန်မကလည်း အစကတည်း က မချစ်ခဲ့ပါဘူး၊ မချစ်မိလို့ တော်သေးတာပေါ့ရှင်၊ ကျွန်မ သိပ်မရှုံးတော့ဘူး၊ ရှင့်ပိုက်ဆံတွေလည်း ကျွန်မ မသုံးဘူး၊ ကျွန်မကို ကားမောင်းသင်ပေးတဲ့အတွက်၊ ကား အကောင်းစားမျိုးစုံကို မောင်းဖူးလိုက်ရတဲ့အတွက် ကျေးဇူး တင်တယ်၊ ရှင်နဲ့ကျွန်မ ထပ်တွေ့စရာ အကြောင်းမရှိတော့ ဘူး အဒဲ၊ ဪ ... တစ်ခုတော့ မှတ်ထားလိုက်၊ ပိုက်ဆံ မရှိတဲ့ မိန်းကလေးတိုင်း ပိုက်ဆံမက်လိမ့်မယ်လို့တော့ ရှင် မထင်နဲ့ အဒဲ။ ဘဝနဲ့ရင်းပြီး ပိုက်ဆံမက်တဲ့အထဲမှာ မိန်းမကောင်းတွေ မပါဘူး"

"မေလေး"

"ရှင် သွားတော့"

"ဆောရီးပဲ မေလေး၊ ကိုယ် နောက်တစ်ပတ်ဆို ဇေ့စပ်ရ





တော့မယ်၊ လူကြီးတွေ စီစဉ်တာပါ။ ကိုယ် ခေါင်းညိတ်ခဲ့ တဲ့ ဇေ့စပ်ပွဲပေါ့။ ကိုယ့်ကို မေလေး မချစ်ဘူးဆိုလို့ ကိုယ် ဝမ်းသာပါတယ်၊ ဒါပေမဲ့ ကိုယ်ကတော့ မေလေးကို အရမ်းချစ်တယ်၊ အမြဲထာဝရ ချစ်သွားမှာ၊ ကိုယ့်ကိုအမြဲ တမ်း စိုးမိုးထားတာ မေလေးပါ၊ နောက်ကို ကိုယ်မေလေး နားကို လာနိုင်တော့မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ့်ရင်ထဲ မှာ မေလေး အမြဲရှိနေမှာပါ"

"ရှင် သွားတော့လို့ ကျွန်မ ပြောနေတယ်နော်၊ ကျွန်မ ရှင့် ကို မမုန်းချင်ဘူး၊ မုန်းမိရင် မုန်းတဲ့စိတ်နဲ့ သတိရနေမှာ ကြောက်လို့၊ လူတစ်ယောက်က ချစ်တဲ့သူကိုဖြစ်စေ၊ မုန်း တဲ့သူကိုဖြစ်စေ ဘယ်တော့မှ မမေ့ဘူး၊ ကျွန်မ ရှင့်ကိုမေ့ ပစ်ချင်တယ်၊ အဲဒါကြောင့် ခုလောက်နဲ့ပဲ သွားပါတော့ရှင်"

တရွေ့ရွေ့ ကျောခိုင်းသွားတဲ့ သူ့ကိုကြည့်ကာ မေမင်း ဝမ်းနည်းလာသည်။ သူ့ကို ဆုံးရှုံးလို့ ဝမ်းနည်းတာ မဟုတ်ဘူး။ တန်းမမီတဲ့ ကိုယ့်ဘဝကို ဝမ်းနည်းတာပါ။ သူ့ကို စိတ်မနာဘူး။ ကိုယ့်ဘဝပေး အခြေအနေကိုပဲ စိတ်နာမိတာ။

ဘဝကံအကျိုးပေး နည်းခဲ့လို့ ခုလို အဖြစ်မျိုးကြုံရတာ။ အိတ်ထဲက ငါးဆယ်တန် တစ်ရှူးထုပ်လေးထုတ်ကာ တစ်ရှူးတစ်ရွက် ထုတ်ယူပြီး တစ်ဝက်ထပ်ပိုင်းကာ မျက်ရည်စတွေကို တို့သုတ်ရင်း ...။

✣ ○ ✣





"မိုက်ရိုင်းလိုက်တာဟယ်၊ နင့်ကို အဲလိုပဲ ပြောသွားလား"

"ငါတို့ဘဝတွေကိုက လူတကာ ခြေဝင်ဆေးချင်စရာတွေ ဖြစ်နေလား မသိပါဘူးဟာ"

"မဆိုင်ပါဘူး၊ ဒါ သက်သက်မိုက်ရိုင်းတာ၊ ဟွန်း ... ကြည့်တော့ ဟုတ်တော့မလိုလိုနဲ့"

"ငါတော့ ပိုက်ဆံရှိတဲ့သူတွေဆိုရင် အရမ်းကြောက်နေပြီ သူ့ဇာမရှယ်"

"သူငယ်ချင်းရယ်"

"တကယ်တော့ ကိုယ့်ဘဝ ကိုယ်သိတာပဲ ကောင်းပါတယ်၊ ငါ့အနေအထားနဲ့ ထူးနီကို ရရင်တောင် ကံကောင်းလှပါပြီ။ ဟင်း ဟင်း ... ဒါပေမဲ့ ငါ ထူးနီကို လက်မခံဘူး။ အစကတည်းက လက်မခံခဲ့ဘဲ အခုမှ အဒဲ ခါထုတ်လို့ သူ့ဆီရောက်ရတာမျိုး မဖြစ်ချင်ဘူး"

"အေး ... သူကလည်း နင်နဲ့ အဲဒဲ ချစ်သူတွေ ဖြစ်သွားတာ သိမှာပဲ၊ လာတောင် မလာတော့ဘူး"

"ထားလိုက်ပါဟာ၊ ဘာမှ မစဉ်းစားဘဲ ဘဝကို ပျော်ပျော်နေတာပဲ ကောင်းတယ်၊ ဒါပေမဲ့ ငါ ဦးဂျွန်ကို ပိုပြီးရင်နာခဲ့တယ်"

"တော်စမ်းပါဟယ်၊ နင့်အပေါ် မကောင်းဆုံးက အဲဒီလူကြီးပဲ၊ ခံစားနေသေးတယ်"

"အဲဒါကြောင့် ငါ အဲဒဲကို ခွင့်လွှတ်နိုင်တာပေါ့၊ နှလုံးသားဆိုတာ အလွှာမရှိဘူး၊ ချစ်ချင်တဲ့သူကို ချစ်မှာပဲ၊ ရင်နာချင်တဲ့သူကို နာမှာပဲ၊ သင့်မသင့် မစဉ်းစားတာက ဦးနှောက်၊ ကောင်းပါတယ်၊ ငါချစ်တဲ့သူအတွက်တောင် ဘဝကိုမရင်းခဲ့သေးတာ၊ အဲဒဲအတွက်တော့ မရင်းနိုင်ဘူး"

"အင်း ... လိုတာမရတာလေ၊ နင့်ကို သည်းသည်းလှုပ်အောင် ချစ်ရှာတာ ထူးနီပါ"

"ဟုတ်တယ်"

"ခုတော့ ထူးနီလည်း မလာတော့ဘူး"





"ထားလိုက်ပါဟာ၊ ကဲ ... အားလုံး မေ့လိုက်မယ်၊ ငါတို့ ကုသိုလ်ကောင်းမှု များများလုပ်ရမယ်ဟ၊ ငါတို့ ကုသိုလ်ကောင်းမှုလုပ်မှ ကံကောင်းမှာ"

"ဟုတ်တယ်၊ တတ်နိုင်သလောက် ကုသိုလ်စိတ်ကလေး မွေးကြတာပေါ့"

"ဘွားသီလဝတ်ချင်စိတ်တောင် ပေါက်လာပြီ ... ခွိ ခွိ"

"ဟွန်း ... မိန်းမ"

"ဟဲ့ ... ငါက ခေါင်းတုံးလေးနဲ့ တစ်မျိုးဆွဲမက်စရာ ကောင်းမယ် ထင်တယ်နော်"

"တုံးကြည့်ပါလား"

"အေး ... လုပ်ကြည့်ရင် ကောင်မလားလို့ ... ခွိ ခွိ"

✤ ○ ✤

ထူးနီတစ်ယောက် အသည်းကွဲနေတာပါ။ မေမင်းက ချစ်သူရသွားပြီဆိုတော့ ထူးနီ မေမင်းကို သွားမနှောင့်ယှက်ဖြစ်တော့။ သူ စုံစမ်းသိရသလောက် မေမင်း ချစ်သူက လူကောင်း သူကောင်းတစ်ယောက်ဆိုတော့ မေမင်းကို စိတ်ချသည်လေ။

ဘာပဲဖြစ်ဖြစ် သူ့ထက်သာတဲ့သူနဲ့ မေမင်း ပျော်နေပါစေဟုသာ ကျိတ်ဆုတောင်းနေမိ၏။

ဒါပေမဲ့ သူ မစုံစမ်းပေမယ့် သူ့သူငယ်ချင်းတစ်ယောက်က သတင်းပို့လာသည်။ မေမင်းနဲ့ သူဌေးသား ပြတ်သွားပြီတဲ့။

သူ ကြားကြားချင်း မေမင်းအတွက် စိတ်ပူသွားသည်။ မေမင်း ဘာမှ မထိခိုက် မနစ်နာပါစေနဲ့ဟု အရင်ဆုတောင်းမိ၏။





သူ မသူဇာဆီ ဖုန်းဆက်ကာ အကျိုးအကြောင်း မေးလိုက်သည်။

"ဟုတ်တယ်၊ ဟိုကောင်က မေမင်းကို လူသိရှင်ကြား လက်မထပ်နိုင်ဘူးတဲ့လေ၊ စေ့စပ်ရမယ့်သူ ရှိတယ်တဲ့၊ အဖြစ်အပျက်ကတော့ ဒါပဲဟေ့"

"ဟာဗျာ ... မိုက်ရိုင်းလိုက်တာ"

"အေးဟယ် ... ငါလည်း အရမ်းစိတ်တိုတာပဲ၊ ဒါနဲ့ဆို နှစ်ခါရှိပြီ ခံရတာ"

"မေမင်း ဘာမှ မထိခိုက်ဘူး မို့လား"

"မထိခိုက်ပါဘူး၊ ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ဟာ စိတ်ဒဏ်ရာတော့ ဖြစ်သွားမှာပေါ့"

"အေးဗျာ ... သနားပါတယ်"

"ဟဲ့ ... နင်မလာနဲ့ဦးနော်၊ လောလောဆယ် နင် သူ့ဆီလာရင် သူ ရှက်သွားလိမ့်မယ်"

"အေးပါဗျာ၊ ဒါပေမဲ့ ကျွန်တော် သူ့ကို အားပေးချင်တယ်၊ ဟူး ... စိတ်ဆင်းရဲတယ်ဗျာ"

"သူလည်း တော်တော်လန့်သွားပုံပဲဟဲ့ သိလား၊ ငါ့သူငယ်ချင်း သနားပါတယ်၊ အမှန်တော့ သူ့မိသားစုအတွက် ချမ်းသာတဲ့သူကို အားကိုးချင်နေတာ၊ သူ ဦးဌျန်ကိုရော အဲဒ့ကိုပါ တကယ်မချစ်ခဲ့ဘူး၊ အားကိုးရှာတာဟ"

"အေးဗျာ ... ကျွန်တော်ကလည်း သူ့ဘဝကို မဖြည့်ဆည်းပေးနိုင်တော့ ခက်သားဗျာ"

"စိတ်မတတ်မကျပါနဲ့ဟာ၊ နင့်မေတ္တာစစ်မှန်ရင် တစ်နေ့ သူ တို့ပြန်လာမှာပါ"

"ဒီလိုလုပ်ဗျာ၊ သူ့ကို မနက်ဖြန် ရွှေတိဂုံဘုရားကို ခေါ်ခဲ့၊ သူက ကြာသပတေးမို့လား၊ သူ့မွေးနံထောင့်မှာ ကျွန်တော် စောင့်နေမယ်၊ မတော်တဆ တွေ့သလိုလိုနဲ့ တွေ့ရအောင်၊ သူ့ဘဲနဲ့ ပြတ်သွားတာလည်း ကျွန်တော် မသိချင်ယောင်ယောင် ဆောင်နေမယ်လေ"

"နင်လည်း ဝင့်ကြွေးကြီးပဲ"

✤ ○ ✤





သူဇာမက ဘုရားသွားဖို့ ခေါ်တော့ ကိုယ်လည်း ညစ်နေတာနဲ့ အတော်ဖြစ်သွားသည်။

သူဇာမနဲ့ ဘုရားပေါ်တက်လာ စက်လှေကားအထွက်မှာရောင်းတဲ့ စံပယ်ပန်းလေးတွေ ဘုရားလှူဖို့ ဝယ်လိုက်သည်။ ဆယ့်တစ်မီးငြိမ်းအောင် ဆယ့်တစ်ကုံး ဝယ်လိုက်သည်။

ပြီးတော့ သူမမွေးနေ့ ကြာသပတေးထောင့်ကို အရင်ရောက်တာမို့ ဘုရားပန်းကပ်ဖို့ ဂြိုဟ်တိုင်ကို အသွား ...

"ဟင် ... ထူးနီ"

"မေမင်းတို့ပါလား၊ ဘုရားလာတာလား"

"ဟုတ်တယ်"

"မတွေ့တာတောင် ကြာပြီနော် မေမင်း၊ ငါလည်း ခရီးသွားနေတာနဲ့ မရောက်ဖြစ်ဘူး။ အားလုံး အဆင်ပြေတယ်မို့လား မေမင်း"

"အင်း ... ပြေပါတယ်"

"မေမင်း အဆင်ပြေတယ်ဆိုရင် ငါ ဝမ်းသာပါတယ်ဟာ၊ ဘုရားပန်း လှူမလို့လား လှူလေ၊ မသူဇာလည်း မတွေ့တာကြာပြီနော်"

"ဟုတ်တယ်၊ ထူးနီတို့များနော်၊ တို့ဘက် ခြေဦးတောင် မလှည့်တော့ဘူး၊ သိသာချက်"

"မဟုတ်ပါဘူး၊ ကျွန်တော် အလုပ်ရှုပ်နေလို့ပါ၊ ပြီးရင် မုန့်လိုက်ကျွေးမယ် ကျေနပ်ပါနော်"

"အို ... မစားတော့ပါဘူး၊ ပြန်မယ်၊ မိုးချုပ်နေမယ်"

"မိုးမချုပ်အောင် လှည်းတန်းမှာပဲ လိုက်ကျွေးမယ်လေ၊ ငါးကင်စားရအောင်"

"ဘုရားပေါ်မှာ အေးချမ်းတယ်နော်၊ မေမင်း ... နင်လည်း နင်ထောင့်မှာ အေးဆေးရှိခိုး၊ ငါ သောကြာထောင့်မှာ စောင့်မယ်"

"ခဏစောင့်ပါ သူဇာမရယ်၊ အတူတူသွားမှာပေါ့"

"တစ်ယောက်တစ်လှည့် စောင့်နေရင် ကြာနေမှာစိုးလို့ပါ မေမင်းမရယ်၊ နှစ်ယောက်တစ်ပြိုင်တည်း ကိုယ့်ထောင့်





ကိုယ်ကန်တော့လိုက်တော့ စောင့်လည်း မစောင့်ရတော့ဘူး၊ အေးအေးဆေးဆေး ကန်တော့လို့ ရတာပေါ့၊ ထူးနီ နင့်ကို စောင့်ပေးလိမ့်မယ်"

သူဇာမ ဆင်သွားတဲ့အကွက်ကို သိပါသည်။ သူမ ထူးနီနဲ့ မနေခဲ့ချင်ပါ။

ထူးနီ သူမနား ရှိနေတာ သူမစိတ် အနှောင့်အယှက် ဖြစ်ပါ၏။ ဘုရားရှိခိုးရတာ စိတ်ကမပါ။ စိတ်က ဟိုရောက် ဒီရောက်။

လူတစ်ယောက်ဟာ စိတ်တကယ်ညစ်လာပြီဆိုရင် ဘုရားကို အားကိုးချင်စိတ် ပိုဖြစ်လာတတ်၊ ပိုပြီး တိုင်တည်လာတတ်ပေမယ့် တစ်ခါတလေကျရင် ဘုရားကို အာရုံပြုမရအောင်ကို စိတ်လေတဲ့အခါတွေ ရှိတတ်ပါသည်။

ဘုရားရှိခိုးပြီး သောကြာထောင့်ကို သွားလိုက်သည်။ ထူးနီက ဘေးကငြိမ်သက်စွာပဲ ပေါ်လာသည်။

သောကြာထောင့်ရောက်တော့ သူဇာမက ပုတီးစိပ်နေသည်။ တော်တော်နဲ့ မပြီး။ ထူးနီက စကားစလာသည်။

"မေမင်း စိတ်ချမ်းသာရဲ့လား"

"ဘာကိုမေးတာလဲ"

"အစစအရာရာပေါ့"

"ငါတို့လို အဖြူအမည်းဘဝတွေက ကာလာနဲ့လူတွေ လောက်တော့ ဘယ်လှပါ့မလဲဟာ၊ အဖြူအမည်းက အမည်း အဆင့်ပဲပေါ့။ ဆေးရောင်စုံကာလာတွေလိုတော့ ဘယ်လှ ပါ့မလဲ။ စိတ်ချမ်းသာရရင်လည်း ခဏပေါ့။ စိတ်ညစ် စရာနဲ့ ပျော်စရာ ချိန်ကြည့်လိုက်ရင် တစ်ဖက်ကတော့ သိသိသာသာကြီးကို အလေးချိန် စီးနေတာပေါ့"

ထိုစကားကို မဲ့ကာရွဲ့ကာ ပြောနေသော ကောင်မ လေးကိုကြည့်ပြီး ထူးနီ သက်ပြင်းခိုးချမိသည်။

"နင် ပြန်တော့ ထူးနီ၊ ငါ တစ်ယောက်တည်း နေချင်တယ်"

"ငါးကင် လိုက်ကျွေးမယ်လေ"

"မစားတော့ဘူး"

"အဲဒါဆို အဆောင်ထိတော့ လိုက်ပို့ပေးမယ်"

"မလိုပါဘူးဟာ၊ ဘုရားနဲ့လှည်းတန်း သိပ်မဝေးပါဘူး၊ ရတယ်၊ နင် သွားတော့"





"နင် ငါ့ကို တော်တော်မုန်းနေလား မေမင်း"

"မမုန်းပါဘူး၊ ဒါပေမဲ့ နင် ငါ့ကို ချစ်နေမှန်းသိနေတော့ စိတ်အနှောင့်အယှက် ဖြစ်ရတယ်၊ ဖြစ်နိုင်ရင် နင် ငါ့ရှေ့ မှာ ပေါ်မလာတာ အကောင်းဆုံးပဲ"

"ပြောရက်လိုက်တာ မေမင်း၊ ငါက နင့်ကို ဘာတွေများ ဒုက္ခပေးခဲ့ဖူးလို့လဲ၊ အမြဲတမ်း နင့်အတွက်ပဲ စဉ်းစားပေးခဲ့ တဲ့ ကောင်ပါဟာ"

"ငါ သိတယ်၊ နင် ငါ့အပေါ်ကောင်းတာ ငါသိတယ်၊ ဒါပေမဲ့ မတန်ဘူးဟဲ့၊ ငါက နင့်အချစ်နဲ့ မတန်ဘူး၊ ငါ့ ဘဝကို ငါသိပြီးနေတာ အကောင်းဆုံးပဲ၊ နင်လည်း ငါ့ ကို မေ့လိုက်တော့၊ ဘယ်တော့မှ ငါ့ဆီကို မလာနဲ့တော့"

"လာမယ်ဟာ၊ နင် အိမ်ထောင်မကျမချင်း ငါက ချစ်နေ ဦးမှာ"

"ငါက အပျိုကြီး လုပ်မှာဟ"

"စိန်လိုက်လေ၊ ငါကလည်း ဆံဖြူသွားကျိုးတဲ့အထိကို ချစ်ပြမှာ"

"နင် သွားတော့ဟာ"

"နင် ဟိုတစ်ယောက်နဲ့ ပြတ်သွားပြီမို့လား"

"သူဇာမ ပြောတာလား"

"မပြောပါဘူး၊ ငါက နင့်နားမှာ အရိပ်လို အမြဲရှိနေခဲ့တဲ့ ကောင်လေ မေမင်း၊ နင် ဘယ်နေ့ အင်္ကျီဘာရောင်ဝတ်တယ် ဆိုတာကအစ ငါ သိတယ်"

"ဟုတ်တယ်၊ သူက ငါ့ကို မယူနိုင်ဘူးတဲ့"

ထိုစကားကို ပြောရတာ တစ်ကိုယ်လုံး စပ်ဖျဉ်းဖျဉ်း ဖြစ်သွားသည်။

ပြီးတော့ ထူးနီကို ဘာလို့ဖွင့်ပြောမိမှန်းမသိ။

"ဝမ်းမနည်းပါနဲ့ဟာ၊ ဟိုလူကြီးလို နင့်ကို ဒုက္ခပေးချင်စိတ် မရှိတာ အဆိုးထဲက အကောင်းပေါ့"

"ဒါပေမဲ့ဟာ"

"နင့်ခံစားချက်ကို ငါ နားလည်ပါတယ် မေမင်း၊ ဒါပေမဲ့ နင့်အနာဂတ်ကို သယ်မသွားနဲ့တော့၊ ပြီးခဲ့တာတွေ မေ့ပစ်ပြီး ပျော်ပျော်နေပါ မေမင်းရယ်။ လူ့ဘဝမှာ အိမ်ထောင်





ပြုဖို့ တစ်ခုတည်း အရေးပါတာမှ မဟုတ်တာ။ ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းပြီး ပျော်ပျော်နေစမ်းပါဟာ"

သူမကို အားပေးနေရှာသော ထူးနီကို ကြည့်ကာ ရင်ထဲမှာ အားမတက်ဘဲ ဝမ်းနည်းလာ၏။

✤ ○ ✤

ထို့နောက် ထူးနီက အရင်လို လာမြဲလာ၊ လက်ဆောင်တွေ ပေးမြဲပေးသည်။

"နင် ငါ့ကို စိတ်မပျက်ဘူးလား ထူးနီ"

"ဟင့်အင်း ... ငါ နင့်ကို အရမ်းချစ်တယ် မေမင်း၊ အဲဒီအချစ်အင်အား ကြီးမားလို့လား မသိဘူး၊ ဘာအပြစ်မှကို မမြင်ဘူး၊ ပြီးတော့ နင့်ကို ငါ နားလည်ပေးနိုင်တယ်ဟာ၊ နင့်အနေအထား၊ နင့်ခံစားချက်၊ နင့်မိသားစုအားလုံးကို ငါ နားလည်ပေးနိုင်တယ်၊ နင် ပျော်မယ်ဆိုရင်လေ ငါမပိုင်ဆိုင်ရလည်း ကျေနပ်တယ်၊ နင် လက်ထပ်မယ့်သူဟာ ငါ့ထက်သာတဲ့သူ ဖြစ်နေရင် နင့်အတွက် ငါလက်ခုပ်တီးပေးမှာပါ မေမင်းရယ်၊ နင့်ကို ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနဲ့ ပျော်ရွှင်နေစေချင်တာ ငါ့စေတနာ အစစ်ပါ"





"တော်ပါတော့ ထူးနီရယ်၊ နင် ပြောနေတာတွေက ငါ့ကို လှောင်သလို ဖြစ်နေပြီ"

"လှောင်ရယ်ပါ့မလား မေမင်းရယ်၊ ငါ နင့်ကို ဒီလောက် ချစ်တာ"

"ထူးနီ ... နင် ငါ့ဆီလာရင် ရိုးရိုးပဲလာ၊ ငါ့အချစ်အကြောင်း မကြားချင်တော့ဘူးဟာ"

"အေးပါဟာ၊ နင် မပြောနဲ့ဆို မပြောတော့ဘူး"

ထိုနေ့က ထူးနီ ပြန်သွားတော့ ထူးနီ ပြောတဲ့ စကားတွေ ကြားယောင်ပြီးရင်း ကြားယောင်နေသည်။

နောက်နေ့ကျတော့ အမြန်လမ်းမှာ ထူးနီ စီးသွားတဲ့ကား မှောက်လို့တဲ့။ ထူးနီကို တောင်ငူဆေးရုံမှာ တင်ထားရသတဲ့။ သူမ ကြားကြားချင်း အရမ်းစိတ်ပူသွားသည်။

မျက်ရည်တွေ ဝဲလာသလို ထူးနီ ဖုန်းကိုလိုက်ဆက်တော့ ဖုန်းက စက်ပိတ်ထားသည်။ ညည့်လမ်းညွှန်တစ်ယောက် သေတယ်ပြောလို့ စိတ်က ဘယ်လိုမှမအေး။ ထူးနီ ဆေးရုံတင်ထားရတယ် ဆိုတာ ဟုတ်မှဟုတ်ရဲ့လားလို့တောင် ထင်မိသည်။

သူမ စိတ်အရမ်းပူနေတာပါ။ မတော်တဆများ သေသွားတဲ့သူဟာ ထူးနီသာဆိုရင်ဟု တွေးမိလိုက်တိုင်း မျက်ရည်ပေါက်ပေါက်ကျသည်။

သူမ အလုပ်ကခွင့်ယူပြီး ဆေးရုံကို လိုက်သွားဖို့တောင် စဉ်းစားမိသည်။ ဒါပေမဲ့ လူနာတွေကို တောင်ငူဆေးရုံကနေ နေပြည်တော် ခုတင်တစ်ထောင်ကို ပို့တယ်လို့ ကြား၏။ တချို့ကိုလည်း ရန်ကုန်ဆေးရုံကြီးကို လွှဲတယ်လည်း ကြားသည်။ ဘယ်လိုက်လို့ လိုက်ရမှန်းမသိ။ ထူးနီ ဖုန်းကလည်း လုံးဝဆက်၍မရ။ အခြေအနေက ကောင်းသလား ဆိုးသလားတောင် မသိရ။ နောက်ဆက်တွဲ သတင်းတွေအရ နေပြည်တော်ဆေးရုံမှာ တစ်ယောက်ထပ်သေတယ် ဆိုပဲ။ ဘယ်သူလဲ မသိရ။ သူမခုချိန်မှာ သူမကိုယ်သူမ တောင်းကောင်းကြီးကို နားလည်သွားသည်။

သူမ ထူးနီကို တော်တော် စိတ်ပူနေသည်။ ရင်ကွဲမတတ် စိုးရိမ်နေသည်။

သူမကို ချစ်မြတ်နိုးလွန်းတဲ့ ထူးနီကို သူမအဆုံးရှုံးမခံနိုင်။





ထူးနီ ဒီလောကထဲက ပျောက်ကွယ်သွားမှာကို သူမ လက်မခံနိုင်။

သူမ ထူးနီကို ချစ်တယ်။

တကယ် ချစ်တာ။

ထို့ကြောင့် သူမအချစ်တွေကို ထူးနီကို ဖွင့်မပြောလိုက်ရမှာ ကြောက်နေမိသည်။

ထူးနီအတွက် ဘုရားမှာ ဆုတောင်းရတာ မောပန်းလွန်းလှသည်။

ထူးနီ သူမကို ထားသွားရင် သူမ ဘဝရှင်လျက်နဲ့ သေသွားတော့မှာ။

သူမ ထူးနီအတွက် ပူနေတာကိုကြည့်ပြီး သူဇာမလည်း ကောင်းကောင်းသဘောပေါက်သွားသည်။

"နင့်နောင်တက အခါလွန်မိုး ဖြစ်ပြီထင်တယ် မေမင်းမရေ"

"နင် ပါးစပ်ပုပ်ကြီးနဲ့ မပြောနဲ့ဟာ။ သူ ဘာမှမဖြစ်ဘဲ ငါ့ဆီ ပြန်လာမှာ"

"အေးပါ၊ ငါလည်း ဆုတောင်းပေးပါတယ်၊ ငါပြောချင်တာက နင်က အစောစောကတော့ နင့်စိတ်နင် မသိဘူး၊ ငါပြောချင်တာ အဲဒါ။ ဒါတောင် ထူးနီ ကားမှောက်လို့ မဟုတ်ရင် နင့်ကိုယ်နင် သိမှာမဟုတ်ဘူး"

"ထူးနီ ဖုန်းကလည်း ဆက်လို့မရဘူးဟာ"

"အေး ... ဆက်သွယ်စရာဆိုလို့လည်း သူ့ဖုန်းတစ်ခုပဲ သိတာ၊ ခက်တာက လိုက်သွားရအောင်ကလည်း ဘယ်ဆေးရုံမှန်းမသိ။ လိုက်စရာ ပိုက်ဆံကလည်း မရှိ"

"သူ ဘယ်ဆေးရုံဆိုတာ ငါတို့ စုံစမ်းကြည့်ရအောင်လေ"

"အေး ... စုံစမ်းလေ၊ အရင်ဆုံး ရန်ကုန်ဆေးရုံကြီးမှာ သွားစုံစမ်းမလား"

"သွားကြည့်တာပေါ့ဟာ၊ တောင်ငူတွေ နေပြည်တော်တွေ မလိုက်နိုင်ပေမယ့် သူ မတော်တဆ ရန်ကုန်ကိုရောက်ရင် ရောက်နေမှာပေါ့ဟာ"

"ငါတို့ အလုပ်ကပြန်ရင် သွားရအောင်"





"အေး ... ကောင်းတယ်၊ မြန်မြန်သိရင်တော့ ကောင်းတာပေါ့ဟာ"

သူမစိုးရိမ်စိတ်တွေ အထွတ်အထိပ် ရောက်နေသည်။ ထူးနီကို သိစေချင်လိုက်တာ။

✤ ○ ✤

ထူးနီ သူမကို ထားသွားမှာကို အကြောက်ဆုံး။ ထူးနီဟာ သူမကို အသက်ရှင်ရက်နဲ့တော့ ထားသွားမှာမဟုတ်ဘူးလေ။ သူမနဲ့ သူဇာမတို့ ရန်ကုန်ဆေးရုံကြီးမှာ သွားစုံစမ်းတော့ ကားမှောက်တဲ့ လူနာတွေ ရန်ကုန်ဆေးရုံကြီးကို ရောက်လာပေမယ့် အထူးကုဆေးခန်းတွေကို ရွှေ့သွားကြသတဲ့။ မောရော။

"ငါ တောင်ငူကို လိုက်ချင်တယ်ဟာ"

"မသေချာဘူးလေဟာ၊ ထူးနီဟာ တအားထိခိုက်မှုမရှိဘဲ ပြန်ဆင်းလာရတာမျိုးလည်း ဖြစ်နိုင်တာပဲ။ နင်လိုက်သွားပြီး မတွေ့ရဘဲ လိုက်မောကြီး ဖြစ်မှာစိုးလို့ ပြောတာနော်၊ နင့်မှာ ပိုက်ဆံကလည်း သိပ်ရှိတာ မဟုတ်ဘူးလေ၊ လိုက်သွားပြီး တွေ့ရင်တော့ ကောင်းတယ်"





"ငါ အဲဒီလို တွက်ချက်နေရတဲ့ ဘဝကို တော်တော်မုန်းလာပြီဟာ"

"ဘဝပေးကုသိုလ်ပေါ့ဟယ်၊ နင် စောင့်နေလိုက်ပါဟာ၊ မကြာခင် သူ ကျန်းကျန်းမာမာနဲ့ ရောက်လာမှာပါ"

သူမ ထူးနီ ဖုန်းလေးကို သတိရတိုင်း နှိပ်နေမိသည်။ ထူးနီ အိမ်လိပ်စာလည်း မသိ။ ထူးနီ အလုပ်လုပ်တဲ့ ကုမ္ပဏီလည်း မသိ။ တကယ် ဘာဆိုဘာမှမသိပါ။ စိတ်ပူစွာ ဆုတောင်းပေးရုံမှတစ်ပါး ဘာမှ မတတ်နိုင်။ ထူးနီ အလာကို မျှော်နေရုံသက်သက်။

ထူးနီရေ ညဘက်မှာ အရိပ်ထင်တာ သိပ်ပြီးမထိရောက်ပါဘူး။ ညက နဂိုတည်း မှောင်ပြီးသားလေ။ ညဘက်မှာ အရိပ်ထပ်ထင်လို့ ဘာမှထူးပြီး မဆိုးရွားတော့၊ အရာမထင်တော့ပါဘူး။

ဒါပေမဲ့ နင်က ငါ့အတွက် ကန္တာရလွင်ပြင်မှာပေးတဲ့ အရိပ်။ အရိပ်စစ်ပါဟာ။ ကန္တာရထဲက အိုအေစစ်လေး။ ငါ့ဘဝရဲ့ နားခိုရာ အေးရိပ်အစစ်။ ငါ့နှလုံးသားရဲ့ နားခိုရာအစစ်ကလေးပါ ထူးနီ။

နှင်မသေဘဲ ပြန်လာခဲ့ပါ။ ခြေလက်တွေပဲကျိုးကျိုး၊ နှင့်အမြင် အကြားတွေပဲမဲ့မဲ့၊ နှင့်နှလုံးသားလေး အသက်ရှင်ဖို့ပဲ အရေးကြီးတယ်။ ငါ့ကို တကယ်ချစ်ရှာတဲ့ နှင့်နှလုံးသားလေး အသက်ရှင်နေဖို့ အရေးကြီးတယ် ထူးနီ။

သူမ ဆုတောင်းတွေနဲ့ ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

တစ်ဖက်ကထူးတာ ထူးနီ့ အသံ မဟုတ်ပေမယ့် အားတက်သွားသည်။

"ဟဲလို ... ထူးနီ ... ထူးနီ အခြေအနေလေး သိချင်လို့ပါရှင်"

"အခုပြောနေတာ ဘယ်သူလဲ"

"ထူးနီ သူငယ်ချင်းပါရှင်"

"အေး ... အေး၊ ထူးနီက သတိလစ်နေတုန်းပဲကွယ်"

"ရှင်"

"ဟုတ်တယ်၊ ကားမှောက်ကတည်းက သတိမရတာ။ ခုထိ သတိလစ်နေတုန်း"

"အခု ဘယ်ဆေးရုံမှာလဲဟင်"

"ရန်ကုန်မှာပဲ၊ ဦးနော်ကနဲ့ အာရုံကြော အထူးကုဆေးရုံကြီးမှာပါ"



"ဩော် ... ဟုတ်ကဲ့၊ မမင်း အခုပဲ လာခဲ့ပါမယ်ရှင်"

အလုပ်က နေ့ဝက်ခွင့်ယူကာ ဆေးရုံကို လိုက်သွားသည်။ ခုတင်ပေါ်မှာ ငြိမ်သက်စွာ လဲလျောင်းနေသော ထူးနီ။ မလှုပ်မယှက်နဲ့။

ထူးနီ အစ်မက ...

"ပြင်ပဒဏ်ရာ ဘာမှမရှိဘူး၊ ဦးနှောက်ထဲ သွေးယိုသွားတာ၊ အဲဒါ အခု ခေါင်းကို ခွဲစိတ်ထားရတယ်၊ အခြေအနေက ပြောလို့မရသေးဘူး"

"ထူးနီရယ်"

သူမ မျက်ရည်တွေကို ခိုးသုတ်လိုက်သည်။ ထူးနီ မိသားစုကလည်း သူမကို အကဲခတ်နေသည်။ သူမယူနီဖောင်းကို ကြည့်ကာ ...

"အလုပ်ထဲက လာတာထင်တယ်"

"ဟုတ်ကဲ့ အစ်မ၊ သိသိချင်း လာချင်တာပါ၊ ဘယ်မှာမှန်း မသိလို့"

"ဟုတ်လား၊ သူ့ဖုန်းကိုလည်း မဖွင့်မိဘူးလေ၊ ခုတောင် တို့ ဖုန်းဆက်စရာရှိလို့ ဖွင့်လိုက်တာ၊ တို့ဖုန်းက ဘက်ထရီ ခေါင်းသွားလို့"

သူမ ထူးနီလက်ဖဝါးလေးကို ဆုပ်ကိုင်ကာ အသံမထွက်ဘဲ စိတ်ထဲက ပြောနေမိသည်။

“ထူးနီ ... နင် သတိရတော့ဟာ၊ နင် သတိရရင် ငါ ပြောစရာရှိတယ် သိလား။ ငါ နင့်ကို သိပ်ချစ်တယ် ထူးနီ၊ နင် ဘာပဲဖြစ်နေပါစေ၊ ငါ နင့်ကို ချစ်တယ်၊ မြန်မြန်သတိရပါတော့ ထူးနီရယ်”

ထူးနီ ခေါင်းတစ်ခုလုံး ပတ်တီးတွေ ဖွေးဖွေးလှုပ်နေသည်။

“ထူးနီရယ်”

ခုတော့ ငါ အဖြေပေးချင်လို့ အနားရောက်နေတာတောင် နင် မသိနိုင်ဘူးပေါ့နော်၊ နင့်ကို ငါ အသက်လိုချစ်တယ် ထူးနီ။ အဲဒါလေး ပြောပြချင်လို့ မြန်မြန်နိုးပါတော့ ချစ်သူရယ်။

ရစ်ဝဲနေတဲ့ မျက်ရည်တွေ လျှံမကျလာဖို့ မနည်းထိန်းထားရသည်။ အချစ်ဆိုတာ တကယ်စစ်ခဲ့ရင် ခုလို ကြေကောက်တတ်သတဲ့။

✣ ○ ✣





အလုပ်ကပြန်တိုင်း ဆေးရုံကို သွားသည်။ ထူးနီရဲ့ မိသားစုဝင်တွေကတော့ ဘာသိဘာသာပဲ။ လိုလားပုံလည်းမပြ။ မလိုလားတဲ့ပုံနဲ့လည်း မဆက်ဆံ။ သူတို့ ထူးနီ သတိပြန်ရလာဖို့ပဲ စိတ်ဝင်စားကြသည်။ သူမလည်း ထူးနီ မျက်နှာလေး မြင်ခွင့်ရဖို့အတွက် နေ့တိုင်း သွားနေမိတာပါ။

သူဇာမက မညည်းမညူ လိုက်ပေးရှာသည်။ သူမနဲ့ ထူးနီကို သဘောအတူဆုံးက သူဇာမပဲလေ။

ဆေးရုံမှာ လနဲ့ချီကြာအောင် နေရပြီးတဲ့ တစ်နေ့မှာတော့ ထူးနီ သတိပြန်ရလာခဲ့သည်။ ထူးနီ သတိပြန်ရလာချိန်မှာ သူမလည်း သူ့ဘေးမှာ ရှိနေခဲ့သည်။

“မေ ... မေမင်း ... မေမင်း”

"မေမေ ... မေမေ့ကို ခေါ်တာဖြစ်မယ်၊ မေမေရေ ... မောင်လေး သတိရလာပြီ"

"သား ... သားငယ်၊ မေမေ ရှိတယ်လေ သားလေး"

"မေ ... မေမင်း"

"မေမင်း ... နင့်ကို ခေါ်နေတာ"

သူ့ဇာမက တိုးတိုးကပ်ပြောသည်။

"အေး ... ငါသိတယ်"

ထူးနီနားမှာ မိသားစုတွေ၊ ဆရာဝန်တွေ၊ သူနာပြုတွေ ဝိုင်းနေတာမို့ သူမတို့ အနားကပ်ခွင့်မရ။ ဒါပေမဲ့ အဝေးကနေ မြင်နေရသည်။ ထူးနီ မေမင်းကို ခေါ်နေတာပါ။

ဆရာဝန်တွေ စမ်းသပ်နေတုန်း သူ ပြန်အိပ်ပျော်သွားသည်။ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေတာပါ။

ထိုနေ့က မေမင်းတို့ ပြန်လာတဲ့အထိ ထူးနီတစ်ယောက် သတိပြန်မရလာတော့။

မေမင်းမှာ ပြန်သာပြန်ရတာ၊ စိတ်ကမဖြောင့်ပါ။ ကိုယ်က တရားဝင် အနားနေခွင့်မှ မရှိတာလေ။ ထိုညက ထူးနီ အခြေအနေကို သူ့အစ်မကို ဖုန်းဆက်မေးလိုက်သေးသည်။





ထူးနီက တစ်ညလုံး သတိပြန်မရပါတဲ့။ နိုးတစ်ဝက် အချိန်လေးမှာတောင် သူမကို တမ်းတရှာတဲ့အတွက် ပီတိအဟုန်က အရှိန်ပြင်းသွား၏။ ထူးနီတို့ မိသားစုကတော့ အမေဟု ခေါ်သကြားသတဲ့။ သူမကတော့ သူမနာမည်ကို ခေါ်တယ်ဟု ထင်မိသည်။

"ထူးနီ ခမျာ သတိလစ်နေတာတောင် နင့်ကိုပဲ တ,နေရှာတယ်ဟယ်"

"ငါ့နာမည်ကို ခေါ်တာလား၊ အမေလို့ ခေါ်တာလား"

"နင့်နာမည်ကို ခေါ်တာပါဟယ်၊ အသိသာကြီး ကြားလိုက်ရတာကို"

"သူ့ကို မြန်မြန်သတိရစေချင်တယ်ဟာ၊ ငါ သူ့ကိုအဖြေပေးချင်လှပြီ"

"ထူးနီတို့ မိသားစုပုံစံကတော့ ဘာသိဘာသာပဲနော်"

"ခုချိန်မှာ သူတို့သား သတိပြန်ရဖို့ပဲ ပူနေမှာပေါ့ဟာ"

"အေးလေ"

"ထူးနီ သတိမြန်မြန် ပြန်ရပါစေ"

"နင် ထူးနီကို လက်ထပ်မှာလား"

မေမင်း ငိုင်သွားသည်။

"ငါ အဲဒါတွေ မစဉ်းစားရသေးဘူး၊ စဉ်းလည်း မစဉ်းစားချင်ဘူး၊ ငါ့ကို သိပ်ချစ်ပြီး သိပ်ကို နားလည်ပေးတဲ့သူနဲ့ ချစ်သူဖြစ်ခွင့်ရရုံကလွဲရင် ကျန်တာတွေ သိပ်မမျှော်လင့်ချင်ဘူး၊ မျှော်လင့်တိုင်း ဝေးတတ်လွန်းလို့ မမျှော်လင့်ချင်တော့ပါဘူးဟာ၊ လက်ထပ်ခြင်းဆိုတာ ငါနဲ့ ဘာမှမဆိုင်သလိုတောင် ခံစားရတယ်"

"အေးပော့ ... တွေးရင် ရင်မောလွန်းလို့ တွေးကိုမတွေးဘူး၊ ငါ့ကို ကြိုက်မယ့်လူလည်း ရှိပါဘူး ... ဟီး ဟီး။ ဒီလကုန်ရင် ကြိုတင်ငွေထုတ်ရဦးမယ်၊ အိမ်က သွပ်ကလေး မိုးချင်လို့တဲ့၊ ပိုက်ဆံလှမ်းတောင်းနေတယ်"

✣ ○ ✣





တကယ်တမ်း ထူးနီ သတိရလာတော့ မေမင်း အနားမှာမရှိ။

ထူးနီက နေ့လယ်ဘက်ကြီး သတိရလာခဲ့သည်။ မေမင်းက ထိုအချိန် ဆိုင်မှာ အလုပ်ဆင်းနေပါ၏။

"မေ ... မေမင်း ... မေမင်း"

"ရှိတယ် သား၊ မေမေ ရှိတယ်၊ သား သတိရပြီလား"

"ရပြီထင်တယ် မေမေ၊ မောင်လေး ထူးနီ"

ဆရာဝန်တွေ စမ်းသပ်နေတုန်း ထူးနီ မျက်လုံးတွေ ပွင့်လာခဲ့သည်။

"မောင်လေး ... ထူးနီ"

"မောင်ထူးနီ ... သတိရပြီလား ကောင်လေး"

ဆရာဝန်ကြီး မေးတာကို မျက်တောင်ခတ်ပြီး ခေါင်းလှုပ်ရုံ ပြန်ဖြေသည်။

“ဘယ်လိုနေလဲ။ ခေါင်းမူးနေလား။ ခေါင်းထဲမှာကောင်းလား”

“နာတယ် ဆရာ”

“နာမယ်လေ၊ ခွဲစိတ်ထားရတာကိုး၊ ဘာလို့ ဆေးရုံရောက်နေလဲ သိလား”

“သိတယ်၊ ကျွန်တော်တို့ စီးလာတဲ့ကား မှောက်လို့”

“ဟုတ်တယ်၊ မှတ်မိတယ်ဆိုတော့ အိုခေတယ်၊ ကောင်းသွားမှာပါ ... နော်၊ ကျွန်တော်တို့လည်း အကောင်းဆုံးကုသပေးမယ် ... ဟုတ်လား၊ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာ မတွေးဘဲ ခေါင်းအေးငအေးနဲ့ အေးအေးဆေးဆေး အနားယူနော်၊ ဘာမှ သိပ်မစဉ်းစားနဲ့ဦး”

“ဟုတ်ကဲ့ ဆရာ”

“အိုခေ ... လူနာစောင့်တွေကလည်း လူနာကို စိတ်ရှုပ်စရာဖြစ်အောင် ဘာမှ မပြောမိစေနဲ့ပေါ့ ... အိုခေနော်”

“ဟုတ်ကဲ့ ဆရာ”





“ကောင်းသွားပြီ၊ အနာသက်သာရင် ဆေးရုံက ဆင်းရမယ်”

ပြောပြီး ဆရာဝန်ကြီးက တခြားလူနာတွေဆီ သွားကြည့်သည်။

ထူးနီအစ်မက ဆရာဝန်ကြီး အခန်းနားက သွားစောင့်နေသည်။ ဆရာဝန်ကြီး လူနာတွေကြည့်ပြီး ပြန်လာရင် အခြေအနေ မေးမလို့ပါ။

ဆရာဝန်ကြီးလာတော့ ...

“ဆရာကြီး ... မောင်လေး အခြေအနေလေး သိချင်လို့ပါ”

“ကောင်းပါတယ်၊ ဆရာတို့ဘက်ကပါပြီး စိုးရိမ်စရာမရှိတော့ဘူး။ တစ်ခုပဲ၊ ခေါင်းထိထားတာဆိုတော့ လောလောဆယ် စိတ်ရှုပ်စရာတွေ မတွေးမိအောင် ဂရုစိုက်။ နည်းနည်းစောင့်ကြည့်မယ်။ မကြာခင် ဆေးရုံကဆင်းရမယ်၊ အိုခေနော်”

“ဟုတ်ကဲ့ပါရှင်၊ ကျေးဇူးတင်ပါတယ် ဆရာကြီး”

ထူးနီအစ်မလည်း ခုမှ သက်ပြင်းချနိုင်သွား၏။ ထူးနီဟာ သူတို့မိသားစုရဲ့ တစ်ဦးတည်းသောသား။ အားလုံးက ဝိုင်းအလိုလိုက်ထားကြ၊ အားလုံးက ဝိုင်းချစ်ကြရတဲ့ သားပါ။

အစ်မတွေအကုန် ကတော်တွေချည်းပဲမို့ ပြေလည်ကြသည်။ အစ်မသုံးယောက်ရှိတာ တစ်ယောက်က ဆရာဝန်ကတော်၊ တစ်ယောက်က သင်္ဘောသားကတော်၊ တစ်ယောက်က လေယာဉ်မှူးကတော်။

မိဘတွေက အစိုးရဝန်ထမ်း ပင်စင်စားတွေ။ မိဘတွေကို အစ်မသုံးယောက်က ဝိုင်းထောက်ပံ့ကြ၍ အဆင်ပြေသည်။ ထူးနီကတော့ ကိုယ်ရ ကိုယ်သုံး။ အငယ်ဆုံး၊ အချစ်ဆုံးလေး။

အခု မောင်လေး သတိရမှ သက်ပြင်းချနိုင်ကြသည်။

မောင်လေးနားမှာ တစ်မိသားစုလုံး ဝိုင်းနေကြသည်။ ထူးနီက ...

"သား အခု ဘယ်ရောက်နေတာလဲ"

"ရန်ကုန်မှာလေ သား။ ဦးနှောက်နဲ့ အာရုံကြောမှာ၊ သားခေါင်းကို ခွဲစိတ်ထားရတယ်လေ၊ စိတ်ရှုပ်စရာတွေ မတွေးနဲ့နော် သား"

"သားဆီကို ဘယ်သူလာသေးလဲဟင်"





"မေမင်း ဆိုတဲ့ ကလေးမလေး လာတယ် သားရဲ့။ ညနေတိုင်း လာတယ်"

"ဟုတ်လား၊ သူ လာတယ်ပေါ့"

"ညနေတိုင်းလာတာ သားရဲ့၊ သူ့ဇာ ဆိုတာလေးလည်း ပါတယ်၊ သူတို့လည်း သားကို စိတ်ပူရှာတယ်၊ သားသူငယ်ချင်းလေးတွေလား"

"ဟုတ်ကဲ့ မေမေ၊ မမလတ် ... သူ့ကို ဖုန်းခေါ်ပေးပါ"

"အေး ... အေး၊ ဒါပေမဲ့ လောလောဆယ်တော့ ဖုန်းမပြောနဲ့ဦးလေ သား၊ မမလတ် ပြောပေးမယ်၊ ဘာပြောပေးရမလဲ"

"သား သတိရပြီလို့ ပြောပေးပါ"

"အေး ... အေး၊ ပြောပေးမယ်"

မမလတ်က ချက်ချင်းပဲ ဖုန်းဆက်ပေးသည်။

"ညနေ လာမယ်တဲ့ သား၊ သူတို့လည်း ဝမ်းသာနေကြတယ်"

✤ ○ ✤

ထူးနီ ဆေးရုံကဆင်းပြီး အိမ်ကိုတော့ မေမင်းလိုက်မလာတော့ပါ။ ထူးနီကလည်း အိမ်မှာ လနဲ့ချီ အနားယူရဦးမည်။ ထိုကာလတွေ အတွင်းမှာ နေ့တိုင်း ဖုန်းပြောဖြစ်ကြသည်။ ဒါပေမဲ့ အချစ်အကြောင်းတော့ မပါ။ မပါဆို ထူးနီကမှ မပြောတာ။ ထူးနီက မပြောတော့ မေမင်းက ဘယ်လိုစရမလဲမသိ။

မေးသူမရှိဘဲ အဖြေပေးလို့မှ မရတာနော်။ ထူးနီကို ချစ်တယ်လို့ ပြောချင်လှပြီ။ ဒါပေမဲ့ မိန်းကလေးကစလို့မှ မရတာလေ။

ထို့ကြောင့် မျိုသိပ်ထားရတာ ရင်ထဲမှာ အုံ့ဖွဲ့နေပြီ။ သူမ ရေလာမြောင်းပေးစကားတွေလည်း မပြောတတ်ပါ။ တစ်နေ့တစ်နေ့ သူ့ကို နေကောင်းလား။ သူက သူမကို အဆင်ပြေလားနဲ့ပဲ ပြီးနေ၏။ အချစ်ကလွဲရင် ထူးနီနဲ့ သူမကြားမှာ တခြားပြောစရာ ထွေထွေထူးထူးမှ မရှိတာလေ။





သတိရတယ် မေမင်းရယ် တွေ့ချင်တယ် ဆိုတာထက် မပိုတော့လည်း သူမက ဘယ်လိုအဖြေပေးရမလဲ။

တစ်နေ့တော့ သူမနားရက်မှာ အဆောင်ကို ထူးနီရောက်လာခဲ့သည်။ အနွေးထည်လေးနဲ့ ခေါင်းစွပ်ကလေး စွပ်ထားသေးသည်။

“ထူးနီ … ဘာလို့လာတာလဲ။ နေမကောင်းသေးဘဲနဲ့”

“ကောင်းလို့လာတာပေါ့”

“ထူးနီရယ်၊ ပင်ပန်းနေရဦးမယ်၊ ကောင်းကောင်းနေကောင်းမှ လာတာမဟုတ်ဘူး”

“စိုးရိမ်တယ်ပေါ့”

“အင်း”

“ဝမ်းသာပါတယ် မေမင်းရယ်၊ မေမင်းဆီက ဒီလောက်ကလေး ရတာနဲ့တင် သေပျော်ပြီ”

“ဘာ သေပျော်တာလဲ၊ ဖွဟဲ့ … လွဲပါစေ၊ ဖယ်ပါစေ။ ထူးနီ ကိုယ်နေမကောင်းတဲ့အချိန် စကားကို ဆင်ခြင်ပြော”

“ကောင်းသွားပြီ၊ ဘာမှ မဖြစ်တော့ဘူး၊ အခု မေမင်းကို တွေ့ရတော့ ပိုတောင် နေကောင်းသွားသေးတယ်၊ ဆေးရုံက ဆင်းတည်းက မတွေ့ရတာ၊ အရမ်းတွေ့ချင်နေတာ၊

မေမင်းကို မတွေ့ရလို့ နေမကောင်းတာ၊ ခုတွေ့လိုက်ရမှ နေကောင်းလာတာ၊ မေမင်းရယ် ... မေမင်းလိုချင်တဲ့ လူချမ်းသာတစ်ယောက် မဟုတ်ပေမယ့် မေမင်းကို အရမ်းချစ်တယ်ဆိုတာတော့ ယုံနော်"

"ယုံပါတယ် ထူးနီ"

"မေမင်း အချစ်ကို မရပေမယ့် မေမင်း မျက်နှာလေးကို အဝေးက ငေးကြည့်ပြီး ကျေနပ်နိုင်ပါတယ်။ လုံးဝမတွေ့ရရင်သာ မနေနိုင်တာ။ ကိုယ် မေမင်းရှေ့ကို မလာတဲ့ အချိန်တွေမှာ မေမင်းကို ကွယ်ရာကနေ အမြဲခိုးငေးနေရတဲ့ကောင်ပါ၊ မေမင်း အိမ်ထောင်ကျသွားရင်တောင် ကိုယ် မေမင်းကို မတွေ့ရဘဲ နေနိုင်ပါ့မလား မသိဘူး၊ ဝဋ်ကြွေးပဲနော်"

"ထူးနီ"

"ပြောလေ"

"မေမင်းကို တကယ်ချစ်လား"

"အင်း"

"မေမင်းလည်း ထူးနီကို ချစ်တယ်"

"ဘာ"





"ထပ်ပြောရဦးမလား"

"မနောက်ပါနဲ့ မေမင်းရယ်"

"မနောက်ဘူး အတည်ပြောတာ၊ ထူးနီ ကားမှောက်တယ်ဆိုတော့ မေမင်း အရမ်းစိတ်ပူတယ်၊ အဲဒီအချိန်ကျမှ ထူးနီကို မေမင်း အရမ်းချစ်တာ သိသွားတာ၊ ဒါပေမဲ့ ဝန်ခံရုံပဲနော်၊ အဖြေပေးတာ မဟုတ်ဘူး၊ မေမင်း ဝန်ခံရုံပဲနော်၊ အဖြေပေးတာ မဟုတ်ဘူး၊ မေမင်း ဝန်ခံချက်ကြောင့် မေမင်းနဲ့ထူးနီကြားမှာ ဘာမှ ပြောင်းလဲသွားမှာ မဟုတ်ဘူး၊ အရင်လို မိတ်ဆွေတွေလိုပဲ နေကြတာပေါ့၊ တခြားသူတွေ နေရာမပေးနိုင်မှ ထူးနီ ရင်ခွင်ထဲ ဝင်တယ်လို့ ထင်မှာ အကြောက်ဆုံးပဲ၊ တကယ်တော့ အားကိုးရာရှာရင်း အချစ်ပျောက်ခဲ့တာပါ ...

ခုလည်း တို့ကို သိပ်ချစ်ရှာတဲ့ ထူးနီကို တို့ကလည်း တကယ်ချစ်လို့ ဝန်ခံရုံသက်သက်ပါ၊ တို့ ထူးနီကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ ထူးနီတို့မိသားစုဘဝက သာယာချမ်းမြေ့တယ်၊ တို့ကြောင့် မုန်တိုင်းမထန်စေချင်ဘူး။ မေမင်း ဘဝထဲကို ထူးနီကို ဆွဲမခေါ်ရက်ဘူး၊ အဲဒါကြောင့် ထူးနီ မေမင်းကို မေ့နိုင်

အောင် ကြိုးစားပြီး သင့်တော်ကောင်းမွန်တဲ့ အိမ်ထောင်ဖက်နဲ့ လက်ထပ်ပါ ...

လူတစ်ယောက်ကို တကယ်ချစ်တဲ့အခါ အဲဒီလူရဲ့ ကောင်းကျိုးကိုပဲ လိုလားတယ်ဆိုတဲ့ ခံစားချက်ကို တို့ ကောင်းကောင်း သဘောပေါက်သွားပြီ ထူးနီ၊ ထူးနီ မေမင်းအတွက် အဒဲအကြောင်း စုံစမ်းပေးတာ၊ အဒဲကို ရွေးဖို့အတွက် ရှောင်ပေးသွားတာ၊ အဲဒါတွေဟာ မေမင်း ကောင်းစားစေချင်လို့မို့လား ...

မေမင်းလည်း ထူနီ ဘဝကို သာယာချမ်းမြေ့စေချင်တယ်၊ ငွေကြေး အချမ်းသာကြီး မဟုတ်ပေမယ့် ပညာတွေ၊ ဂုဏ်ဒြပ်တွေ ချမ်းသာတဲ့ အသိုင်းအဝိုင်းထဲမှာပဲ ပျော်ပါ ထူးနီ၊ တကယ်တမ်းကျတော့ အချစ်ဆိုတာနဲ့ ဘဝတစ်ခုကို တည်ဆောက်နိုင်စွမ်း မရှိဘူး၊ မယုံရင် လှိုင်သာယာမှာရှိတဲ့ မေမင်းတို့ရဲ့ တဲလေးကို ထူးနီကို အလည်ခေါ်သွားမယ် ...

ဆင်းရဲတဲ့ဘဝက ဘယ်လောက် ခါးသီးတယ်ဆိုတာ သိသွားအောင်လို့"

"ပြောလို့ ပြီးပြီလား"





"ပြီးပြီ"

"ကိုယ် တစ်ခုပဲပြောမယ်၊ ကိုယ် မေမင်းကို ချစ်တယ်၊ အဲဒီတစ်ခုတည်းနဲ့ပဲ ဘဝကို တည်ဆောက်ချင်တယ်၊ မေမင်းရော မေမင်း မိသားစုရော အားလုံးကို နားလည်ပေးမယ်၊ ကိုယ့်မိသားစုက လက်မခံရင်တောင် ကိုယ့်ချစ်သူလက်ကိုဆွဲပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရဲရဲရပ်မယ်၊ အဓိက မေမင်း ကိုယ့်ဘေးမှာ ရှိနေဖို့ပဲ လိုတယ်"

"မေမင်း လက်မခံရက်ဘူး"

"ခုကိစ္စက ကိုယ်တို့ကိစ္စ၊ သူ့မိသားစု ကိုယ့်မိသားစုဆိုတာတွေကို ခဏဘေးဖယ်ထား၊ ကိုယ် မေမင်းကို ရှာဖွေကျွေးမွေးနိုင်ပါတယ်၊ ကိုယ့်ကို မေမင်း ယုံရင် ကိုယ်နဲ့ လက်ထပ်ပါ"

"ထားပါ၊ အဲဒီကိစ္စတွေက၊ အခု ပြန်တော့ ကျန်းမာရေးကို ဂရုစိုက်၊ စိတ်ပူတဲ့သူ ရှိနေပြီနော် ... ဟင်း"

"တကယ် ပျော်တယ် မေမင်းရယ်၊ ကိုယ်လေ မေမင်းကို တကယ် မြတ်မြတ်နိုးနိုးကို ချစ်တာ သိလား"

✤ ○ ✤

ထူးနီ နေပြန်ကောင်းလို့ အလုပ်တောင် ပြန်လုပ်နိုင်ပါပြီ။ ရသမျှလေး ကျစ်နေအောင်စုကာ မေမင်းဆီ ဘဏ်စာအုပ်လေး အပ်ထားသည်။ သူနဲ့ မေမင်း နှစ်ယောက် joint တွဲဖွင့်ထားတဲ့ ဘဏ်စာအုပ်လေးပါ။

"မေမင်း အသုံးလိုရင် သုံးစရာရှိရင် ဒီထဲက ထုတ်သာသုံးနော်၊ ရတယ်၊ ကိုယ် အရင်လို လက်ဆောင်တွေ ဝယ်မပေးတော့ဘူး၊ ကိုယ်တို့ လက်ထပ်ဖို့ အတူနေဖို့ ငွေစုရမယ် ... နော်"

မေမင်းကတော့ သူ့လို အပြည့်အဝ ဝမ်းမသာရဲပါဘူး။ ခဲမှန်ဖူးတဲ့ စာသူငယ်မလေ။

သူပျော်နေတာ မြင်တော့ မေမင်းလည်း ပျော်တော့ပျော်ပါသည်။ အေးက သူဇာတောင် ဝမ်းသာရှာသည်။





သူ ရန်ကုန်မှာရှိတဲ့ရက်ဆို ညနေတိုင်း လာကြိုသည်။ ပြီးရင် ညနေစာကို လက်ဖက်သုပ်နဲ့ ထမင်းဖြူ အတူစားရင်း စကားတွေပြော၊ တစ်ခါတလေ ဘုရားတက်၊ တစ်ခါတလေ ကန်ပေါင်ကိုသွားထိုင်။

တကယ့်ချစ်သူဘဝ အနှစ်သာရ။ မေမင်းလည်း ပျော်နေပါပြီ။ အရမ်းကို ပျော်ရွှင်နေတာ ခုမှပဲ စစ်မှန်အေးမြသော ချစ်ခြင်းနှင့် ဆုံတွေ့ရတာလေ။

နေကြာစေ့လေးတွေ အပြန်အလှန် ခွာကျွေးရတာလည်း အရသာ။ ထမင်းတစ်ပန်းကန်ကို ဇွန်းနှစ်ချောင်းတပ်ပြီး စားရတာလည်း ပျော်စရာ။ ဘတ်စ်ကားစီးရင် ကာကွယ်ပေးမယ့် ရင်ခွင်ရှိတာလည်း ကြည်နူးစရာ။

ခုချိန်မှာ ဦးဌျက်ကိုရော အဒဲကိုပါ မေ့သွားပါပြီ။ ဈေးကြီးတဲ့ အကောင်းစားရုပ်ရှင်ရုံကြီးတွေမှာ မကြည့်နိုင်ပေမယ့် စိတ်မညစ်ပါ။ အကောင်းစား စားသောက်ဆိုင်ကြီးတွေမှာ မစားနိုင်ပေမယ့် ပျော်ပါသည်။

တစ်နေ့ တစ်နေ့ ချစ်သူ ပိုကြည့်ကောင်းအောင် အလှတွေ ပြင်ရကာအမော။ ပြီးတော့ လကုန်ကာနီး ပိုက်ဆံပြတ်

ရင် ထူးနီဆီက ချေးသုံးသေးသည်။ ထူးနီကတော့ ပေးတာ။ ဒါပေမဲ့ သူမက အမြဲပြန်ဆပ်သည်။

ဘဝဟာ နေတတ်ရင် ပျော်စရာပါကွယ်။ ခံစားတတ်ရင် ကြည်နူးစရာပါ။

ချစ်သူဘဝဆိုတာ နေပူကျဲတဲထဲ လမ်းလျှောက်ရရင်လည်း သာယာ။ မိုးသည်းသည်း ထီးတစ်ချောင်းတည်းနဲ့ ရွှဲရွှဲစိုလည်း သာယာ။ မိုးအုံ့လည်း ကဗျာ၊ လေတိုက်လည်း ကဗျာ။

ကြည်နူးစရာ အတိပေါ့လေ။ ပိုပြီးသာယာတာက ထူးနီက သူမကို အမြဲပျော်အောင်ထားၡပါ။ ကျွန်မကို စိတ်မညစ်ဘဲ ပျော်ရွှင်ရအောင် အမြဲစွမ်းဆောင်နိုင်လို့ပါ။

ခရီးသွားရင်လည်း ဖုန်းထဲကနေ ရယ်စရာလေးတွေ ရှာကြပြောတတ်သည်။ ထို့အတွက် ရယ်စရာ ဟာသစာအုပ်တွေလည်းဖတ်။ Facebook ထဲက ရယ်စရာလေးတွေကိုလည်း ရှာဖွေမှတ်သားပြီး သူမကို အမြဲပြောပြသည်။

လူတစ်ယောက်ကို ငိုအောင်၊ ဝမ်းနည်းအောင် လုပ်ရတာ လွယ်ပါသည်။ ပျော်ရွှင်အောင် အူလှိုက်သည်းလှိုက် ရယ်အောင် လုပ်ဖို့သာ မလွယ်တာပါ။





ဒါပေမဲ့ ထူးနီကတော့ သူမကို အမြဲရယ်မောပျော်ရွှင်စေသူပါ။ ကလိထိုးဟာသပဲဖြစ်ဖြစ်၊ ဘယ်လိုဟာသအမျိုးအစားမဆို သူ ပြောပြကာ သူမ စိတ်ပျော်ရွှင်အောင် ဖန်တီးပေးတတ်သည်။ တစ်ခါတလေလည်း လက်လှည့်ပညာလေးတွေနဲ့ အံ့သြအောင် လုပ်ပြသေးသည်။

ကိုယ်ပိုင်ကား မစီးနိုင်ပေမယ့် တက္ကစီ၊ အမြဲငှားမစီးနိုင်ပေမယ့် လိုင်းကားတိုးစီးရင်း ပျော်ရွှင်ခဲ့ရပါသည်။

နေ့တိုင်း အချိန်တိုင်း သူမမျက်နှာမှာ အပျော်တွေ အပြုံးတွေပဲ ဝေဆာပွင့်ဖူးနေကြ၏။

✤ ○ ✤

သူမကို ချစ်မှန်းသိတော့ တစ်ခါတလေ ထူးနီကို သူမက နှိပ်စက်တတ်သေးသည်။

"ထူးနီ"

"ပြောလေ မေမင်း"

"ထူးနီ ခေါင်းတုံးတစ်ခြမ်းတုံးကွာ"

"တစ်ခြမ်း"

"ဟုတ်တယ်၊ ခေါင်းတုံးတစ်ခြမ်းတုံး"

"မလုပ်ပါနဲ့ကွာ"

"မရဘူးနော်၊ မေမင်းကို ချစ်ရင်တုံး"

"ဟာကွာ၊ သက်သက်မဲ့ ညစ်တာ"

"မေမင်းကိုချစ်ရင် တုံးပါဆို၊ မတုံးရင်တော့ မချစ်လို့"





"ချစ်မှန်းသိရဲ့သားနဲ့ မေမင်း တမင်သက်သက် ဆိုးတာနော်၊ ကိုယ်သိတယ်"

"မရဘူးနော်၊ ချစ်ရင် တုံးရမယ်"

ထိုနေ့က ဆံပင်ညှပ်ဆိုင်ကို အတင်းဆွဲခေါ်ကာ ခေါင်းတုံးတစ်ခြမ်း တုံးခိုင်းသည်။ ပြီးတော့မှ ခေါင်းတုံးတစ်ခြမ်းနဲ့ သူ့ကိုကြည့်ကာ အားရပါးရ ရယ်၏။

"ကဲ ... အခုရပြီမို့လား၊ နောက်တစ်ခြမ်းပါ အပြောင်တုံးလိုက်တော့မယ်နော်"

"အံမယ် ... မတုံးရပါဘူး၊ အဲဒီခေါင်းတုံးတစ်ခြမ်းလေးနဲ့ နေနော်"

"ဟေး ... ဒီလိုကြီးတော့ ဘယ်လိုနေမလဲကွ၊ အလုပ်က ရှိသေးတယ်"

"ရှိရှိကွာ၊ ဒီတိုင်းပဲ နေရမယ်"

"မေမင်းကကွာ၊ အဲလိုတော့ အချစ်မစမ်းပါနဲ့၊ ဒီခေါင်းတုံးတစ်ခြမ်းနဲ့ ကိုယ့်ကို အရူးလို့ ထင်ကြမှာပေါ့"

"မရဘူး ဒီတိုင်းနေ"

"မလုပ်ပါနဲ့ကွာ၊ မေမင်း ကိုယ့်ကို ချစ်တယ်ဆို၊ ကိုယ့်ကို ဒီတိုင်း နေခိုင်းရက်လား"

"ဒါဆို တစ်ပတ်တော့နေ"

"ဟာ ... တစ်ပတ်တော့ မလုပ်နဲ့ကွာ၊ အခုပဲ တုံးလိုက်တော့မယ်လေကွာ၊ နော် ... အလုပ်ရှိလို့ပါ၊ ဒီပုံကြီးနဲ့တော့ အလုပ်ဘယ်လိုလုပ်ရမလဲ မေမင်းရယ်နော်။ မနက်ဖြန်ညနေဆို ကိုယ် ပုဂံဘက် ဧည့်သည်တွေနဲ့ လိုက်ရတော့မှာလေကွာ၊ ဒီဆံပင်ကြီးနဲ့ ဘယ်အဆင်ပြေမလဲ"

"ပြောတော့ မေမင်းအတွက် ဘာပဲ ပေးဆပ်ရ ပေးဆပ်ရဆို"

"ပေးဆပ်ပါတယ်၊ ဒါပေမဲ့ ဒါကျတော့ မလိုအပ်ဘူးလေ၊ မေမင်း တုံးခိုင်းလို့ကို တုံးတာပဲ၊ ဒါပေမဲ့ တုံးမယ့်တုံး အပြောင်ပဲ တုံးပါရစေကွာ ... နော်"

"ဟင်း"

"နော် ... မေမင်းက လိမ္မာပါတယ်ကွာ"

"ဒါဆို တစ်ရက်တော့တုံး၊ မနက်ဖြန် ဧည့်သည်တွေနဲ့ သွားကာနီးမှ အပြည့်တုံးပေါ့၊ ဆံပင်က ဘာမှလဲမများပါဘူး၊ သူ့ဆံပင်ကဖြင့် လက်တစ်ဆစ်တောင် မရှိဘူး၊ ခေါင်းကို ခွဲစိတ်ထားတုန်းကမှ ရိတ်ထားသေးတာ"

"ကိုယ် အခုပဲ အကုန်ရိတ်ပါရစေကွာ"





"ဟာ ... မရပါဘူး၊ မရိတ်ရဘူး၊ ဒီတိုင်းပြန်၊ မနက်ဖြန်မှရိတ်၊ ပြန်ရင်လည်း တက္ကစီ မစီးရဘူးနော်၊ လိုင်းကားစီးပြန်"

"မေမင်းရာ မလုပ်ပါနဲ့"

"မသိဘူး၊ မေမင်းကိုချစ်ရင် မေမင်းပြောသလိုလုပ်၊ ဒါပဲ"

"ဟင်း"

သူ ထိုနေ့က တကယ် ခေါင်းတုံးတစ်ခြမ်းပြောင်နဲ့ ပြန်ရသည်။ သူ့အိမ်နားရောက်မှ ဆိုင်ဝင်ပြီး အပြောင်တုံးရသည်။

ဒီပုံစံနဲ့ အိမ်ပြန်ရင် မေမေတို့ မမတို့ ဝိုင်းပြောဆိုကြလိမ့်မည်လေ။

တော်တော်ဆိုးတဲ့ မေမင်း။

ဒါပေမဲ့ သူမဟာ တမင်နွဲ့ဆိုး ဆိုးတာပါလေ။ သူမပျော်ရင် ပြီးတာပါပဲ။

ခေါင်းတုံး, တုံးလာသော သူ့ကို အိမ်ကလူတွေက အံ့သြနေကြသည်။

✤ ○ ✤

အိမ်ကလူတွေ မပြောနဲ့ မေမင်း ရှေ့မှာ လိုင်းကား တစ်မှတ်တိုင် တက်စီးပြခဲ့ရသေးသည်။ လိုင်းကားပေါ်မှာ လူတွေ က သူ့ကို အရူးတစ်ယောက်လို ဝိုင်းကြည့်တာ ခံရသေးသည်။

မှတ်တိုင်ရောက်တာနဲ့ မြန်မြန်ပြေးဆင်းပြီး တက္ကစီ တားတော့ သူ့ပုံစံကိုကြည့်ပြီး တချို့တက္ကစီတွေက မရပ်ပေးပါ။ သူ့ကို စိတ်မနှံ့သူဟု ထင်ကြပုံရသည်။

ရပ်တဲ့တက္ကစီကို ဈေးမဆစ်ဘဲ တက်စီးခဲ့ရသည်။ ကားပေါ်ရောက်တာနဲ့ ကိုယ့်လိပ်ပြာ ကိုယ်မလုံဖြစ်ကာ ...

"ကောင်မလေး အချစ်စမ်းလိုက်လို့ဗျာ ... အဟီး"

"ဖြစ်ရမယ် ငါ့တူရာ၊ အင်း ... မိန်းမတွေကို အဲဒီလောက် အလိုမလိုက်နဲ့ကွ၊ သင်းတို့က ရောင့်ရဲတတ်တဲ့အမျိုး မဟုတ်ဘူး"





"ဟုတ်ပါတယ် ဦးရာ၊ ဒါပေမဲ့ ကျွန်တော့်ကောင်မလေး ကို ပျော်စေချင်လို့ပါ"

"အေးပေါ့ကွာ၊ ဘာမဟုတ်တဲ့ ကိစ္စကတော့ ဘာမှမဖြစ် ဘူးပေါ့၊ ဒီအရွယ်ဆိုတော့လည်း ဒီလိုပေါ့၊ ငါ့ တုန်းကဆို ငါ့ရည်းစား အင်လျားကန်ထဲ ရေဆင်းကူးခိုင်းတာကွ၊ ဖြစ်ချင်တော့ ငါက ရေမကူးတတ်ဘူး၊ အဲဒါနဲ့ ငါ့ကို ဖြတ်သွားရော၊ ဟား ဟား ... မင်း မြင်တော့ ငါ့အဖြစ် ကို သတိပြန်ရသဟ။ ခုတော့လည်း အိမ်နားက ကောင်မ လေးကိုယူပြီး မြေးတောင်ရပေါ့"

"ကျွန်တော်လည်း ရေမကူးတတ်ဘူး ဦးလေးရေ၊ သင်ထား ဦးမှ"

"ဟား ဟား ဟား"

"ဟိုရှေ့က ဆံပင်ညှပ်ဆိုင်ရှေ့ ရပ်ပေးပါဗျာ၊ လက်ကျန် တစ်ဝက်ကို ဆက်ရှင်းရဦးမယ်၊ ဒီတိုင်း အိမ်ပြန်လို့တော့ မဖြစ်ဘူး"

"အေး ... အေး၊ ရေကူးသင်ထားဦးနော် ... ဟေး ဟေး"

အိမ်နားကဆိုင်ဆိုတော့ ညှပ်နေကျလေ။ ဆိုင်ရှင်နဲ့ လည်း ခင်နေတာ။

"ဟာ ... ထူးနီ ဘယ်လိုဖြစ်လာတာတုံး"

"ဒီလိုပါပဲဗျာ၊ ကျွန်တော့်ကို ခေါင်းတုံးဆက်တုံးပေးစမ်းပါ"

"မင်း ဘာလုပ်လာတာလဲ"

"မေးမနေပါနဲ့ဗျာ၊ ကောင်မလေး အချစ်စမ်းလိုက်လို့ ... အဟီး"

"ဖြစ်ရမယ်"

ဆိုင်ထဲကလူတွေ အကုန်ပိုင်းရယ်ကြ၏။ ထူးနီမျာ မချိသွားဖြီ။

အိမ်ပြန်ရောက်တော့ အိမ်ကလူတွေက ပိုင်းပြောကြပြန်သည်။

"ဟယ် ... သားလေး၊ ခေါင်းတုံးကြီးနဲ့၊ ဘယ်လိုဖြစ်လာတာလဲ။ ဘာလို့ ခေါင်းတုံး,တုံးလာတာတုံး"

"ဟိုလေ ... သား အိုက်လို့"

"ဘာ့ကို အိုက်ရမှာလဲ၊ မိုးတွင်းကြီး ဒီလောက် မိုးတွေ ရွာနေတာကို ဘာအရှူးထလာတာလဲ"

"ဟိုလေ ... အဟဲ ... ခုတလော ခေါင်းတုံးဖက်ရှင်တွေ ခေတ်စားလာလို့ သားနဲ့ လိုက်လားလို့ တုံးကြည့်တာ"





"မဟုတ်တာကွယ်၊ ခေတ်ကာလသားသမီးတွေများ"

"မောင်လေး ... နင် ဘယ်တုန်းက အဲလိုတွေ လုပ်ဖူးလို့လဲ၊ မဟုတ်တာ မပြောနဲ့၊ မှန်မှန်ပြော၊ နင် ဘာလို့ ခေါင်းတုံး တုံးလာတာလဲ"

အားလုံး ပိုင်းစစ်ဆေးနေကြသည်။ သူကလည်း ဝန်မခံပါ။ ဝန်ခံလို့ မရဘူးလေ။ သူ့မိသားစုက မေမင်းကို အပြစ်မမြင်စေချင်ဘူး။

နောက်ဆုံးတော့ မေးမရ၍ မမေးတော့။

✤ ○ ✤

ဒါတောင် ...

အမေက ...

"ဝါတွင်းကြီးမို့လို့ပေါ့၊ မဟုတ်ရင် ခေါင်းတုံး,တုံးလက်စနဲ့ နင့်ကို ငါ သင်္ကန်းစည်းပေးလိုက်တယ်၊ အစွယ်ရောက်နေပြီ၊ ခုထိ ရဟန်းမခံရသေးဘူး၊ သင်္ကြန်ကျရင် ရဟန်းခံဖို့သာ ပြင်ထားပေတော့ သားလေး"

အမေက ရဟန်းခံပေးဖို့ စဉ်းစားနေတာ။ သူကတော့ မိန်းမယူဖို့ပဲ အကြံထုတ်နေမိ၏။

ခုလည်း သူတို့ကိစ္စကို အမေ့ကို ဘယ်လိုပြောရမှန်းမသိ။ မေမင်းတို့မိသားစု အခြေအနေ အမှန်ကိုသာ သိရင် လုံးဝလက်ခံမှာမဟုတ်။





မေမင်းနဲ့ လက်ထပ်ဖို့ ပိုက်ဆံစုနေတာလည်း သိပ်မရသေးပါဘူး။ မေမေတို့ မကူညီရင် ဘဝတစ်ခု ထူထောင်ဖို့ မလွယ်သေးဘူး။

မေမင်းကလည်း လက်ထပ်ဖို့ စိတ်ကူးရှိပုံ မရသေး။ စိတ်မကူးနိုင်တဲ့ အခြေအနေဆိုတော့လည်း စိတ်ကူးမရှိနိုင်ဘူးပေါ့လေ။

မေမင်းလေးဘဝက သနားစရာပါ။ သူ့ထံမှ ဘာတစ်ခုမှ ရလိုခြင်း၊ တောင်းဆိုခြင်း မရှိသေးသလို ဘဏ်စာအုပ်ထဲကလည်း တစ်ကျပ်တောင် မထုတ်ပါ။

ဖြစ်နိုင်ရင် မေမင်း ဘဝကို မြှင့်တင်ပေးချင်ပေမယ့် သူ့ဘဝကိုက လူလတ်တန်းစား။

"သားငယ် ခုတလော သားကိုကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ်နေလဲ၊ အလုပ်ထဲမှာရော အဆင်ပြေရဲ့လား"

"ပြေပါတယ် မေမေ၊ ဘာမှမဖြစ်ပါဘူး"

"အေး ... မဖြစ်ရင်လည်း ပြီးတာပဲ၊ လူက မှိုင်လိုမှိုင်၊ ခေါင်းတုံး တုံးလိုတုံးနဲ့၊ သားခေါင်းထဲရော ကြည်ရဲ့လား"

"ကြည့်ပါတယ် မေမေ"

"အေး ... အေး၊ တစ်ခုခုဆို ပြောနော် သား"

မေမေ ပြောတာတွေ မေမင်းကို ပြန်ပြောပြလိုက်တော့...

"ဟယ် ... ဟုတ်သားပဲ၊ ထူးနီက ခေါင်းကို ခွဲစိတ်ထားရတာကို မေမင်း ခေါင်းတုံး,တုံးနိုင်းမိတယ်၊ ခေါင်းတုံးနဲ့ အဆင်ပြေရဲ့လား၊ ဆောရီး ထူးနီရယ်၊ မေမင်း စိတ်မကောင်းဘူး"

"ဩော် ... ဘာမှ မဖြစ်ပါဘူး၊ တကယ် ဘာမှမဖြစ်ဘူး၊ ကိုယ်က မေမင်းနဲ့ လက်ထပ်ဖို့ ထိုင်တွေးနေတာကို မေမေက တစ်မျိုးထင်တာပါ"

"မေမင်းနဲ့ လက်ထပ်ဖို့ မတွေးပါနဲ့ ထူးနီရယ်"

"ဘာဖြစ်လို့လဲ"

"မေမင်းတို့ လက်မထပ်ဘဲ ဒီတိုင်းပဲ ချစ်နေကြတာပေါ့"

"မေမင်း ကိုယ့်ကို လက်မထပ်ဘူးလား"





"မေမင်း ထူးနီကို ဒုက္ခမပေးချင်ဘူး"

"မဆိုင်ပါဘူး၊ အဲဒါ ဒုက္ခမဟုတ်ဘူး၊ ချစ်သူနဲ့ အတူလက်တွဲပြီး ဘဝကို ရင်ဆိုင်တာ ဒုက္ခမဟုတ်ဘူး၊ သုခ။ သာယာတယ်၊ ပျော်စရာကောင်းတယ်၊ ဘယ်လိုအဆင်မပြေမှုမျိုးပဲဖြစ်ဖြစ် ချစ်သူလက်ကိုဆွဲပြီး ပျော်ပျော်ကြီး ရင်ဆိုင်ပစ်မယ်"

"အဲဒါ ထူးနီ မဆင်းရဲဘူးလို့ ပြောနေတာ၊ ဘဝကို သာသာယာယာ ဖြတ်သန်းခဲ့ရတော့ မရှိခြင်းဒုက္ခရဲ့ ဆိုးဝါးမှုကို ထူးနီ မသိဘူး"

"ဒီမှာ မေမင်း၊ တို့နိုင်ငံမှာ ငတ်သေတဲ့မသာ မရှိဘူး။ ဒါဆို ရပြီ။ ကိုယ်တို့မှာ အလုပ်နဲ့ အကိုင်နဲ့။ ကိုယ်တို့ဘဝကို ကိုယ်တို့ အတူကြိုးစား တည်ဆောက်မှာပေါ့။ အဓိက ကိုယ့်ဘေးမှာ မေမင်း ရှိနေဖို့ပဲ အရေးကြီးတယ်။ မေမင်း ရှိရင် ဘဝကို ရင်ဆိုင်ရဲတဲ့ခွန်အားတွေ ရှိပြီ"

"ထူးနီရယ်"

"မေမင်း ကိုယ်နဲ့ မနေချင်ဘူးလား"

"နေချင်ပါတယ်၊ ဒါပေမဲ့ ထူးနီ ပင်ပန်းဆင်းရဲမှာ စိုးလို့ပါ၊ ထူးနီကို တကယ်ချစ်လို့ မေမင်းဘဝထဲ ဆွဲမနှစ်ရက်တာပါ"

"အိုခေ ... ဒါဆို ရပြီ၊ အခု ကိုယ်တို့ ဘာမှ အပိုမသုံးတဲ့ ပိုက်ဆံစုနိုင်သလောက် စုမယ်၊ အတိုင်းအတာတစ်ခု ရပြီ ဆိုရင် ကိုယ်တို့ လက်ထပ်မယ်လေ ... နော်"

"ထူးနီ သဘော"

"ဒီလိုမှပေါ့၊ ကိုယ် ခုမှ စိတ်ချမ်းသာသွားတော့တယ်ကွာ၊ ဒီတစ်သက် ကိုယ်ချစ်တဲ့ မေမင်းလေးကို ဆုံးရှုံးရပြီထင်တာ"

"ထူးနီရဲ့မေတ္တာအင်အားက ကြီးမားလွန်းတော့ မေမင်းက ဒူးထောက်ရတာပေါ့"

"မေမင်း ဒူးမထောက်ရပါဘူးဗျာ၊ ကိုယ်က အမြဲအလျှော့ပေးမှာ၊ အလိုလိုက်ပြီးချစ်မှာ၊ မေမင်း ဘဝလေးကို လုံခြုံအောင် ကာကွယ်ပေးမှာ"

"ယုံပါတယ် ထူးနီရယ်၊ ဒါပေမဲ့ မေမင်းတို့ လက်ထပ်မယ့်အကြောင်းကို လောလောဆယ် ဘယ်သူ့ကိုမှ အသိ





မပေးဘူးနော်၊ မေမင်းတို့ ပိုက်ဆံစုလို့ပြည့်မှ မိဘတွေကို ဖွင့်ပြောမယ်။ ထူးနီ မိဘတွေက သဘောမတူဘူး ဆိုရင် ရော"

"မတူလည်း ကိုယ်က မေမင်းကို ယူမှာပဲ၊ သိကြားမင်း ဖျက်တောင် မပျက်နိုင်ပါဘူးရှင် ... အဲ ... ဗျာ ... ဟဲ ဟဲ"

"ကျေးဇူးတင်ပါတယ် ကိုရယ်"

✤ ○ ✤

"သားလေး ထူးနီ၊ ဒီတစ်ပတ်ထဲ ခရီးမထွက်ရဘူးလား သား"

"ဟုတ်ကဲ့ ... သားတို့ ဒီတစ်ပတ် ချိတ်ထားတာ မရှိဘူး မေမေ"

"အေးကွယ် ... ဒါဆိုရင်တော့ အတော်ပဲ၊ မေမေနဲ့ မန္တလေး လိုက်ခဲ့ပေးပါ သားရယ်"

"ဟင် ... မေမေက ဘာသွားလုပ်မှာလဲ"

"မေမေ့သူငယ်ချင်းတစ်ယောက် အလှူလုပ်လို့ သားရဲ့။ သားတော့ သိမှာမဟုတ်ပါဘူး။ သားမမတွေတော့ သိတယ်၊ သားမမ နှစ်ယောက်ပါ လိုက်မှာ၊ မမလတ်ကားနဲ့ သွားမှာလေ၊ မင်းယောက်ဖတွေက မလိုက်နိုင်လို့ သားကိုခေါ်တာ၊ ယောက်ျားလေးတစ်ယောက်တော့ ပါမှလေ"





"မေမေတို့က ဘယ်နှရက် ကြာမှာလဲ"

"မကြာပါဘူး နှစ်ရက်ပဲ၊ ဒီညနေတောင် သွားချင်တာ။ သား အဆင်ပြေလား"

"ရပါတယ် မေမေ"

"အေး ... အေး ... မင်းအစ်မတွေလည်း အဆင်သင့်ပဲ၊ သား အဝတ်အစားလေး ထည့်လိုက်ဦး"

"ဟုတ်ကဲ့"

"အလှူမှာဝတ်ဖို့တော့ မေမေ စီစဉ်ထားတယ် သား၊ သွားရင်းဝတ်ဖို့ပဲ ယူတော့"

"ဟုတ်ကဲ့ မေမေ"

သူ မေမင်းဆီ ဖုန်းဆက်လိုက်သည်။

"ကို သတိထားနော်၊ ကားစီးရင်း ဘုရားစာကို တစ်ချိန်လုံးရွတ်နေ"

"အဲဒါတော့ မပူနဲ့ မေမင်းရေ၊ ကိုယ့်အစ်မတွေက ဟိုင်းဝေးသွားရင် ကားပေါ်မှာ တစ်ချိန်လုံး တရားခွေဖွင့်ထားတာ"

"ဖွင့်တာက ဖွင့်တာပဲလေ၊ ကို အာရုံပြုဖို့ ပြောတာ"

"စိတ်ချပါကွာ၊ ကိုလည်း ဟိုတစ်ခါဖြစ်ပြီးတည်းက လန့်နေတာ၊ ဘုရားစာရွတ်ရုံတင် မကဘူး၊ ပုတီးပါစိပ်မှာ … ဟား ဟား"

"ကြည့် … ဒါတောင် ရယ်နိုင်သေးတယ်"

အဲဒီလိုနဲ့ မန္တလေးခရီးကို စထွက်ခဲ့တယ်၊ ညဘက် တစ်ညလုံး မောင်းနှမသုံးယောက် တစ်လှည့်စီမောင်းတာပါ။ ဒရိုင်ဘာခေါ်လာရင်တောင် စိတ်ချရချင်မှ ချရမှာလေ။ ထို့ကြောင့် ဒရိုင်ဘာတောင် မထားဘဲ ကိုယ်တိုင်ပဲ မောင်းကြသည်။

ခုက မမတို့ယောကျ်ားတွေ မပါလို့ သူကပဲ အစ်မတွေနဲ့ တစ်ယောက်တစ်လှည့် ဒိုင်ခံမောင်းပါသည်။

ညဘက်ထွက်တာ နောက်ကျ၍ မနက်မိုးထိန်ထိန်လင်းမှပဲ မန္တလေးရောက်သည်။

မေမေတို့အသိအိမ်ကိုပဲ တန်းသွားကြသည်။ မေမေ့အသိတွေက ပွဲရုံလုပ်ငန်း လုပ်ကြသည့် ကုန်သည်တွေပါ။

"လာ … လာ … သူငယ်ချင်း၊ တစ်ညလုံး ကားစီးလာရတော့ ပင်ပန်းရောပေါ့၊ မျက်နှာသစ် မနက်စာစားပြီး တစ်ရေးလောက် မှေးလိုက်ဦး"





"အေးပါဟယ် … ရပါတယ်"

"သားက လူချောပဲ၊ လာ … သား လာ၊ သမီးရေ … ရွှေပုံ့ ဒီမှာ ညည်းအစ်ကို အစ်မတွေကို လာကြိုဦး"

"ဟုတ်ကဲ့ မေမေ"

ရွှေပုံ့တဲ့။ အသားတော်ညိုပြာညက်ပေမယ့် မြန်မာဆန်ဆန် မန်းဆန်ဆန် ဝတ်စားပြင်ဆင်ထားသမို့ ယဉ်ဆိုသမှ ယဉ်ထက် ယဉ်ပါပဲ။ မိန်းမချောလေးပါပဲ။

မေမေတို့ အမျိုးသမီးတွေအတွက် တစ်ခန်း၊ သူ့တစ်ယောက်တည်း သီးသန့်တစ်ခန်း။ အခန်းတွေက အိမ်ရှင်တွေရဲ့ ကြွယ်ဝမှုကို ပြနေသည်။ ဒီအိမ်ပိုင်ရှင်တွေက ပွဲစားကြီးမျိုးရိုးတွေတဲ့။ ခိ ခိ … ဘာတွေမှန်းတော့ မသိ။

သူကတော့ ချစ်သူဆီ ဖုန်းဆက်လိုက်သည်။

"ချစ်ချစ် … ကို ရောက်ပြီနော်"

"ကဲ ... သား၊ ရေချိုးပြီး ဒီဝတ်စုံလေးလဲ"

"တိုက်ပုံ လိုလို့လား မမေရာ၊ အဖြူလက်ရှည်လောက်ဆို တော်ပြီပေါ့၊ ကိုယ်က အလှူရှင်မှ မဟုတ်တာ"

"ဝတ်ဆို ဝတ်လိုက်ပေါ့ ငါ့သားရယ်"

"ဟုတ်တယ် မောင်လေး၊ နင်က သတို့သားလောင်းဆို တော့"

"ဗျာ ... ဗျာ ဗျာ ဗျာ ... ဘယ်က သတို့သားလောင်းလဲ"

မမလတ်က အခန်းတံခါးကို လော့ခ်သွားချကာ ...

"ခုနှ ချွေပုံ့လေးကို တွေ့လိုက်တယ်မို့လား"

"တွေ့တယ်လေ"

"အေး ... ချွေပုံနဲ့ နင့်ကို ပေးစားမလို့"

"ဗျာ"





"ဟုတ်တယ်၊ ချွေပုံက ဆရာဝန်မလေး။ ရုပ်ကလေးက လည်း ချောမှချော။ ချမ်းသာတာကလည်း နင့်အမြင်ပဲ။ မေမေနဲ့ အန်တီတို့က နင်တို့ငယ်ငယ်တည်းက စကားရှိ ထားကြတာတဲ့"

"ဟာ ... ဒါဆို ကျွန်တော့်ကို ညာခေါ်လာတာလား"

"မညာပါဘူး၊ ဒီမှာ သူတို့ အလှူရှိတာလည်း တကယ်ပဲ၊ မောင်လေးကို မပြောခဲ့တာပဲရှိတာ။ ပြောရင် ဂဂျီဂချောင် ကျမှာစိုးလို့။ ဘယ်လိုလဲ ချွေပုံ့လေး ချောတယ်မို့လား"

"ချောပါတယ်၊ ဒါပေမဲ့ သား သူ့ကို မယူနိုင်ဘူး"

"ပြောပါဦး"

"သားမှာ လက်ထပ်ရမယ့်သူရှိတယ်"

"မေမင်းဇာနည်ကို မင်းက တကယ်လက်ထပ်မလို့လား"

"မမတို့ သိရက်သားနဲ့ လုပ်တာပေါ့"

"အေးပေါ့ဟယ်၊ နင့်ကောင်မလေးက သဘောတူစရာမှ မရှိတာ။ ငါတို့ သူ့အကြောင်း အားလုံးသိပြီးသား။ သူ့ မိသားစု အခြေအနေ၊ ငါတို့ အားလုံးသိတယ်၊ ဒီလောက်

အခြေအနေဆိုးတာကိုတော့ ငါတို့ လက်မခံနိုင်ဘူး။ မင်းကောင်မလေးနဲ့ ရွှေပုံဆိုတာ အနေအထားချင်းက မိုးနဲ့မြေပဲ။ ခုချိန်မှာ မေမင်းအနည် ဆိုတာကို မေ့လိုက်တော့"

"မမေ့ဘူး၊ ကျွန်တော် မေမင်းကို ယူမှာ။ ဘယ်သူနဲ့မှ အစားမထိုးဘူး"

"တိုးတိုးပြော၊ ရွှေပုံတို့မိသားစုတွေ ကြားသွားမယ်"

"မမတို့က ချည်ပြီး တုပ်ပြီး လုပ်တာပေါ့"

"ရွှေပုံလေးက နန်းဆန်ဆန်လေးနဲ့ ဘယ်လောက်ကျက်သရေရှိလဲ။ မင်းကောင်မလေးလို ပုံမလာ ပန်းမကျ မဟုတ်ဘူး၊ အိမ်ထောင်ရေးဆိုတာ ..."

"တော်တော့ မမလတ်၊ မမလတ်တို့ ဘာပဲပြောပြော ကျွန်တော် မေမင်းကိုပဲ ယူမှာ"

"သားလေး ... မေမေ့ မျက်နှာကို ထောက်ပါဦး သားရယ်၊ မေမေက စကားလွန်ပြီးပြီ၊ ဒီကိုတောင် ရောက်နေပြီ သားရယ်၊ သူတို့သမီးကို လာမြန်းတယ် ဆိုတာလည်း တစ်အိမ်လုံး သိနေကြပြီ"





"မေမေတို့ သားကို ညာခေါ်လာတာပဲ။ သား မတတ်နိုင်ဘူး။ သူ့အိမ်ပေါ် ရောက်နေလို့ဆိုပြီး သား ခေါင်းငုံ့လက်ခံသွားမှာ မဟုတ်ဘူး၊ သား မေမင်းကိုပဲ ယူမှာ"

"သား ... သား ကောင်မလေးကို မေမေတို့ ဘယ်လိုမှ လက်မခံနိုင်ဘူး၊ မိဘဆင်းရဲတာကလည်း တော်တန်ရုံဆို လက်ခံတယ်။ ခုဟာက မတရား ရုပ်ပျက်လွန်းတယ်၊ အဲဒီမိသားစုထဲ သား ဘယ်လို ဝင်မလဲ။ သားကိုမွေးထားတဲ့ ဒီအမေက ဘယ်လိုစိတ်နဲ့ သဘောတူရမှာလဲ"

"သား သူ့ကိုသနားတယ် မေမေ။ ချစ်လည်း ချစ်တယ်။ တော်ဝင်ပန်း မဟုတ်လို့ သားကလွှဲရင် သူ့ဘဝကို ဆွဲတင်ပေးမယ့်သူ မရှိဘူး။ သူ့အတွက် သားရှိမှဖြစ်မှာ မေမေ"

"မင်းဘဝ စုတ်ပြတ်သွားမှာပေါ့"

"မစုတ်ပြတ်ပါဘူး မေမေ၊ သား ယောကျ်ားပါ၊ သား ကြိုးစားမှာပေါ့"

"ငါ ရင်နာလိုက်တာ ထူးနီရယ်"

"မောင်လေးရယ် ... မမတို့ တောင်းပန်ပါတယ်ဟယ်၊ ရွှေပုံ့ကိုပဲ လက်ထပ်ပါဟယ်၊ ဒီကိုတောင် ရောက်နေပြီ၊ ငါတို့ ရွှေပုံ့တို့ မိသားစုကို ဘယ်လိုမျက်နှာပြရမလဲ"

"ဆောရီးပဲ မမကြီး၊ သားကို အမွေပြတ်သာ စွန့်လွှတ်လိုက်ကြပါတော့။ သား သွားတော့မယ်"

"ဖြန်း"

မမကြီးက စိတ်ဆတ်သည်။ သူ့ပါးကို ရိုက်ချလိုက်သည်။

"နင့်မှာ အသိဉာဏ်မရှိဘူး။ ဦးနှောက်မရှိတဲ့ကောင်"

သူ အခန်းထဲက ထွက်ခဲ့တော့သည်။ သူ အမြန်ဆုံး ရန်ကုန် ပြန်မည်။

✣ ○ ✣





သူ အမြန်ဆုံး ပြန်ခဲ့ပါသည်။ ချစ်သူ စိတ်ပူမှာစိုးလို့ ဖုန်းမဆက်တော့။ ဒါပေမဲ့ ကားတွေက ညနေဘက်မှရှိသည်။

နေ့ခင်းဘက်ထွက်တဲ့ ကားတွေက ရန်ကုန်–မန္တလေး လမ်းဟောင်းက သွားမှာဆိုတော့ ကြာမှာ။ ထို့ကြောင့် ညနေ အစောဆုံးကားကို လက်မှတ်ဖြတ်လိုက်သည်။ သူ့မှာ ပိုက်ဆံ သိပ်မရှိပါ။ သူတို့စုထားတဲ့ ငွေကလည်း သိပ်မများသေး။ ဒါပေမဲ့ မတတ်နိုင်။ ရှိသလောက်နဲ့ပဲ ဘဝကို စရတော့မှာပေါ့။ လောလောဆယ် သူ အဆောင်မှာ ဟန်မပျက်နေပြီး အလုပ်ဆက်လုပ်မည်။

ပိုက်ဆံစုလို့ ရမှပဲ အခန်းလေးငှားကာ သူမနှင့် လက်ထပ်တော့မည်။

ထိုအချိန်မှာပဲ သူ့ဆီကို ဖုန်းဝင်လာ၏။

"ကို ... မေမင်းအမေ မူးလဲသွားလို့တဲ့၊ ဆရာဝန်ပြတော့ ဆေးရုံတင်ခိုင်းတယ်တဲ့ ကိုရယ်"

"တင်လေ မေမင်းရဲ့"

"အဲဒါ ပိုက်ဆံမရှိလို့ ဘဏ်ထဲက ပိုက်ဆံလေး မေမင်း ထုတ်လိုက်မယ်နော်"

"ထုတ်လေ မေမင်းရဲ့၊ ကျန်းမာရေးဆိုတော့ ထုတ်ရမှာပေါ့"

"ကိုရယ် ... ကို့ကိုလည်း အားနာပါတယ်၊ ဒါပေမဲ့ မေမင်းမှာလည်း တခြား ဘယ်မှ မရှာတတ်လို့ပါ"

"အေးပါ မေမင်းရယ် သုံးလိုက်ပါ၊ ဘာမှ အားမနာနဲ့၊ ပိုက်ဆံက ပြန်ရှာလို့ ရပါတယ်၊ အမေကို ဂရုစိုက်လိုက်ဦးနော်"

"ဟုတ်ကဲ့ ကို၊ ကျေးဇူးပဲနော်၊ ဒါပဲနော် ကို၊ မေမင်း ပိုက်ဆံထုတ်ပြီး ဆေးရုံလိုက်သွားရမှာ"

"မေမင်း ... ပိုက်ဆံထပ်လိုရင် ပြောနော်"

မေမင်း ဘာမှမပြောတော့ဘဲ သက်ပြင်းတစ်ရှိုက်နဲ့ ဖုန်းချသွားသည်။





သူ မဟာမြတ်မုနိ ဘုရားကြီးရဲ့ မျက်နှာတော်ကို မမှိတ်မသုန် ဖူးမြော်နေမိသည်။

ဘဝကတော့ စပြီထင်သည်။

အိမ်ကလည်း အမွေပြတ်ကြော်ငြာ ဘယ်နေ့သတင်းစာထဲ ပါမလဲ မသိ။ ရှိစုမဲ့စု စုထားတာလေးလည်း ပြောင်ပြီ။

လောလောဆယ် အဆောင်မှာနေဖို့တောင် အဆောင်လခပေးစရာမရှိ။

အဆောင်လခလောက်ကတော့ ပြဿနာမရှိပါဘူးလေ။ သူငယ်ချင်း တစ်ယောက်ဆီက ခဏဆွဲပေးလိုက်လို့ရသည်။

သက်ပြင်းခပ်လေးလေးက ပထမဆုံး မိတ်ဆက်သည်။

✤ ○ ✤

"သင်းကို အမွေပြတ် စွန့်လွှတ်ကြောင်း ကြော်ငြာထည့်မယ်"

ထူးနီအစ်မတွေ ပေါက်ကွဲနေကြသည်။ ထူးနီအမေကတော့ တရှုံ့ရှုံ့ငိုလို့။ မန္တလေးမှာ ဘာမှ စကားမလွှန်ထားပါ။ တမင် ထူးနီကို အပိုင်ဝိုင်းချုပ်ကြတာ။ မရတော့လည်း အေးအေးဆေးဆေးပဲ အလှူသွားပြီး ပြန်လာလိုက်တာပေါ့။ ရွှေပွဲ့တို့အိမ်သားတွေကတောင် သူတို့သားအမိ အကုန်လာလို့ ဝမ်းသာနေတာ။ ထူးနီ ပြန်သွားတာကိုလည်း ကြည့်ကောင်းအောင် ပြောလိုက်ရသည်။

"နေဦး မမကြီး၊ ထူးနီကို အမွေမပြတ်ခင် ဟိုမိန်းမကို သွားရန်တွေ့ပစ်မယ်၊ အကြောင်းသိအောင်တော့ သွားပြောပစ်မယ်"





"ဟဲ့ ... ဟဲ့ ... ရန်တွေ့လို့တော့ မဖြစ်ဘူး။ ချော့မော့ပြောကြည့်တာပေါ့။ အချိုသပ်ကြည့်တာပေါ့"

"ဒါဆိုလည်း အခု သွားမယ်၊ တော်ကြာ လက်မှတ်တွေဘာတွေ ထိုးပစ်လို့ မမီဘဲ နေမယ်"

"သူ့အဆောင်ကိုပဲ သွားကြတာပေါ့"

"မေမေရော လိုက်ခဲ့လေ"

သားအမိတွေ မေမင်း အဆောင်ကို လိုက်သွားသည်။ မန္တလေးက ပြန်ရောက်ရောက်ချင်း မနားနိုင်ဘဲ သွားကြတာပါ။ အဆောင်ရောက်တော့ ...

"မေမင်း မရှိဘူး။ သူ့အမေ ဆေးရုံတင်ထားရလို့ ဆေးရုံသွားစောင့်နေတယ်"

"ဘယ်ဆေးရုံမှာလဲ"

"လှိုင်သာယာတိုက်နယ်ဆေးရုံမှာ နေမှာပေါ့။ သေချာတော့ မသိဘူး"

"ဆေးရုံကို ဆက်လိုက်မလား မမကြီး"

"သမီးတို့ရယ်၊ သူ့မှာ အပူနဲ့ပါကွယ်၊ နောက်မှပဲ"

"နောက်မှဆို နောက်ကျသွားမှာစိုးလို့ မေမေရဲ့။ အခြေအနေ ကြည့်လိုက်ဦးမယ်လေ"

လှိုင်သာယာဆေးရုံကို ဆက်လိုက်သွားကြသည်။ ဆေးရုံကော်ရစ်တာမှာပဲ မေမင်းကို တွေ့ပါသည်။ သူ့နားမှာ သူ့လောက် မပြောင်ယောင်သော်လည်း သူနဲ့ ရုပ်ချင်းတူသော ကောင်မလေးတစ်ယောက်နဲ့။

"အစ်မကြီး ... ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ အမေ့ဆေးဝယ်ဖို့ ပိုက်ဆံမရှိတော့ဘူး"

"ငါလည်း စဉ်းစားနေပါတယ်ဟယ်"

"အဖေကလည်း ပိုက်ဆံသွားရှာတာ မလာသေးဘူး။ သွားသာသွားတာ၊ အဖေ့မှာလည်း ရှာစရာနေရာ မရှိဘူး အစ်မကြီးရဲ့ ... အီး ဟီး"

"စိတ်ညစ်ရတဲ့အထဲ နင်ကလည်း မငိုနဲ့ဟာ"

သူမတို့ညီအစ်မ ပြောနေတာကြားပြီး မလတ်က လက်ဖျောက်တီးကာ ...

"ဟုတ်ပြီ၊ သူ့အမေဆေးဖိုး ငွေလိုနေတယ်၊ ဒီအချိန်ငွေ ပေးပြီး ရှောင်ခိုင်းလိုက်ရင် ..."

"တော်စမ်း သမီးလတ်၊ သူတစ်ပါး အားနည်းချက်ကိုနင်းပြီး အခွင့်ကောင်းယူတာ မေမေ မကြိုက်ဘူး"





ထိုအချိန်မှာပဲ သူနာပြုဆရာမက ...

"လူနာရှင်တွေ ရှင်တို့ကို ဆေးသွားဝယ်ခိုင်းတာ ရပြီလား၊ ရှင်တို့ လူနာက အရေးပေါ် ဖြစ်နေတာနော်"

"ဆရာမရယ်၊ ဆေးရှိရင် ခဏစိုက်ပေးထားပါနော်၊ ကျွန်မတို့ ဆက်ဆက် ပြန်ဝယ်ပေးပါ့မယ်"

"ဆေးရုံမှာရှိတဲ့ဆေးဆို လုပ်ပေးလိုက်တာ ကြာပြီလေ၊ ခုက ဆေးရုံမှာမရှိတဲ့ဆေးမို့လို့ ရှင်တို့ကို ပြောနေတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာမရယ်"

ထူးနိမိခင်က မေမင်းနား သွားကာ ...

"သမီး ဆေးဖိုးအခက်အခဲ ဖြစ်နေတယ် ထင်တယ်။ ဘယ်လိုမှ မအောက်မေ့နဲ့နော် သမီး၊ အန်တီက ဇီဝိတဒါန ပြုတာပါ၊ သမီးအမေအတွက် ဆေးဖိုး သုံးလိုက်နော်"

မေမင်း မျက်ရည်တွေ ကျနေသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမဲ့ ဒီဆေးဖိုးကို လကုန်ရင် လာပြန်ဆပ်ပါရစေ အန်တီ၊ မေမင်းကို ဖုန်းနံပါတ်လေး ပေးခဲ့ပါနော်"

"ရတယ် သမီး၊ အန်တီက လျှူတာပါ၊ စိတ်သန့်သန့်နဲ့ အလှူခံပါနော်"

"အစ်မကြီး ငါယူလိုက်မယ်နော်၊ ဆေးမြန်မြန် သွားဝယ်ရမယ်"

မေမင်း ခေါင်းညိတ်တာနဲ့ သူ့ညီမက ပိုက်ဆံယူပြီး အမြန်ပြေးထွက်သွားသည်။

"ကျေးဇူးတင်ပါတယ် အန်တီရယ်၊ မေမင်းတို့လည်း တကယ်အခက်အခဲ ဖြစ်နေတာ"

မေမင်းက လက်အုပ်ကလေး တချီချီနဲ့ ခေါင်းလည်း ငုံ့လို့ ရှက်နေပုံပဲ။

"အေးပါကွယ်၊ အန်တီလည်း ကုသိုလ်ရတာပေါ့၊ ဘာမှ စိတ်ထဲမှာ မထားနဲ့၊ သမီးအမေကိုပဲ ဂရုစိုက်နော်၊ အန်တီတို့ သွားမယ်"

ပြောဖို့ဆိုဖို့ သွားတဲ့သူတွေ ဆေးဖိုးလှူပြီး ပြန်လစ်ရတော့သည်။

✣ ○ ✣





ထူးနီရဲ့မိသားစုတွေ ထူးနီမပါတဲ့ ဆွေးနွေးပွဲတစ်ခုကို အကြိတ်အနယ် ဆင်နွှဲနေကြသည်။

"ကလေးမလေးက သနားစရာပါကွယ်၊ ဒါပေမဲ့ ကိုယ့်သားလေးကို ဒီလိုမိသားစုထဲ ထည့်ပေးဖို့ကြတော့လည်း"

"မေမေရယ် ... မရှိလို့ သနားတာက သပ်သပ်ပဲ၊ မောင်လေးနဲ့တော့ သဘောမတူပါဘူး"

"လောလောဆယ် ညည်းတို့မောင် ဘယ်ရောက်နေလဲ မသိဘူး၊ ခေါင်းက ခွဲစိတ်ထားတာ မကြာသေးဘူး။ အခု ဟိုကောင်မလေးနားမှာလဲ မရှိဘူး"

"သူငယ်ချင်းဆီ သွားမှာပေါ့၊ မေမေ့သားလေးကလည်း ခေါင်းမာတယ်၊ ဘယ်လိုလုပ်မလဲ"

"ဒီကလေးကို ကြာကြာပစ်ထားလို့ မဖြစ်ဘူး၊ ပစ်ထားလို့ ဒီကောင်မလေးကိုယူရင် ကောင်မလေးမိသားစု အပူတွေ သူ့ပခုံးပေါ် ပုံကျမှာ၊ အိမ်မှာတောင် ဘာမှပူရပင်ရတာ မဟုတ်ဘူး။ ဒီကလေး ဒဏ်ခံနိုင်မှာ မဟုတ်ဘူး။ မဖြစ်ပါဘူး ပြန်ခေါ်ပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်မှ"

"မေမေ့သားက သူ့ကောင်မလေးကို ယူမှာပဲ ဆိုရင်ရော"

"ပေးစားရမှာပေါ့အေ၊ ငါတို့ ပစ်ထားလိုက်ရင် သူ ပိုဒုက္ခ ရောက်မှာ၊ ပြန်ခေါ်ပြီး ပေးစားလိုက်မယ်၊ ပြီးတော့ ကိုယ်က ဘေးကကြည့်ရှုပေးရမှာပေါ့၊ အမေတို့ရှိတော့ ကောင်မလေးဘက်ကလည်း သိပ်ဒုက္ခမပေးရဲတော့ဘူးပေါ့၊ မဟုတ်ရင် နင်တို့မောင် ဒုက္ခလုံးလုံးရောက်မယ်၊ မရှိတိုင်း သင်းကိုပဲ အပူကပ်နေမှ ဒုက္ခ။ မဖြစ်ပါဘူး။ ငါ့သားလေး ပြန်ခေါ်မှ"

"မေမေတို့ စိတ်ပျော့သွားပြီ တွေ့လား"

"မွေးထားတဲ့ သားကိုအေ၊ ကောင်းကောင်းဆိုးဆိုးတာဝန် ယူရမှာပေါ့၊ သူဌေးသမီး ပညာတတ်ကိုယူရင် ဝမ်းသာ အားရလက်ခံပြီး ဆင်းဆင်းရဲရဲ ပညာမဲ့ကိုယူလို့ အမွေ





ဖြတ်ရမယ်ဆိုတာ မှန်ရဲ့လား၊ သမီးတို့ပဲ စဉ်းစားကြည့်ပေါ့။ ဖူးစာပါလာတော့လည်း အတိတ်က ရေစက်ကြောင့်လို့ပဲ မှတ်ရမှာပေါ့။ အကြောင်းမရှိဘဲ အကျိုးမဖြစ်ပါဘူးကွယ်၊ ကဲ … သမီးတို့မောင်လေးကို ဖုန်းဆက်ခေါ်လိုက်တော့"

✤ ○ ✤

မင်္ဂလာပွဲလေး အကျဉ်းရုံးလုပ်ကာ သူတို့နှစ်ယောက်ကို အခန်းလေး ငှားပေးလိုက်၏။

မေမင်းဆန္ဒအရ အခန်းငှားပေးရတာကို ထူးနီတို့ဘက်က သိပ်မကျေနပ်လှပေမယ့် သားဖြစ်သူက တောင်းဆိုနေတာမို့ ...

"သား ... မေမေ တာဝန်ကျေတယ်နော်"

"ကျေးဇူးတင်ပါတယ် မေမေ"

"မေမေ့ကို မေမင်းကလည်း ကျေးဇူးတင်ပါတယ်၊ မေမင်းကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတာတွေလည်း ခွင့်လွှတ်ပါနော်"

မေမင်းအမေကလည်း ထူးနီအမေကို ထိုင်ကန်တော့သည်။





"ကျွန်မလည်း ကျေးဇူးတင်ပါတယ် အစ်မကြီးရယ်၊ ကျွန်မမှာ အစ်မကြီးပေးတဲ့ အသက်ပဲ ရှိပါတယ်၊ ကျွန်မသေမီးလေးကို လက်ခံပေးလို့ ပိုပြီးကျေးဇူးတင်ပါတယ်ရှင်"

ဘာပဲဖြစ်ဖြစ် ပုထုဇဉ်တွေ ဆိုတော့လည်း ကျေနပ်တာပေါ့လေ။

နောက်ဆုံးတော့ ပျော်ရွှင်စွာပဲ ဇာတ်သိမ်းလိုက်ကြလေသတည်းပေါ့။ မေမင်းညီမလေးတွေလည်း အချိန်တန် အရွယ်ရောက်ရင် သူတို့ဘဝ သူတို့တည်ဆောက်ကြမှာပါ။ လေဆိုတာ ရေလို တစ်နေရာတည်းကို အမြဲဆန်တက်နေတာမှ မဟုတ်တာလေ။ မုန်တိုင်းဆိုတာ ထန်ပေမယ့် အချိန်အကြာကြီး မတိုက်နိုင်ပါဘူး။

ကြည်နူးဆွတ်ပျံ့ဖွယ် လေပြည်လေညင်းတွေနဲ့ မသာယာဘူးတဲ့ ဘဝရယ်လို့ မရှိပါဘူးကွယ်။ အဆိုးတွေကုန်လို့ အကောင်းကြုံတဲ့တစ်နေ့မှာတော့ ထူးနီနဲ့ မေမင်းတို့ဟာ သာယာပျော်ရွှင်သော မိသားစုဘဝလေးဆီသို့ပေါ့ ...။

မွေးမြူလန်းဆန်း
ဘဝပန်းကို
ထာဝရ
ပန်ဆင်နိုင်ကြပါစေ

ရွှန်းရမိမိုး
28 th Jan' 14

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(၀)၊ ဧယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။